
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
ဆူပူအကြမ်းဖက်မှုကို မလိုလား။
ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
ခိုင်မာပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံတော် ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

9 OCT 2013

# ကြိုးသဝ်

## ဣတ္ထိယစည်း

၂၀၁၃-ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-

ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)၊ အမှတ် (၃၆၀) ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မှထုတ်ဝေ၍

အတွင်းစာသားနှင့်မျက်နှာဖုံးကို ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) အမှတ် ၁၄၀၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တွင် ရိုက်နှိပ်သည်။



ကြိုးသဝ်
ဣတ္ထိယစည်း / ကြိုးသဝ်၊ ရန်ကုန်
ဝဏ္ဏထွန်းစာပေ၊ ၂၀၁၃
(၂၄၀) စာ၊ ၁၂.၅ × ၁၈.၃ စင်တီ
ဣတ္ထိယစည်း

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

ကျွန်တော့်စာဖတ်ပရိသတ်များအတွက် စာအုပ်တိုင်းတွင်
ထိုက်တန်သော "သုတရသ" များရရှိစေရန်ကြိုးစားရေးသားလျက်
ရှိပါတယ်၊ ထိုသို့ရေးထားဖို့ရန်လည်း များစွာခက်ခဲလှပါတယ်၊
ကိုယ်ပေးလိုသောသုတတစ်ခုအတွက် စာအုပ်ပေါင်းမြောက်များစွာကို
မွှေနှောက်ရှာသည့်မျိုးလည်းရှိပါတယ်၊ သို့သော်လည်း
ကျွန်တော့်အနေဖြင့် စာအုပ်မျိုးစုံတို့နှင့်ထိစပ်ရန်မလွယ်
သူတို့အတွက် အထူးကြိုးစားကာရေးသားနေခြင်းဖြစ်ပါတယ်။
ယခုစာအုပ်အတွက်တော့
၁၃၁၆ခု၊ ပြာသိုလထုတ် ပခန်းကြီးဆရာတော် "ဦးနရိန္ဒာဘိ"
ရေးသားစီရင်ခဲ့သော "သာသနာ့ဝိဇ္ဇာပါရဂူကျမ်း"၊ "ဘဒ္ဒန္တဝေပုလ္လ
ဆရာတော်" ရေးသားစီရင်သော "ဝိဇ္ဇာစရုပကာသနီကျမ်း" နှင့်
ဝိဇ္ဇာမရကိုးစောင်တွဲကျမ်း" တို့မှအချက်အလက်တို့ကို မှီငြမ်းကိုးကား
အချိုးကျူးယူကာရေးသားခဲ့ခြင်းဖြစ်ပါကြောင်း။
စာဖတ်သူများ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။
စာဖတ်သူများမေတ္တာရိပ်အောက်မှ

ကြည်သစ်

BURMESE CLASSIC .com

## ဒဿနလက်ဆောင်

- ချစ်တဲ့လူတစ်ယောက်အကြောင်းကို
တွေးနေဖို့ အချိန်မပေးပါနှင့်၊
ဘာကြောင့်လည်းဆိုတော့
ချစ်တဲ့သူအကြောင်း တွေးတဲ့အခါ
အချိန်မလုံလောက်မှာ စိုးလို့ပါ. . .။

- လှိုင်းဘယ်လောက်ကြီးကြီး
သွားရမယ့်လမ်း ရှိပါတယ်၊
တောင်ဘယ်လောက် မြင့်မြင့်
တက်နိုင်မယ့်လမ်း ရှိပါတယ်၊
အခက်အခဲ ဘယ်လောက် တွေ့တွေ့
ကျော်ဖြတ်နိုင်တဲ့နည်းလမ်း ရှိပါတယ်. . .။

- နေထွက်လာတဲ့အချိန်မှာ
အကူအညီပေးမယ့်သူကို မျှော်လင့်မနေပါနဲ့၊
နေဝင်သွားတဲ့အခါ
အမှောင်ထဲမှာ နေရပါလိမ့်မယ်. . .။

www.burmeseclassic.com

www.burmeseclassic.com

## အသနှလက်ဆောင်

* လူတစ်ယောက်အတွက်
စိတ်ကူးနှင့် ရှုးသွပ်မှုပေါင်းများစွာကို
ပြုလုပ်ခွင့် ရှိပါတယ်၊
ဒါပေမယ့် ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်
တကယ် ပြုလုပ်ရမှာကတော့
များများမရှိနိုင်ပါဘူး။

* ရောဂါတစ်ခုဖြစ်လာရင်
ဘာကြောင့်ဖြစ်တယ်ဆိုတာထက်၊
ဘယ်လိုသက်သာအောင် ကုမယ်ဆိုတာကို
အရင်ဆုံးဖြတ်ချက်ချရမှာဖြစ်ပါတယ်။

* ဘဝမှာ စွဲလန်းစရာတွေ
အများကြီး တွေ့ရတတ်ပါတယ်၊
ဒါပေမယ့် အသည်းနှလုံးထဲမှာ
စွဲကျန်ခဲ့တာတော့
များများရှိမှာမဟုတ်ပါဘူး။

BURMESE CLASSIC .com

## အသနှလက်ဆောင်

* ဘာလိုချင်မှန်းမသိ
ဘာလုပ်ရမှန်းမသိတော့ရင်
သင်ဟာ ဘယ်လိုလူစားလည်းဆိုတာ
ပြန်လည်ဆန်းစစ်သင့်ပါတယ်။

* "မှန်"တော့မှန်ပါပဲ
ဒါပေမဲ့ မျက်နှာတစ်ဘက်
ပြောင်းပြန်လှည့်နေရင်
"မှန်"ဆိုပေမဲ့ မမှန်နိုင်ပါဘူး။

* ခေါင်းငုံ့ထားရင် အခွင့်အရေးအားလုံးဆုံးရှုံးပြီး
သူတစ်ပါးနိပ်စက်တာ ခံရတယ်၊
ခေါင်းမော့ပြီးမျက်နှာချင်းဆိုင်ရင်
အခွင့်အရေးတစ်ဝက် ရနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင်ပါဝင်သောအခန်းများ


**အခန်း (၁)** ရသေ့ခိုတောင်မှဆန်းကြယ်မှုများ
**အခန်း (၂)** ဂန္ဓာရီစခန်းအဖျက်လမ်း
အခန်း (၃) အဖျက်ဝိဇ္ဇာဆိုသည်မှာ
အခန်း (၄) ကျောက်လက်ဝါးနှင့်ထူးဆန်းသောအသံ
အခန်း (၅) ရသေ့ကျချောက်မှတရားခံ
အခန်း (၆) ကဖျက်ယဖျက် မမွှန်ရာယ်
အခန်း (၇) ရသေ့ခိုဆရာတော်နှင့်ထူးဆန်းသောညှေ့သည်များ
အခန်း (၈) ဝိဇ္ဇာမိုရ်လောကနှင့်ဆေးပင်များ
အခန်း (၉) ကျောက်လက်ဝါးဂူမှဆန်းကြယ်မှုများ
အခန်း(၁၀) ကျောက်တစ်လုံးတောင်ကြားမှ ပရလောကသား
အခန်း(၁၁) အဆင်းခက်၍အတက်ကြမ်းသော အမှောင်လမ်း
အခန်း(၁၂) အမှောင်ထဲမှအသက်လုပွဲ
အခန်း(၁၃) စည်းအတန်တန်ခြားသောဝိဇ္ဇာလမ်း
အခန်း(၁၄) ဣတ္ထိယစည်း
အခန်း(၁၅) ချစ်သူတို့အတွက်အချစ်စည်း


# အခန်း ( ၁ )

## ရသေ့ခိုတောင်မှ ဆန်းကြယ်မှုများ

BURMESE CLASSIC .com

အရှေ့ဘက်တွင် ကျိုက်ထီးရိုးတောင်တန်းကြီးက မှိုင်းမှိုင်းညို့ညို့ဖြင့် တည်ရှိနေလေသည်။

တောင်ထိပ်နှင့် တောင်ခါးပန်းတလျှောက်တွင် မြူခိုးငွေ့များ ရစ်သိုင်းနေရာ အချို့နေရာများသို့ မမြင်ရပေ။

မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် သစ်တောကြီးများ ဖုံးအုပ်ထားသော တောင်မြင့်ကြီးများ အများအပြားရှိရာ ပုပ္ပားတောင်မကြီးနှင့် ကျိုက်ထီးရိုးတောင်တန်းကြီးတို့မှာ လူသိများကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

သူတော်စင်များ၊ ထွက်ရပ်စခန်း ကြွမြန်းရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းသူများ၏ ဂန္ဓာရီစခန်းများ ဖြစ်သောကြောင့်ပင်။

ပုပ္ပားတောင်မှာရော ကျိုက်ထီးရိုးတောင်မှာပါ ထွက်ရပ်လမ်းအတွက် လာရောက်ကြိုးပမ်းကြသော သူတော်စင်ပုဂ္ဂိုလ် အများအပြား ရှိကြသည်။

ထိုပုဂ္ဂိုလ်တို့မှာ မူလရည်ရွယ်ချက်အတိုင်း ပေါက်မြောက်အောင်မြင်သွားကြသူများ ရှိသလို. . .

အန္တရာယ်အယှက်၊ အဖျက်အဆီးများကြောင့် ရည်ရွယ်ချက် မအောင်မြင်သူတို့လည်း အများအပြား ရှိခဲ့ကြသည်။

ထွက်ရပ်ပေါက်စခန်း၊ ဂန္ဓာရီလမ်းဆိုသည်မှာ များစွာကြမ်းတမ်းသောလမ်း ဖြစ်သည်။

ထိုလမ်းကို လိုက်ပြီဆိုရင် သာမန်အဆင့်ဆိုလျှင် မည်သည့် အန္တရာယ်အယှက်မျှ မတွေ့ရပေ။

အတော်အသင့် ခရီးပေါက်ပြီး အဆင့်တစ်ခုသို့ ရောက်လာပြီဆိုလျှင်တော့ အနှောက်အယှက် အဖျက်အဆီးက ရောက်လာတတ်ကြပေသည်။

တစ်ခါက ဆရာတော်ကြီးတစ်ပါးကို တရားအားထုတ်နေသော ရဟန်းတစ်ပါးက လျှောက်ထားဖူးသည်။

"အရှင်ဘုရား အခြားပုဂ္ဂိုလ်တို့မှာ တရားအားထုတ်သည့်အခါ အနှောက်အယှက်တို့နှင့် တွေ့ကြုံရသည်ဟု သိရပါသည်၊ တပည့်တော် တရားအားထုတ်နေတာတော့ မည်သည့်အနှောက်အယှက်မှ မတွေ့ရသေးပါ။ ဘယ်လိုအကြောင်းကြောင့်ပါလည်း ဘုရား"





ထိုအခါ ဆရာတော်ကြီးက ခတ်တိုတိုပင် ပြန်လည်မိန့်ကြားလိုက်သည်။

"မင်းလုပ်နေတာ ဘာမှမဖြစ်သေးလို့ ဘာမှမဖြစ်သေးတာပါ။ ပေါက်မြောက်လာရင် နှောက်ယှက်မယ့် အနှောက်အယှက်တွေက အရံသင့် ရှိကြပါတယ်"

ထိုအခါမှ တပည့်ရဟန်းလည်း သဘောပေါက်သွားကာ ဆရာတော်ကြီးအား ကန်တော့ပြီး ပြန်ထွက်လာသည်။

စိတ်ထဲမှာလည်း. . .

"အော် . . ငါလုပ်နေတာ ဘာမှမဖြစ်သေးလို့ ဘယ်လို အနှောက်အယှက်မှ မတွေ့ရသေးတာလို့ ဆရာတော်ကြီးက မိန့်လိုက်တာပဲ၊ ဒီတော့ ငါ ဒီထက်ပိုပြီး ကြိုးစားမှ ဖြစ်တော့မယ်"

ဟု ဆုံးဖြတ်ပြီး ထပ်မံကြိုးစားသောအခါမှ ပေါက်မြောက်အောင်မြင်သော အဆင့်သို့ ရောက်သွားခဲ့လေသည်။

ထိုကဲ့သို့ အောင်မြင်ပေါက်မြောက်ခဲ့သော ပုဂ္ဂိုလ်များရှိတို့ ရှိခဲ့သလို လမ်းခုလတ်မှာပင် အဖျက်နှင့် တွေ့သဖြင့်ပျက်စီးခဲ့ရသူတို့လည်း များစွာရှိကြလေသည်။

ရည်ရွယ်ချက် မရောက်ဘဲ ထိုကဲ့သို့ လမ်းခွတ်လပ်မှာတင် ပျက်စီးပါက ရှုးသူရှုး၊ အသက်သေသည်အထိ ခံသူတွေခံကြရသည်။

တကယ်ဆိုရင် ဂန္ဓာရီဝိဇ္ဇာလမ်းကို လျှောက်လှမ်းသောတိုင်းမှာ အပြောလွယ်သလောက် လက်တွေ့လုပ်ကြည့်လျှင်များစွာ ခက်ခဲလှသည့်အလုပ်ဖြစ်ကြောင်း လုပ်ဖူးသူတိုင်း သိကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရှေ့တွင် ဆရာတော်ကြီး မိန့်ကြားခဲ့သလိုပင် . .

"ဘာမှ မဖြစ်သေးရင် ဘာမှမဖြစ်ဘူး"

ဆိုသည့်အတိုင်း မိမိကိုယ်ကို ဝိဇ္ဇာလိုလို၊ ဘိုးတော်လိုလို ထင်နေပြီး ယခုအချိန်ထိ ဘာမှ နှောက်ယှက်မှုမျိုးနှင့် မတွေ့ရသေးဘူးဆိုလျှင်တော့ ဘာမှမဖြစ်သေးဟုသာ ရိုးသားစွာ သဘောပေါက်ထားလိုက်ရပါမည်။

"ငါတော့ ဘယ်နေရာမှာ ဘယ်လိုအနှောက်အယှက်မျိုးတွေနှင့် ကြုံခဲ့ရပြီ"

ဟု လူကြားကောင်းအောင် ပြောနေမည့်အစား ထပ်မံကြိုးစားခြင်းဖြင့်သာ အချိန်ကို အသုံးချရပေမည်။

ဝိပဿနာလမ်းစဉ်ပဲသွားသွား၊ မဟာဂန္ဓာရီလမ်းစဉ်ပဲလိုက်လိုက်၊ တစ်စုံတစ်ခု အဆင့်ထိ ပေါက်မြောက်နေပြီဆိုပါက မိမိ အရည်အချင်းကို စာမေးပွဲစစ်သလို စစ်ဆေးကြမည့် အဖျက်ဝိဇ္ဇာတို့နှင့် မလွဲမသွေ တွေ့ကိုတွေ့ကြရပါလိမ့်မည်။

ခံနိုင်ရည်ရှိသူက ထိုအဆင့်ကို ကျော်လွှားသွားနိုင်ကြပြီး ခံနိုင်ရည်မရှိလျှင်တော့ ထိုနေရာမှာပင် ပြုတ်ကျပြီးနောက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရပေမည်။

ရှေ့အခန်းများမှာတော့ မဟာဂန္ဓာရီလောကမှ အဖျက်ဝိဇ္ဇာများ အကြောင်းကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါမည်။

မြန်မာနိုင်ငံတွင် မြင့်မားလှသော တောင်မြင့်ကြီးအချို့ရှိကြသော်လည်း ပုပ္ပားတောင်မကြီးနှင့် ကျိုက်ထီးရိုးတောင်





တန်းကြီးကတော့ လူသိများကြသည်။

ကျိုက်ထီးရိုးတောင်တန်းကြီးကတော့ 'ကျိုက်ထီးရိုးစေတီတော်' ရှိသဖြင့် လူသိများခြင်း ဖြစ်သလို ပုပ္ပါးတောင်မကြီးကတော့ ပုပ္ပါးတောင်ကလပ် ရှိခြင်းနှင့် မဟာဂန္ဓာရီစခန်းများရှိခြင်းကြောင့် လူသိများခြင်း ဖြစ်ပေသည်။

ကျိုက်ထီးရိုးတောင်မကြီး၏ အနောက်ဘက် အပါအဝင် ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း အခြားတောင်မြင့်ကြီးများက ဝန်းရံထားလေသည်။

ထိုတောင်များမှာလည်း ဂန္ဓာရီစခန်းများ ရှိကြသလို အဓိဋ္ဌာန်ဝင်ပြီး ကျင့်ကြံအားထုတ်နေကြသည့် လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့ ရှိကြသည်။

ကျိုက်ထီးရိုးတောင်၏ အနောက်ဘက်ယွန်းယွန်းတွင် ရသေ့ခိုတောင်ရှိသည်။

တောင်တက်ကားလမ်းမှ လှမ်းမြင်ရသော 'ရသေ့တောင်' မဟုတ်ပေ။

ရသေ့ခိုတောင်က အနောက်တောင်ဘက် ခရီးအတော်ဝေးကွာသောအရပ်၌ ရှိလေသည်။

ရသေ့ခိုတောင်နှင့် ကျိုက်ထီးရိုးတောင်မှာ ကြားထဲတွင် ဝက်ဝံတောင် ခြားနေသဖြင့် တစ်နေရာနှင့်တစ်နေရာ အလုံးစုံမမြင်ရပေ။

ညအချိန် ရသေ့ခိုမြောက်ဘက်တောင်စွန်းမှ လှမ်းကြည့်လျှင်တော့ ကျိုက်ထီးရိုးစေတီတော်မှ မီးရောင်များကို မြင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။

ရသေ့ခိုတောင်ဟု အမည်တွင်ရခြင်းမှာ လွန်ခဲ့သော နှစ် ပေါင်းတစ်ရာကျော်ခန့်က ဆရာတော်ကြီးတစ်ပါး ကြွရောက် သီတင်းသုံးခဲ့ရာမှ ထိုအမည် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဆရာတော်ကြီး တောင်ထိပ်ပေါ်၌ ကျောက်ဂူစေတီ တစ်ခုတည်ပြီး ဂူရှစ်ပေါက်ထားသည်။

ထိုဂူများထဲတွင် သီတင်းသုံးကာ တရားအားထုတ်ခြင်း ဖြစ်လေသည်။

လွန်ခဲ့သောအချိန်က ထိုတောင်ပေါ်သို့ လူသူအ ရောက် အပေါက်နည်းသည်။

သစ်ပင်ကြီးများနှင့် ဝါးတောကြီးများက တိုးမပေါက် အောင် ရှိကြသည်။

ဝါးပိုးဝါး၊ မျှစ်ဝါး၊ တင်းဝါး၊ ထီးရိုးဝါး စသော ဝါးမျိုးစုံ တို့ ပေါလှသည်။

ဝါးတောကြီးများမှာ စေ့နေသဖြင့် တစ်နေရာမှတစ်နေ ရာ သွားလာရန်ပင် မလွယ်လှပေ။

ကျား၊ ကျားသစ်၊ ဝက်ဝံ၊ မြွေ၊ တောဝက် စသော တော တိရစ္ဆာန်တို့ကလည်း ပေါလှသည်။

ထိုတောင်များ၏တောင်ခြေတွင် ရွာအချို့ ရှိကြသည်။

အများအားဖြင့်တော့ ကရင်လူမျိုး အများစုနေကြသည့် ကရင်ရွာများဖြစ်သည်။

ကင်ပွန်းစခန်းရွာ၊ ထောင်တိုင်ကြီးရွာတို့လောက်သာ





ရသေ့ခိုတောင်နှင့် နီးသဖြင့် ထိုတောင်ခြေ၌ နေကြသူများက တောင်ပေါ်တက်ပြီး ဝမ်းစာရှာဖွေကြသည်။

ကရင်များက အမဲလိုက်ခြင်း၊ ဝါးခုတ်ခြင်း၊ မျှစ်ချိုးခြင်း နှင့် အခြားအသီးအနှံများ ရှာဖွေရန် တောင်ပေါ်တက်လာကြ လေသည်။

တောင်ပေါ်တွင် အလေ့ကျပေါက်နေသော ဒူးရင်းပင်၊ ခရမ်းပင်၊ ပိန္နဲပင်၊ ဒညင်းပင် များစွာတို့ ရှိရာ မိုးဦးကျ ရာသီရောက်၍ ထိုအပင်များမှ အသီးအနှံများထွက်သော အချိန် တွင် တောင်ခြေမှာ နေကြသူတို့က တောင်ပေါ်တက်ကာ မျှစ်ချိုး ခြင်း၊ အသီးအနှံ ရှာဖွေခူးဆွတ်ခြင်းများ ပြုလုပ်ကြသည်။

အချို့လည်း မျှစ်နှင့် အသီးအနှံများများရပါက ကျိုက် ထိုဈေးသို့သော်လည်းကောင်း၊ ကင်ပွန်းစခန်းသို့ ရောက်လာ သော ဘုရားဖူးဧည့်သည်များကိုသော်လည်းကောင်း ရောင်းချ စားသောက်ကြသည်။

၎င်းတို့အနေဖြင့် ထိုကဲ့သို့ အသီးအနှံ ရှာဖွေကြရာမှာ အန္တရာယ်များလှသည်။

မိုးဦးကျ မျှစ်ပေါချိန် ရောက်သည်နှင့် မျှစ်ကြိုက်သော တောဝက်အပါအဝင် တောတိရစ္ဆာန်တို့က ဝါးတောအတွင်း ရောက်လာကြသည်။

ထိုတောတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ရန် အခြား ကျား၊ ကျားသစ်တို့ကလည်း ဝါးရုံတောများ ရောက်လာလေ့ရှိ သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တီရွာန်ကြီးများက ဝါးမျှစ်ကို မကြိုက်ကြသော် ဆင်၊ သောလတေး ဒရယ် စသော တိရစ္ဆာန်များ အသားကို နှစ်သက်ကြသောကြောင့် လာရောက် ချောင်းမြောင်းကြခြင်း ဖြစ်သည်။ ထိုအခါ မျှစ်ချိုးရန် တက်လာကြသည့် လူများနှင့် တွေ့တာ လူကိုပင် ရန်မူတတ်ကြလေသည်။

မိုးဦးကျ ရာသီရောက်လျှင် ပိန္နဲသီးများကလည်း လှိုင်လှိုင်ပေါ်လေပြီ။

ပိန္နဲသီးကြိုက်သော ဝက်ဝံများက ပိန္နဲသီးမှည့် ရှိသော အပင်တို့ကို လိုက်လံရှာဖွေကြသည်။

ကျိုက်ထီးရိုးတောင်တန်း အပါအဝင် ထိုပတ်ဝန်းကျင် တစ်ဝိုက်မှာရှိသော တောင်များပေါ်၌ ပိန္နဲပင်များ ပေါလှသည်။

ပိန္နဲသီးပေါ်ချိန် ရောက်ပါက တောတစ်တောလုံး ပိန္နဲသီးမှည့်အနံ့များ မွှေးနေတတ်သည်။

တောင်များပေါ်တွင် ပိန္နဲပင်၊ ပိန္နဲသီးများ ပေါလှသလို ဝက်ဝံများကလည်း ပေါလှသည်။

ထို့ကြောင့် ကျိုက်ထီးရိုးတောင် အနောက်ဘက်၊ ရသေ့ခိုတောင်နှင့် မဝေးလှသော တောင်တစ်တောင်ကို ဝက်ဝံတောင်ဟု အမည်ပေးထားကြခြင်း ဖြစ်သည်။

ဝက်ဝံများက ပိန္နဲသီး ရှာဖွေရာတွင် လူတို့ထက် ပိုတော်သည်။

လူတို့က မျက်စိဖြင့် ကြည့်ပြီး လိုက်ရှာကြရသည်။

ဝက်ဝံက အနံ့ခံကြည့်ရုံဖြင့် ဘယ်နေရာမှာ ပိန္နဲသီးမှည့်





နေသည်ကို သိနိုင်ကြသည်။

'နှတ်ဝှက်ထားသော အသီး' ဟု ခေါ်ကြသည်။

မြေကြီးအတွင်း၌ ပိန္နဲပင်အမြစ်၌ သီးသော ပိန္နဲသီးကို တော်ရုံလူတို့ ရှာမတွေ့နိုင်ပေ။

ပိန္နဲသီးရင့်လာပြီး မြေကြီးအက်လာကာ အနံ့ထွက်လာလျှင် ထိုနေရာတွင် ယင်ကောင်နှင့် ပျားကောင်ကြီးများ ဝိုင်းအုံနေတတ်သည်။

ထိုအခြေအနေရောက်မှ အချို့ကံကောင်းသူများက ဝက်ဝံများအရင် ရှာတွေ့ပြီး ထိုအသီးမျိုးစားရသည်။

အတော်များများမှာတော့ ပိန္နဲသီးမှည့်ရုံသာ ရှိသေးသည်။ ဝက်ဝံက အရင်ရောက်လာပြီး တူးဖော်စားသောက်သွားသောကြောင့် မြေကျင်းသာ ကျန်ခဲ့တတ်လေသည်။

တောင်ပေါ်တွင် မျှစ်ပေါ်ချိန် ရောက်လာလျှင် အခြားတိရစ္ဆာန်များ အန္တရာယ်နှင့် တွေ့နိုင်သလို ပိန္နဲသီးပေါ်ချိန် ရောက်လျှင်လည်း ဝက်ဝံများနှင့် တွေ့ရလေ့ရှိသဖြင့် အန္တရာယ်များလှသည်။

သို့သော်လည်း ဝမ်းစာရှာဖွေသူများကတော့ သူ့အသက်ကိုယ့်အသက် ပမာနမထားဘဲ ဝမ်းစာအတွက် တက်ရောက်ရှာဖွေကြရသည်။

ရှေးအခါက ယခု ရသေ့ခိုတောင်ဟု အမည်တွင်နေသောတောင်မှာ မူလနာမည် ရှိခဲ့လေသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်အချိန်က ထို



www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်ပေါ်သို့ ဆရာတော်တစ်ပါး ကြွရောက်ကာ တရားအားထုတ်နေလေသည်။

ထိုတောင်ထိပ်ပေါ်မှာလည်း သဘာဝအတိုင်း ပေါက်နေသော အသီးအနှံပင်များ ရှိလေသည်။

ကင်ပွန်းစခန်းနှင့် ထောင်တိုင်ကြီးရွာမှာ နေကြသော ကရင်များက တောင်ထိပ်ပေါ်သို့ ရောက်လာသောအခါ ဝါးကျောင်းတစ်ကျောင်းဖြင့် သီတင်းသုံးနေသော ဘုန်းကြီးတစ်ပါးကို တွေ့သောအခါ များစွာ အံ့သြကြလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိုတောင်ထိပ်တွင် သားရဲတိရစ္ဆာန်တို့ကို မကြာခဏ တွေ့ကြရသောကြောင့် ဖြစ်သည်။

နောက်တွင် ထိုဘုန်းကြီးက လိုအပ်သော ပစ္စည်းများအား ကရင်များနှင့်မှာရာ ၎င်းတို့ကလည်း သယ်ယူလာပေးကြသည်။

နောက်တော့ တောင်ထိပ်အလယ် နေရာလောက်တွင် အတော်အတန်ကြီးသော ကျောင်းတစ်ဆောင်ဆောက်သည်။

ကျောင်းရှေ့၌ မီးဖိုတစ်ဖို ဖိုထားပေးရာ ညအချိန်ရောက်သောအခါ တောတိရစ္ဆာန်များ ရောက်လာပြီး မီးလှုံကြသည်။

တောတိရစ္ဆာန်တို့က ဘုန်းကြီးအား မည်သည့်အန္တရာယ်မှ မပေးကြပေ။

မိုးရာသီရောက်ပြီး မိုးများလာလျှင် မီးပုံကို ကျောင်း





အောက်ဘက်တစ်နေရာ၌ ရွှေ့ထားရာ တိရစ္ဆာန်တို့က မီးပုံရှိရာ ကျောင်းအောက်သို့ပင် ရောက်လာပြီး နေကြသည်။

ဘုန်းကြီးက တရားအားထုတ်သည့်အခါ အားထုတ်ပြီး ဖိုထိုးသည့်အခါ ထိုးသည်။

တစ်နေ့သည်၌ ဖိုရုံထဲမှာ ဖိုထိုးနေစဉ် အသက်ကြီးလှသော လူကြီးတစ်ယောက် ရောက်လာလေသည်။

ဆံမြိတ်တစောင်းထုံးထားပြီး နှုတ်ခမ်းမွေးများပါသည်။

ပုဝါတစ်ထည် ခေါင်းပေါင်းထားပြီး ရင်စေ့အကျီနှင့် တောင်ရှေပုဆိုးတစ်ထည်ကို ဝတ်ထားလေသည်။

မြင်လိုက်သည်နှင့် ရှေးလူကြီးတစ်ယောက် ဖြစ်မှန်း သိသာလေသည်။

ဧည့်သည်က ကျောင်းထဲရောက်လာတော့ ဘုန်းကြီးက ဖိုဆွဲနေရာမှရပ်ကာ ဧည့်ခံလေသည်။

ဘုန်းကြီးက အတော်အသင့် ခရီးပေါက်နေပြီ ဖြစ်သဖြင့် ဧည့်သည်ကြီးကို ကြည့်ရုံဖြင့် သာမန် မဟုတ်မှန်း သိလေသည်။

တောင်မြင့်ပေါ်သို့ တက်လာသည့်တိုင် မောသည်းမမော၊ ချွေးလည်းမထွက်ဘဲ ရှိလေရာ သာမန်လူတစ်ယောက် မဟုတ်မှန်း ရိပ်မိလေသည်။

"ဘယ်က လာခဲ့တာလဲ"

"ကျိုက်ထီးရိုးတောင်ဘက်ကပါ ဘုရား"

"ဒကာကြီးက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ပိုင်ဘိုးဘိုးကြီးပါ ဘုရား"

"ဘာအကြောင်းကိစ္စ ရှိလို့ ဒီနေရာ ရောက်လာတာလဲ"

"အရှင်ဘုရားကို လျှောက်စရာ ရှိလို့ပါဘုရား၊ တခြားတော့ မဟုတ်ပါဘူး၊ အရှင်ဘုရား ဒီတောင်ပေါ်မှာပဲ တရားအားလုပ်လုပ်ရင်းနဲ့ အမြဲနေပါဘုရား"

"တတ်နိုင်သလောက်တော့ ကြိုးစားပေးပါမယ်"

"ဒီတောင်က သာမညတောင် မဟုတ်ပါဘုရား၊ အကျင့်သီလ မပြည့်စုံတဲ့လူတွေ နေလို့မရဘူး၊ နေခွင့်မရနိုင်တဲ့ အထိကရ နေရာတစ်ခု ဖြစ်ပါတယ်"

"ဘယ်လိုအကြောင်းတွေ ရှိနေလို့လဲ"

"သိုက်စောင့်တွေလည်း ရှိတယ်၊ အဖျက်ဝိဇ္ဇာတွေလည်း ရှိပါတယ်၊ တော်ရုံဆိုရင် အဖျက်ဝိဇ္ဇာတွေ သီလစမ်းတာနဲ့ ပြန်ပြေးရတာပါပဲ"

"အဖျက်ဆိုတာ နေရာတကာမှာ ရှိကြတာပဲလေ"

"ဒီနေရာမှာရှိတဲ့ အဖျက်တွေက ပိုပြီးကြမ်းပါတယ်၊ အကျင့်သီလ မပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးဆိုရင် နေလို့မရပါဘူး၊ ဒါကြောင့် အရှင်ဘုရားအနေနဲ့ ဒီတောင်မှာပဲ နေပြီး၊ ကျင့်ကြံအားထုတ်ရမယ့် ကိစ္စတွေ၊ ပြုလုပ်ဆောင်ရွက်နေတဲ့ ကိစ္စတွေကို ဆက်လက်ဆောင် ရွက်ပါဘုရား၊ တပည့်တော်တို့လည်း တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပေး ပါမယ်ဘုရား"

ဟု လျှောက်ထားရာ ဘုန်းကြီးက တတ်နိုင်သမျှ နေပေးပါမည်ဟု ကတိပေးလိုက်သောအခါမှ ကျိုက်ထီးရိုးတောင်





ပိုင်ဘိုးဘိုးကြီးလည်း ပြန်သွားလေတော့သည်။

နောက်ပိုင်းမှာတော့ ဖိုထိုးသောကိစ္စများမှာ ပိုမိုအဆင်ပြေလာသဖြင့် ရွှေဖြစ်၊ ငွေဖြစ် လမ်းစဉ်ကို ပြီးမြောက်ခဲ့လေသည်။

တစ်ပါးတည်း တောင်ပေါ်မှာ ရှိနေစဉ် အမျိုးသမီးအ[illegible] ရောက်လာပြီး ဆွမ်း၊ သစ်သီးများ လာရောက်လှူဒါန်းကြသည်လည်း ရှိသည်။

"ဘယ်က လာကြတာလဲ"

"တပည့်တော်တို့က ဒီတောင်မှာပဲ နေကြတာ အတော်ကြာပါပြီဘုရား"

ဒီတော့မှ သဘောပေါက်သွားလေသည်။

"ဒီတောင်ရဲ့အမည်က ဘယ်လိုခေါ်သလဲ"

"ကျောက်လုံးတော်ကြီးတောင်လို့ ခေါ်ပါတယ် ဘုရား၊ ဒီတောင်ပေါ်ကနေ အရှေ့ဘက်ကို ဆင်းသွားရင် တစ်ခေါ်လောက်ဝေးတဲ့နေရာမှာ တောင်စောင်း ကျောက်ဖျာစွန်းပေါ်မှာ တင်ရုံလေးတင်နေတဲ့ ကျောက်လုံးတော်ကြီး ရှိပါတယ်၊ ကျိုက်ထီးရိုးစေတီတော် တည်ထားတဲ့ ကျောက်လုံးတော်ကြီးနဲ့ အရွယ်တူ ပုံပန်းသဏ္ဌာန်လည်း တူပါတယ် ဘုရား"

"ဘယ်လိုကြောင့် ဒီနေရာ ရောက်နေတာလဲ"

"တိဿရသေ့ကြီးရဲ့ ဦးခေါင်းပေါ်မှာထားတဲ့ ဆံတော်ကို ဘုရားတည်ပြီး ဌာပနာထည့်ဖို့ သိကြားမင်းက လာရောက်လျှောက် ထားတဲ့အခါ တိဿရသေ့ကြီးရဲ့ ဦးခေါင်းပုံသဏ္ဌာန်နဲ့

www.burmeseclassic.com



တူတဲ့ ကျောက်လုံးတော်ကြီးကို ရှာဖွေပေးဖို့ ပြောပါတယ် ဘုရား"

"မှန်ပါတယ်"

"သိကြားမင်းက သမုဒ္ဒရာစောင့် မဏိမေခလာရေနတ်သမီး အကူအညီနဲ့ ကျောက်လုံးတော်ကြီးတွေ ယူလာပြီး ကျောက်စွန်းပေါ်မှာ တင်ပြတဲ့အခါ ပထမကျောက်လုံးနဲ့ ဒုတိယကျောက်လုံးကို မနှစ်သက်ဘဲ တတိယကျောက်တုံးကို နှစ်သက်သဖြင့် ဆံတော်ရှင်ကို ဌာပနာထည့်ပြီး ကျိုက်ထီးရိုးစေတီတော်တည်ထားတော်မူခဲ့ခြင်း ဖြစ်ပါတယ်ဘုရား"

"မှန်ပါတယ်"

"ကျန်တဲ့နှစ်လုံးကို အဓိဋ္ဌာန်ပြုပြီး စွန့်ပစ်တဲ့အခါမှာ တစ်လုံးက အခြားတစ်နေရာ ရောက်သွားပြီး တစ်လုံးက ဒီကျောက်ဖျားစွန်းမှာ လာတင်နေခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဒီတောင်က ကျောက်လုံးတော်ကြီးတောင်လို့ အမည်တွင်လာခဲ့ခြင်းဖြစ်ပါတယ် ဘုရား"

ထိုစကားကြားသောအခါ ဘုန်းကြီးမှာ များစွာ စိတ်ဝင်စားသွားလေသည်။

"တစ်ချိန်ကျရင် ကျောက်လုံးတော်ကြီးပေါ်မှာ စေတီတော်တစ်ဆူ တည်ပေးပါဘုရား၊ တပည့်တော်မတို့လည်း ဝိုင်းဝန်းအကူအညီပေးပါ့မယ်"

ဟု ပြောဆိုလျှောက်ထားပြီးနောက် ပြန်သွားကြလေတော့သည်။





ဘုန်းကြီးလည်း တောင်ပေါ်မှာ နေရင်း အားထုတ်မှုပြုရာ ပေါက်မြောက် အောင်မြင်ခြင်းသို့ ရောက်ခဲ့ရပေသည်။

သူနေထိုင်စဉ်က တောင်ထိပ်ပေါ်မှာ စိုက်ပျိုးထားခဲ့သည့် သရက်ပင်၊ ပိန္နဲပင်၊ မရမ်းပင်၊ ဒညင်းပင်တို့မှာ ဖြစ်ထွန်းနေလေသည်။

နောက်ပိုင်း တောင်ခြေရွာများမှ လူများ အကူအညီဖြင့် တောင်ထိပ်ပေါ်မှာ ကျောင်းဆောက်ခြင်း၊ တရားအားထုတ်ရန်ဂူများနှင့် သက်ဆိုင်ရာ နေရာများမှာ စေတီတည်ခြင်းများ ပြုလုပ်ပေးခဲ့သည်။

ထိုပုဂ္ဂိုလ်မှာ သိဒ္ဓိပေါက်သောအဆင့် ရောက်ရှိခဲ့သဖြင့် ရွှေငွေတို့ကို လိုသလောက် သုံးစွဲခွင့်ရှိရာ တောင်ခြေရွာမှ လူများတို့ လိုသော ရွှေငွေပေးပြီး စေခိုင်းသဖြင့် အတက်အဆင်း ခက်လှပြီး မြင့်မားလှသော တောင်ပေါ်တွင် အဆောက်အဦးနှင့် စေတီများ တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

တရားတော်ကြီး ပြုလုပ်ခဲ့သော တရားထိုင်သည့်ဂူမှာ အဝိုင်းပုံသဏ္ဌာန် ဖြစ်ပြီး ဂူပေါက်ရှစ်ပေါက် ရှိသည်။

ရာသီဥတု ဆိုးဝါးသော အချိန်များတွင် ဆရာတော်ကြီးက ဂူပေါက်တစ်ပေါက်ထဲမှာ ဝင်ပြီး တရားအားထုတ်နေလျှင် ကျန်သည့် ဂူပေါက်များထဲမှာ မြွေ၊ ကျား၊ ကျားသစ် စသည်တို့ ဝင်ရောက်နေတတ်လေသည်။

ထိုတိရစ္ဆာန်တို့က အလုပ်လုပ်ရန် လာသူများ ရောက်လာလျှင် ရန်မမူဘဲ အခြားနေရာများသို့ ရှောင်သွားလေ့ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

တောင်ခြေမှာနေကြသူများက ထိုဆရာတော်ကြီးအား ရသေ့ဟုပင် ထင်မှတ်ထားရာ ရသေ့နေသောတောင်၊ ရသေ့ရှိသောတောင်ဟု အလွယ်တကူ ခေါ်ကြရာမှ မူလအမည်ဖြစ်သည့် ကျောက်လုံးတော်ကြီးတောင် ဟူသော အမည်ကိုပင် မသိကြတော့ပေ။

အထက်ပါ ရေးသားဖော်ပြခဲ့သည့် အကြောင်းအရာများမှာ နှစ်ပေါင်းတစ်ရာဝန်းကျင်၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာအချို့ပင် ဖြစ်ပေသည်။



# အခန်း(၂)

## ဂန္ဓာရီခစန်း အဖျက်လမ်း

နောက်ပိုင်းမှာတော့ ဆရာတော်ကြီး သတင်းကို ကြားသဖြင့် လာရောက်ဖူးမြော်သူအချို့ ရှိကြသည်။

တောင်ကမြင့်ပြီး ဆင်းလမ်း၊ တက်လမ်းများ ခက်ခဲကြမ်းတမ်းသောကြောင့် ရပ်ဝေးမှ ဧည့်သည်များကတော့ မရောက်နိုင်ကြပေ။

ထိုတောင်ထိပ်ပေါ်သို့ ရောက်သည်အထိ လမ်းပြမပါဘဲ မတက်နိုင်သကဲ့သို့ အကယ်၍ လမ်းပြပါလျှင်သော်မှ အတက်အဆင်း ခက်ခဲလှသဖြင့် မတက်နိုင်ကြပေ။

ကျိုက်ထီးရိုးတောင်က ထိုတောင်များထက် ပို၍မြင့်သည်ဆိုသော်လည်း ရောက်အောင် တက်နိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် . . . လမ်းဖောက်ထားတာ အဆင်သင့်ရှိပြီး တက်ရန်ခက်ခဲသော နေရာများ၌ ကျောက်လှေ ခါးများ စီမံပြုလုပ်ထားခြင်း၊ ခရီးတစ်ထောက်နားစရာ နေရာ များရှိသဖြင့် တက်နိုင်ကြခြင်း ဖြစ်သည်။

ရသေ့ခိုတောင်ကျတော့ ထိုသို့ မဟုတ်ပေ။

သဘာဝအတိုင်း တောတောင်ထဲမှာ အဆင်ပြေသော နေရာမှ တက်ရဆင်းရသည့်အပြင် အချို့နေရာများမှာ တက်ရန် ခက်ခဲလှသည့် မတ်စောက်သော နေရာများ ဖြစ်သဖြင့် တက်ရန် ဆင်းရန် မလွယ်လှပေ။

သို့သော်လည်း တောင်ပေါ်မှာ ဆရာတော်ကြီး ရှိနေသ ဖြင့် တောင်ခြေရှိရွာများမှ ဒေသခံများကတော့ မကြာခဏ ရောက်အောင်လာကြသည်။

တောင်ပေါ်ရောက်လျှင် ဆရာတော်ကြီးအတွက် လို အပ်သော ကိစ္စများ ဆောင်ရွက်ပေးပြီးနောက် ပြီးလျှင် ဆရာ တော်ကြီး ကျွေးမွေးသော အစားအသောက်များကို စားသော် ကာ ပြန်ဆင်းလာလေ့ ရှိသည်။

၎င်းတို့အတွက် အလုပ်နှစ်ခု ပြီးသည်ဟု ဆိုရပေမည်။

တစ်ချက်က ဆရာတော်ကြီးအတွက် ဝေယျာဝစ္စများ ဆောင်ရွက်ပေးနိုင်ပြီး နောက်တစ်ချက်ကတော့ တောင်ပေါ်မှ ပြန်ဆင်းချိန်တွင် သစ်သီးဝလံများ၊ မျှစ်၊ မှို အစရှိသည့် အစား အသောက် တို့ကို ရှာဖွေယူသွားနိုင်သောကြောင့် ဖြစ်သည်။

တောလိုက်သော အလုပ်ဖြင့် အသက်မွေးသူများ





တော့ တောင်ပေါ်တက်သွားလျှင် လက်နက်လေးမြား စသည် တို့ကို တစ်ပါတည်း ယူဆောင်သွားကြသည်။

ဆရာတော် သီတင်းသုံးနေသည့် တောင်ထိပ်သို့ မ ရောက်တော့လျှင်တော့ မထောင်းတာ။

အကယ်၍ တောင်ပေါ်တက်ပြီး ဆရာတော်ကြီးနှင့် တွေ့ရတော့မည်ဆိုလျှင်တော့ လက်နက်လေးမြားတို့ကို ယူ ဆောင်သွား၍ မဖြစ်ပေ။

ထိုအခါ လက်နက်လေးမြားတို့ကို တစ်နေရာမှာ ထားခဲ့ ကြရသည်။

တောင်ပေါ်မှာ ကိစ္စပြီး၍ ပြန်ဆင်းလာတော့မှ ထားခဲ့ သော လက်နက်များကိုယူကာ မိမိတို့ လုပ်စရာ ရှိသည်များ လုပ်ကြရသည်။

အဘယ်ကြောင့်ဆိုသော် တောင်ပေါ်မှာ သီတင်းသုံး နေသော ရသေ့ခိုဆရာတော်ကြီးက သူတစ်ပါး အသက်တို့ကို သတ်ဖြတ်ခြင်း မနှစ်သက်သောကြောင့် ဖြစ်သည်။

ရသေ့ခိုတောင် အပါအဝင် ကျိုက်ထီးတောင်ခြေ ပတ် ဝန်းကျင်တစ်ဝိုက်မှာ ရွာအတော်များများ ရှိကြသည်။

ရွာကြီးများ မဟုတ်ဘဲ ရွာငယ်ကလေးများ ဖြစ်ကာ အများအားဖြင့်တော့ ကရင်လူမျိုးများ နေကြသည်။

အချို့ရွာများမှာ မြန်မာများ၊ မြန်မာကရင်သွေးပါသူတို့ ရောနှောနေထိုင်ကြစေကာမူ အများအားဖြင့်ကတော့ ကရင် လူမျိုးများတို့သာ များသည်။

www.burmeseclassic.com



ခြစ်စိုက်ပျိုးခြင်းနှင့် တောလိုက် အမဲပစ်သော အလုပ်တို့ကို ဝါသနာပါသည်။

အများအားဖြင့် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြစေကာမူ ရသေ့ခိုတောင်ပေါ်မှ ဆရာတော်ကြီးကိုတော့ လေးစားယုံကြည်ကြသည်။

ဆရာတော်ကြီး မကြိုက်တာ မလုပ်ဝံ့ကြဘဲ ဆရာတော်ကြီး စေခိုင်းသည့် အလုပ်များကိုလည်း မငြီးမငြူ လုပ်ပေးကြလေသည်။

ထိုသို့ ဖြစ်ရခြင်းမှာ ဆရာတော်ကြီးကလည်း သူတို့အပေါ်၌ ကောင်းသည်။

တောင်ပေါ်တက်လာသူများကို အစားအသောက်များ ကျွေးမွေးသည့်အပြင် အလုပ်ကိစ္စအတွက် စေခိုင်းပြီးလျှင် မုန့်ငွေတို့ကို ပေးတတ်သည်။

တောင်ထိပ်ပေါ်တွင် ဆရာတော်ကြီး သီတင်းသုံးနေထိုင်စဉ် ကာလအတွင်းမှာ ဘုရားစေတီတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ တရားထိုင်ရန် ဂူများ ပြုလုပ်သောအခါ တောင်ခြေမှ တောင်ပေါ်ရောက်သည်အထိ ဘိလပ်မြေအိတ်၊ သဲအိတ်စသော လေးလံလှသည့် အိတ်များကို အပေါ်ရောက်အောင် ခက်ခက်ခဲခဲ သယ်တင်ပေး ကြရသည်။

လူအလွတ်အတိုင်းပင် အပေါ်ရောက်အောင် မနည်းတက်ကြရပေရာ သဲအိတ်၊ ဘိလပ်မြေအိတ်များကို အပေါ်ရောက်သည်အထိ ထမ်းတင်ရသော အလုပ်မှာ မလွယ်လှပေ[illegible]





ထိုသို့ သယ်ရလျှင်တော့ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း သယ်ကြခြင်း မဟုတ်ပေ။

တစ်ရွာလုံး ယောကျာ်း၊ မိန်းမ မှန်သမျှ လိုက်လာပြီး လက်ဆင့်ကမ်းကာ သယ်တင်ကြခြင်း ဖြစ်သည်။

ခေါင်းဆောင်လုပ်သူက လူအရေအတွက် မှတ်ထားပြီး ငွေကို အချိုးကျ ဝေပေးခြင်း ဖြစ်သည်။

ယောကျာ်းများရော မိန်းမများပါ ကျောက်၌ သိုင်းလွယ်ရသော ခြင်းတောင်းကြီးများထဲမှာ ပစ္စည်းများထည့်ကာ လက်ဆင့်ကမ်း သယ်တင်ကြခြင်း ဖြစ်သည်။

ရင်းတို့က ပင်ပန်းမှုဒဏ်ကို ခံနိုင်ကြသူများမို့ ထိုသို့ သယ်တင်နိုင်သော်လည်း လွန်စွာ ပင်ပန်းသော အလုပ်မျိုး ဖြစ်သည်။

တောင်ပေါ်မှာ ကျောက်တုံးများ ပေါသဖြင့် ထိုကျောက်တုံးများကို သံစို့များဖြင့် ရိုက်ခွဲကာ အုတ်ခဲပုံသဏ္ဌာန် ဖြစ်အောင် ပုံဖော် ပြီး သုံးသောကြောင့် အုတ်ခဲသယ်တင်ရန် မလိုသော်လည်း ဘိလပ်မြေ၊ ထုံး၊ သဲအိတ်များကိုတော့ မဖြစ်မနေ သယ်တင်ပေးကြရသည်။

တောင်ခြေမှာနေသော ရွာသူရွာသားများက ဆရာတော်ကြီးအား အားကိုးအားထားပြုကြသလို ဆရာတော်ကြီးအနေဖြင့်လည်း ခိုင်းစရာရှိပါက ထိုရွာသားများကိုခေါ်ပြီး ခိုင်းစေရသည်။

ထို့ပြင် တောင်ပေါ်မှာလည်း ဆရာတော်ကြီးအား အ



www.burmeseclassic.com

www.burmeseclassic.com



ကူအညီပေးသူအချို့ ရှိကြသည်။

တစ်ညမှာတော့ ပုတီးစိပ်နေစဉ် ရှေးခေတ် အဝတ်အစားများ ဝတ်ထားသူတို့ ရောက်လာကြသည်။

ထိုကဲ့သို့ အချိန်မတော်မှ ရောက်လာကြသူတို့မှာ ယခင်ကလည်း ရှိသဖြင့် အဆန်းတကြယ်တော့ မဟုတ်ပေ။

"ဘယ်က လာကြတာလဲ"

"တပည့်တော်တို့က ဒီနေရာတစ်ဝိုက်မှာပဲ နေကြတဲ့လူတွေပါပဲ၊ တောင်ပိုင်ကြီးက လွှတ်လိုက်လို့ လာကြတာပါ ဘုရား"

"ဘာကိစ္စ ရှိကြလို့လဲ"

"အရှင်ဘုရား၊ ဘုရားတည်၊ ကျောင်းဆောက်မယ့် ကိစ္စတွေမှာ တတ်နိုင်သလောက် အကူအညီပေးချင်ပါတယ်၊ အရှင်ဘုရား ခိုင်းချင်ရာကိုသာ ခိုင်းပါဘုရား"

ထိုစကားကြားတော့ ဆရာတော်က အတန်ကြာအောင် စဉ်းစားနေလေသည်။

ပြီးမှ. . .

"ကုသိုလ်လိုချင်ရင်တော့ လုပ်စရာလေးတွေ ရှိပါတယ်၊ ဘုရားတည်ဖို့ ကျောက်တုံး၊ ကျောက်ပြားတွေ လိုတယ်၊ တတ်နိုင်သလောက် လုပ်ပေးသွားကြပေါ့"

"ကောင်းပါပြီ ဘုရား"

ဟု ပြောဆိုကာ ဆရာတော်ကို ကန်တော့ပြီး ပြန်သွားကြလေသည်။





အတန်ကြာသောအခါ ကျောက်တုံးကြီးများရှိသော နေရာဘက်မှ ဆူဆူညံညံနှင့် လူသံသူသံများ ကြားရသည်။

ကျောက်တုံး၊ ကျောက်ခဲများအား ထုခွဲရိုက်နှက်နေသည့် အသံများကို အတိုင်းသား ကြားနေရသည်။

ထိုအသံများကို တစ်ညလုံး ကြားနေရပြီး နံနက်ပိုင်းအာရုဏ်တက်ချိန် ရောက်တော့မှ အသံတိတ်သွားလေတော့သည်။

နံနက်လင်းသော အချိန်တွင် ဆရာတော်ကြီးက ညက ကျောက်ထုသံများ ကြားရသော အောက်ဘက်သို့ သွားကြည့်သောအခါ ဘုရားတည်ရာတွင် အသုံးပြုနိုင်သည့် အရွယ်တော်ဆိုဒ်တူ ကျောက်ပြားချပ် အတော်များများကို တွေ့ရလေသည်။

တကယ်တော့ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမှာ ပြုလုပ်သူလည်း ကုသိုလ်ရ၊ ဝိုင်းဝန်းကူညီပေးသူများလည်း အကျိုးများစေသည့် အလုပ်မျိုး ဖြစ်သည်။

ဤသို့ဖြင့် ရသေ့ခိုဆရာတော်ကြီးသည် မြင့်မားလှသော တောင်ထိပ်တစ်ခုပေါ်မှာ သာမန်လူတို့ ဘယ်လိုမှ မလုပ်နိုင်သည့် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း အလုပ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့လေသည်။

နောက်ပိုင်းတော့ ဆရာတော်ကြီးမှာ သူ့လုပ်ငန်းစဉ်များကိုသာ ပေါက်မြောက်အောင် ကြိုးစားအားထုတ်နေခဲ့ရာ အခြားသူများနှင့်ပင် မတွေ့နိုင်တော့ပေ။

သို့သော် တစ်ဆင့်စကား တစ်ဆင့်ကြားရသဖြင့် တောင်



www.burmeseclassic.com

www.burmeseclassic.com



သော်သို့ မရောက်ရောက်အောင် တက်လာသူအချို့လည်း ရှိကြလေသည်။

တစ်နေ့သ၌ တောင်ထိပ်ပေါ်သို့ လူတစ်ယောက်ရောက်လာလေသည်။

အသက် ၄၀ ကျော် အရွယ်ခန့်ရှိပြီး သစ်ခေါက်ဆိုးထားသော အင်္ကျီ လုံချည်တို့ကို ဝတ်ဆင်ထားသည်။

သျှောင်တစောင်းထုံးထားပြီး ပုဝါဖြင့် ပတ်ထားသည်။

နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများက အတော်ပင် ရှည်နေရာ သာမန်အသက်အရွယ်ထက် ပိုမိုရင့်ရော်နေသည့် ရုပ်လက္ခဏာမျိုး ပေါ်နေသည်။

၎င်းမှာ လွယ်အိတ်ကြီးတစ်လုံးနှင့် ဝါးတောင်ဝှေးတစ်ချောင်း ပါလာလေသည်။

ဆရာတော်ကြီးနှင့် တွေ့သောအခါ ရိုသေစွာ ကန်တော့ပြီး အကျိုးအကြောင်း ပြောပြလေသည်။

"တပည့်တော်က မဟာဂန္ဓာရီ လှည့်နေသူပါ ဘုရား။ ယခု ကျိုက်ထီးရိုးတောင်ပေါ်က အမိဌာန်ဝင်ပြီး ဆင်းလာတာပါ။ ဒီတောင်ပေါ်မှာ ဆရာတော်ကြီး သတင်းကြားလို့ တက်လာပြီး ဖူးမြော်တာပါ။ တပည့်တော် ဒီတောင်ပေါ်မှာ အမိဌာန်ဝင်ကြည့်ပါရစေ ဘုရား"

ဟု ခွင့်တောင်းလေသည်။

ထိုအခါ ဆရာတော်ကြီးက မျက်စိမှိတ်ထားပြီး အတော်ကြာအောင် ငြိမ်နေသည်။





ပြီးမှ ပြောသည်။

"အမိဌာန်ဝင်တာကတော့ ကောင်းတဲ့အလုပ်လုပ်တာပဲ ဘယ်နေရာမှာမဆို ဝင်လို့ ရပါတယ်၊ တစ်ခုတော့ ရှိတယ်၊ ဒီတောင်က အနှောက်အယှက်တွေတော့ အတော်လေးများတယ်"

ထိုစကားကြားသောအခါ အမိဌာန်ဝင်မည့်သူက မသိသော ပြုံးလိုက်သည်။

သူသည် နေရာအနှံ့ လှည့်လည်ပြီး အမိဌာန်ဝင်နေသူမို့ နတ်ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် အတော်များများနှင့် တွေ့ခဲ့ရဖူးလေသည်။

အချို့က ၎င်းတို့နေသော နေရာသို့ အခြားတစ်စုံတစ်ယောက် ရောက်လာပြီး နေလျှင်သော်လည်းကောင်း၊ အမိဌာန်ဝင်လျှင်သော်လည်းကောင်း မနှစ်သက်တတ်ပေ။

အဘယ်ကြောင့်ဆိုသော်. . .

သူတို့အကြောင်းများကို ရိပ်မိသွားမည်ကို စိုးသောကြောင့်ဖြစ်သည်။

အချို့ပုဂ္ဂိုလ်တို့က ဂန္ဓာရီလှည့်သည်၊ အမိဌာန်ဝင်သည်ဟု လူအထင်ကြီးအောင် ပြောသော်လည်း ပြောသလောက် အလုပ်မလုပ်သူများ ရှိသည်။

တစ်ခါက ရန်ကုန်မြို့၌ စာပေလောက၌ ကျော်ကြားသော ဆရာကြီးတစ်ဦးရှိရာ စာရေးသူနှင့်လည်း သိကျွမ်းခင်မင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ထုတ်ဝေသူထံမှ 'ဂန္ဓာရီခရီးလှည့်မည်'ဟု အကြောင်းပြလျှင် ခရီးစရိတ်ရသည်။

ထိုအခါ တစ်နေရာသို့ သွားသည်ဟု အကြောင်းပြကာ တစ်နေကုန် ဖဲချနေသည်ကို တွေ့ခဲ့ရဖူးသည်။

အချို့လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့မှာ လူအထင်ကြီးစေရန်ဟန်ဆောင်ပြီး နေထိုင်ကြသော်လည်း ပြောသလောက် အလုပ်မလုပ်ကြပေ။

ထိုအကြောင်းကို လူသိမှာစိုးသဖြင့် ၎င်းတို့နေသောနေရာသို့ အခြားလူစိမ်းများ လာရောက်နေထိုင်မည်ကို မနှစ်သက်ကြပေ။

တစ်ခါက ဆရာတော်တစ်ပါးကို လျှောက်ကြည့်ဖူးသည်။

"အရှင်ဘုရား လောကမှာ အစစ်ထက် အတုအယောင်တွေက ပိုများတယ်၊ တကယ် ပေါက်မြောက်တဲ့ သူမျိုးတွေ့ရင် ဘယ်လို သိနိုင်ပါ့မလဲ"

"မင်းမှာ အခံရှိရတယ်၊ ကံရှိရတယ်၊ ဒါမှ ပုဂ္ဂိုလ်အစစ်တွေ့ခွင့်ရနိုင်တယ်"

"တပည့်တော်ကို ရှင်းပြပေးပါဦး ဘုရား"

"အခံဆိုတာက ပါရမီဓာတ်ခံကို ပြောတာ၊ ပုဂ္ဂိုလ်ထူးတွေနဲ့ တွေ့ခွင့်ရချင်ရင် ဒီအတိုင်း ထိုင်စောင့်နေလို့တော့ ဘယ်တွေ့ရပါ့မလဲ၊ သူတို့လို မလုပ်နိုင်ရင်တောင် အတန်အသင့် ကြိုးစားအားထုတ်မှုမျိုးတော့ ရှိရမှာပေါ့၊ ငါ ဥပမာတစ်ခု ပြောပြ





မယ်၊ သုံးလောကထွဋ်ထား မြတ်စွာဘုရားတောင်မှ ချွတ်ရမယ့်သူကို ကြည့်တဲ့အခါ ပါရမီအခံ ရှိတဲ့သူမျိုးကိုပဲ ကြည့်လေ့ရှိတယ်၊ သဘောပေါက်ရဲ့လား"

"သဘောပေါက်ပါတယ် ဘုရား၊ မိုးရေကို လိုချင်ရင် ရေခွက်နဲ့ ခံယူရတဲ့သဘောမျိုးပါပဲ"

"မှန်တယ်၊ ဒီအတိုင်းပဲ၊ ကံဆိုတာကတော့ တစ်ဦးနဲ့တစ်ဦး မတူကြဘူးပေါ့၊ မင်းကို ငါတစ်ခုပြောမယ်၊ လူပဲဖြစ်ဖြစ်၊ ရဟန်းပဲ ဖြစ်ဖြစ်၊ တကယ်ပေါက်မြောက်သွားပြီဆိုရင် လူတွေနဲ့ ရောနေရာမှာ မနေကြတော့ဘူး၊ တကယ်လို့ သူဘယ်လောက် အဆင့်ပေါက်နေပြီလို့ ပြောပြီး လူတွေကြားထဲမှာပဲ ရှိနေသေးတယ်ဆိုရင် တစ်ခုခုတော့ လိုနေတာ ဖြစ်မှာပေါ့"

ကျွန်ုပ်အနေဖြင့် လွန်ခဲ့သော နှစ်အတော်ကြာချိန်က မွေလင်းတိုက်တစ်ခုအတွက် နယ်လှည့်အယ်ဒီတာဘဝဖြင့် နေရာအနှံ့သို့သွားကာ ပုဂ္ဂိုလ်ထူးများ အကြောင်းကို လိုက်လံရှာဖွေရာမှ ထိုကဲ့သို့ သိခဲ့ရခြင်း ဖြစ်ပေသည်။

ယခုလည်း ရသေ့ခိုဆရာတော်ကြီး စကားကြားသောကျွန်ုပ်သည်ဒကာ၏ မျက်နှာပေါ်မှာ အပြုံးရိပ်တစ်ချက် သမ်းသွားသည်ကို မြင်သောအခါ ဆရာတော်ကြီးက ချက်ချင်းသိလိုက်သည်။

"ဒကာကို ဒီတောင်ပေါ်မှာ အမိဌာန် မဝင်စေချင်လို့ ဒီစကားမျိုးပြောတာ မဟုတ်ပါဘူး၊ ဒကာ ဆန္ဒရှိရင် ကြိုက်သလောက်နေပြီး အားထုတ်နိုင်ပါတယ်၊ စားဖို့ သောက်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ချပ်ကောင်းမှာပဲ လာပြီး စားသောက်ပါ"

ဟု ပြောတော့မှ ကျေနပ်သွားဟန် ရှိသည်။

"တပည့်တော် ဘယ်နေမှာ အားထုတ်ရမလဲ ဘုရား"

"ဒကာကြိုက်တဲ့ နေရာမှာသာ အားထုတ်ပါ"

ဟု ပြောပြီး ဆရာတော်ကြီးက အခြားလုပ်စရာ ရှိသည်တို့ကို ဆက်လုပ်နေလေသည်။

ထိုအခါ ဉာဉ်သည်ဒကာလည်း လွယ်အိတ်ကို လွယ်ပြီး တစ်နေရာပြီးတစ်နေရာ လိုက်ကြည့်သောအခါ ရသေ့ခိုတောင်ထိပ်နှင့် မနီးမဝေး နေရာတွင် အတော်အသင့် အဆင်ပြေသော နေရာတစ်နေရာကို တွေ့ရလေသည်။

မြောက်ဘက်တောင်စွန်း တစ်နေရာ၌ ဖြစ်ပြီး ဝါးတောများရှိသည်။

ထိုင်စရာကျောက်ဖျာနှင့် ကျောက်ဂူပေါက်တစ်ပေါက်လည်း တွေ့ရသဖြင့် ဉာဉ်သည်မှာ ကျောက်ဂူထဲသို့ ဝင်ပြီး တရားအားထုတ်ခြင်း၊ ပုတီးစိပ်ခြင်းတို့ကို ပြုလေသည်။

ထိုဂူပေါက်အတွင်း၌ လူတစ်ယောက် ကောင်းစွာ နေနိုင်လောက်အောင် ကျယ်ဝန်းလေရာ ထိုဂူမှာပင် နေလေသည်။

အမှန်တော့ ဉာဉ်သည်ပုဂ္ဂိုလ်မှာ အတန်အသင့် ခရီးပေါက်နေသည့် အဆင့်သို့ ရောက်နေသူ ဖြစ်သည်။

နောက်တစ်ဆင့်သို့ ကူးနိုင်ပါက ဝိဇ္ဇာလမ်းသို့ ရောက်တော့မည့် အခြေအနေမျိုး ရှိနေလေသည်။

သူသည် ထိုဂူထဲမှာပင်နေပြီး ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်းများ ပြုလုပ်သော်လည်း မည်သည့်အနှောက်အယှက်မျှ မတွေ့ရပေ။

ပထမရက်များကတော့ စားသောက်ချိန်ရောက်လျှင် ဆရာတော်ကြီးကျောင်းမှာ ရှိသော အစားအသောက်တို့ကို ယူ၍စားသောက်သည်။

နောက်တစ်ရက်မှာတော့ ထူးခြားမှုတစ်ခု တွေ့ရသည်။

သူ ဆရာတော်ကြီးကျောင်းမှ ပြန်လာစဉ် ဂူပေါက်ဝရောက်တော့ သင်းပျံ့သော ရနံ့အချို့ကို ရလေသည်။

တောပန်း၊ တောင်ပန်းရနံ့များ ထင်သဖြင့် ဂူထဲဝင်လာတော့မှ မဟုတ်မှန်း သိရလေသည်။

သူနေသော ဂူထဲမှာ မြေပန်းအိုးတစ်လုံး ရောက်နေပြီး အိုးထဲမှာလည်း ရနံ့မွှေးလှသော ပန်းအချို့ ရှိနေလေသည်။

"ပန်းအိုးတစ်လုံးပါလား၊ ဘယ်သူများ လာထည့်ထားတာပါလိမ့်"

ဟု တွေးကာ ပထမတော့ ထိုပန်းအိုးကို အပြင်ဘက်ဆုတ်ထားလိုက်မည်ဟု စိတ်ကူးမိသေးသည်။

နောက်မှ စိတ်ကူးတစ်မျိုး ပြောင်းသွားလေသည်။

"ဂူထဲမှာ ရုပ်ပွားတော်ပဲ ရှိနေပြီး ပန်းတွေ ဘာတွေမရှိလို့ တစ်ယောက်ယောက်က လာလှူသွားတာ ဖြစ်မယ်ထင်တယ်"

ဟု တွေးကာ ထိုပန်းအိုးကို သူတင်ထားသော ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ချထားလိုက်လေသည်။







www.burmeseclassic.com

www.burmeseclassic.com



ဂူက သိပ်မကျယ်လှပေ။

ထို့ကြောင့် ဂူထဲ၌ မွှေးကြိုင်သင်းပျံ့သော ပန်းများ ထည့်ထားသောအခါ အလုပ်လုပ်ရတာ စိတ်မဖြောင့်နိုင်အောင် ရှိလေသည်။

ထိုပန်းရနံ့များက သူ၏သမာဓိကို ပထမဆုံး လာရောက်စမ်းသပ်ခြင်း ဖြစ်သည်ကိုပင် သူ့မှာ မသိရှာပေ။

နောက်နှစ်ရက်ကြာတော့ သူကျောင်းသို့သွားနေစဉ် ပြန်ရောက်လာတော့ အစားအသောက်များနှင့် သစ်သီးများကို တွေ့ရသည်။

အစားအသောက်တို့ကလည်း စားချင့်စဖွယ် ဖြစ်မလေသည်။ နောက်ပိုင်းတော့ ထိုလူမှာ ကျောင်းပေါ်သို့ပင် မသွားတော့ပေ။

အဘယ်ကြောင့်ဆိုသော် သူနေသော ဂူထဲမှာ လိုအပ်သောပစ္စည်းများ မကြာခဏ ရောက်နေတတ်သောကြောင့် ဖြစ်သည်။

တစ်ညမှာတော့ ရုပ်ဆင်းအင်္ဂါ ချောမောလှပသည့် အမျိုးသမီးတစ်ယောက် ရောက်လာသည်။

သူမ လက်ထဲမှာလည်း ရနံ့သင်းသော ပန်းခိုင်အချို့ ပါလာလေသည်။

ပန်းများကို မြင်တော့ ထိုလူ စိတ်ထဲမှာ တစ်စုံတစ်ခုကို သတိရသွားသည်။

"ဒီဂူထဲကို သစ်သီးတွေနဲ့ ပန်းတွေ လာပို့ပေးနေတာ





မင်းလား"

"ဟုတ်ပါတယ်ရှင်"

"ဘယ်မှာ နေတာလဲ"

"တောင်ခြေဘက်က ရွာကပါ"

"ဒီအချိန်ရောက်မှ တောင်ပေါ် တက်လာတယ်၊ အဖော်မပါဘူးလား"

"ကျွန်မတို့ရွာက မဝေးပါဘူး၊ နောက်ပြီး ဆရာတော်ကြီးကျောင်းကိုလည်း အမြဲလာပြီး လှူနေကျပါ"

ထို့ကြောင့် ဘာမှ မပြောတော့ဘဲ သူယူလာပေးသော ပန်းခိုင်များကို ယူပြီး ဘုရားပန်းအိုးထဲ ထိုးထားလိုက်လေသည်။

နောက်တစ်ပတ်ခန့် ကြာသောအခါ ထိုလူမှာ ဆရာတော်ကြီး ပုတီးစိပ်နေသော နေရာသို့ အပြေးအလွှား ရောက်လာလေတော့သည်။

"ဆရာတော် တပည့်တော်ကို ကယ်ပါဦး ဘုရား"

"ဘာဖြစ်လာတာလည်း ဒကာ"

"တပည့်တော်နေတဲ့ ဂူထဲမှာ မိန္မမတစ်ကောင် ရောက်နေလို့ပါ"

"မင်းက ပထမကတည်းက သူပေးတာယူ၊ သူကျွေးတာကို စားသောက်ခဲ့တယ် မဟုတ်လား၊ ဒီတော့ သူက ဘယ်[illegible]တော့မလဲ"

"ဘယ်လိုလုပ်ရမလည်း ဘုရား၊ ကယ်ပါဦး"

"အကောင်းဆုံးကတော့ သူတို့နဲ့ ဝေးရာသွားတာ မင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် အန္တရာယ်ကင်းလိမ့်မယ်၊ ဒီနေရာမှာ ဆက်နေရင်တော့ တစ်နေ့ကျရင် အန္တရာယ်နဲ့ တွေ့ရလိမ့်မယ်"

ဟု ပြန်ပြောရာ ထိုသူလည်း တောင်ပေါ်မှာ ဆက်မနေ ဝံ့တော့သဖြင့် ချက်ချင်းပင် တောင်အောက်သို့ ပြန်ဆင်းသွား လေတော့သည်။

ဆရာတော်ကြီးကတော့ သူ့ကို လှမ်းကြည့်ရင်း. . .

"ဂန္ဓာရီလမ်းစဉ် လိုက်ကြသူတွေအတွက် ဒီလို အနှောက်အယှက်တွေနဲ့ တွေ့ရကြုံရတာ သမာဓိစမ်းသပ်တဲ့ အဆင့်လောက်ပဲ ရှိသေးတယ်၊ ဒီလောက်မှာတင် မခံနိုင်ဘဲ ပြေးရပြီဆိုတော့ ဒီထက် တစ်ဆင့်တက်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"

ဟု စိတ်မကောင်းစွာ ရေရွတ်လိုက်လေသည်။

တကယ်တော့ ထိုလူမှာ အဖျက်ဝိဇ္ဇာတို့၏ ပထမစာ မေးပွဲမှာတင် ကျရှုံးသွားခဲ့ခြင်း ဖြစ်ပေတော့သည်။

အဖျက်ဝိဇ္ဇာဆိုသည်မှာ. . .။



## အခန်း(၃)

## အဖျက်ဝိဇ္ဇာဆိုသည်မှာ

အဖျက်ဝိဇ္ဇာတို့မှာ နေရာတကာတိုင်းမှာ ရှိကြသည်။

ဝိပဿနာအားထုတ်သူတို့ကိုလည်း ဖျက်ဆီးသည်။

ဂန္ဓာရီလမ်း၊ ကျင့်စဉ်စခန်းသို့ တက်လှမ်းကြသူများကိုလည်း အထက်လမ်းသို့ မရောက်အောင် နည်းအမျိုးမျိုးဖြင့် တားဆီးပိတ်ပင် ဖျက်ဆီးတတ်ကြသည်။

ဝိပဿနာအားထုတ်သူများ၊ သမထလမ်းစဉ်လိုက်ကြသူများကတော့ အဖျက်ဝိဇ္ဇာတို့ကို မာရ်နတ်ဟု ခေါ်ကြသည်။

ရှေ့အခန်းတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း တရားအားထုတ်သည်ပဲဖြစ်ဖြစ်၊ ပုတီးစိပ်သည်ပဲဖြစ်ဖြစ်၊ သမထထိုင်သည်ပဲ ဖြစ်ဖြစ်၊ မဟာဂန္ဓာရီလမ်းစဉ် လိုက်စားသည်ပဲဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



**[illegible]** မြင့်မြတ်သော အဆင့်တစ်ခုသို့ မရောက်မချင်း **[illegible]** အဖျက်အဆီးများက ရောက်မလာကြပေ။

ထို့ကြောင့်. . . ဘာမှ မဖြစ်သေးလျှင် ဘာမှ မဖြစ်ဘူး ဟု ပြောကြခြင်း ဖြစ်၏။

တကယ်လို့ မိမိပြုလုပ်နေသည့် လမ်းစဉ်မှာ အဆင့် တစ်ခုခုသို့ ရောက်ပြီဆိုပါက၊ ဒါမှမဟုတ် မြင့်မြတ်သော နောက် တစ်ဆင့်သို့ တက်လှမ်းတော့မည်ဆိုပါက မာရ်နတ်ဟု ခေါ်သည့် အဖျက်ဝိဇ္ဇာတို့က နည်းပေါင်းများစွာ နည်းမျိုးစုံတို့ကို အသုံးပြု လျက် လာရောက် ဖျက်ဆီးကြလေတော့သည်။

ထိုဒဏ်ကို မခံနိုင်လျှင် ထိုစမ်းသပ်မှုကို မကျော်လွှား နိုင်ခဲ့လျှင် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြရပေသည်။

အဖျက်ဝိဇ္ဇာတို့ အကြောင်းအရာအချို့ကို ရေးသားဖော် ပြပေးပါဦးမည်။

ဝိဇ္ဇာလောကဆိုသည်မှာ နှစ်မျိုး ရှိပါသည်။

ဘုရား၊ ရဟန္တာ အရိယာသူတော်ကောင်းတို့ သံသရာ ဝဋ်က ကျွတ်လွတ်ကာ ဘုံ(၃၁)ဘုံမှ လွတ်မြောက်ပြီး သင်္ခတ သင်္ခ အသင်္ခတဓာတ်၊ မြတ်လှစွာသော နိဗ္ဗာန်တရားကို မျက်မှောက် ပြု၍၊ ထိုရအပ်၊ ရောက်အပ်ပြီးသော နိဗ္ဗာန်တရားကို ဝင်စံ၍ နိဗ္ဗာန်သို့ ဝင်စံကြွသွား တော်မူကြကုန်သော ဘုရား၊ ရဟန္တာ အရိယာသူတော်ကောင်းတို့၏ လောကုတ္တရာဘုံ၊ အရိယာဝိဇ္ဇာ ဘုံ၊ အသင်္ခတဘုံ၊ သင်္ခတသုခဘုံ၊ အမတဘုံ၊ ဘုံသုံးဆယ့်တစ်မှ လွတ်နေသောဘုံ၊ သံသရာဝဲဩဃစက် ရဟတ်ကြီးထဲမှ လွတ်





[illegible]ြောက်နေသော လောကုတ္တရာဝိဇ္ဇာများ၏ လောကသည် ဇာတိ [illegible] ဇရာမရှိ၊ ဗျာဓိမရှိ၊ မရဏမရှိ၊ သောကမရှိ၊ ဗျာပါဒမရှိ၊ ပ [illegible]ဒေဝမရှိ၊ ဥပါယာသမရှိ၊ ဒုက္ခမရှိ၊ ဒေါမနဿမရှိ၊ မပျက်မစီး [illegible]ပျောက်မပျက်နိုင်သော၊ ပရမတ္ထအားဖြင့် ထာဝရငြိမ်းချမ်း သော၊ ထာဝရ ချမ်းသာသော၊ ထာဝရ တည်ငြိမ်အေးချမ်းသော၊ [illegible]ဗ္ဗာန်သို့ ဝင်စံကြကုန်သော နိဗ္ဗာန်ချမ်းသာ အဖွဲ့အစည်းသည် [illegible]မအမျိုးအစား ဖြစ်သည်။

ဒုတိယတစ်မျိုးမှာ လောကီဝိဇ္ဇာလောက ဟူ၍ ဖြစ် သည်။ လောကီဝိဇ္ဇာလောကသည် သံသရာလည်စေတတ်သော [illegible]ာက၊ သံသရာဝဋ်က မကျွတ်သေးသော လောက၊ ဘုံ(၃၁) ဘုံမှ မလွတ်သေးသော လောက၊ ထိုလောကီဝိဇ္ဇာများသည် [illegible]ဏှာ၊ ရာဂ၊ လောဘ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ [illegible]င်းသေးသော (သို့မဟုတ်) လွတ်ကင်းအောင် မကြိုးစား [illegible]သော လောက ဖြစ်ပါသည်။

ထိုလောကီဝိဇ္ဇာများသည် ဆယ်ပါးသော သိဒ္ဓိ၊ ခြောက် [illegible]သော ဝိဇ္ဇာဉာဏ်နှင့်တကွ ဝိဇ္ဇာမဟိဒ္ဓိတို့ကို ရရှိအောင်မြင် [illegible]သောကြောင့် နတ်တို့၏ ကမ္မဇိဒ္ဓိကိုပင် လွှမ်းမိုးခြယ်လှယ် [illegible]သောကြောင့် ဤလောကီဝိဇ္ဇာလောကသည် ရှုပ်ထွေးပွေလီ [illegible]တ် ရှိနေကြပါသည်။

သို့သော် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်အ [illegible]င်း တြုံကြိုက်နေ၍သာ အနည်းငယ် တော်ပေသေးသည်ဟု [illegible]ရသည်။

www.burmeseclassic.com



ဤတွင် 'လောက'ဟူသော အသုံးအနှုန်းနှင့် ပတ်သ ၍ ရှင်းဆိုရပါမူ ဗုဒ္ဓဘုရားရှင်နှင့်တကွ ဘုရားရဟန္တာ၊ အရိယာ သူတော်ကောင်းတို့၏ ဝင်စံရာ ဖြစ်သော နိဗ္ဗာန်သည် 'လောက မှ ကင်းလွတ်ပြီး ဖြစ်သောကြောင့် 'လောက'ဟူသော အသုံး အနှုန်းများကိုပယ်၍ နိဗ္ဗာန်ဝင်စံသော အဖွဲ့အစည်းနှင့်သာ သ ဘောပေါက်လွယ်အောင် သုံးစွဲထားခြင်း ဖြစ်ပေသည်။ 'နိဗ္ဗာ လောက'ဟူ၍ မရှိပါ။

တည်ငြိမ်သည်၊ အေးချမ်းသည်၊ ငြိမ်းချမ်းသည်၊ ငြိမ် အေးသည် ဆိုရာ၌ ဘုရားရဟန္တာ၊ အရိယာသူတော်ကောင တို့၏ ကျင့်စဉ်သာ ဖြစ်ပါသည်။

ဘုရား၊ ရဟန္တာ၊ အရိယာ သာဝကတို့သည် မိမိ၏ဘ လမ်းခရီးအဆုံးရောက်အောင် သံသရာဝဋ်ဆင်းရဲမှ လွ မြောက်အောင် အသင်္ခတဓာတ်နိဗ္ဗာန်ကို မရောက်ရော အောင် ကြိုးစားအားထုတ်လျက်ရှိသော လောကီကိစ္စ၊ ဗဟုတ အဖြာဖြာများအား ဥပေက္ခာပြု၍ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ နိရောဓချမ်းသာ၊ နိဗ္ဗာန် ချမ်းသာများကိုသာ ဝင်စားအာရုံပြု မျက်မှောက်ပြုလျက် ရှိနေပါသည်။

သို့ဖြစ်၍ ဘုရား၊ ရဟန္တာ၊ အရိယာသာဝကတို့အ မလေးမစား မပြုကောင်း၊ မထေမဲ့မြင် မပြုကောင်း၊ မဝေ ကောင်း၊ လှောင်ပြောင်ကဲ့ရဲ့မှု မပြုကောင်းပါ။ အမြဲထာဝ လေးစားသင့်ခြင်း ဖြစ်ပါသည်။ အမြဲထာဝရ ရှိခိုးဦးခိုက် တ တော့ထိုက်လှပါပေသည်။





လောကီဝိဇ္ဇာများသည် လောဘတရား၊ ဒေါသတရား၊ မောဟတရား၊ မာန်မာနတရားများ ရှိနေသေးသည့်အတွက် ရရှိ ပေါက်မြောက် ပြီးစီးနေသော သိဒ္ဓိများ၊ တန်ခိုးများ၊ ပညာများ သည်လည်း နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်သောကြောင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ပါးနှင့်တစ်ပါး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင် အဆိုင် အနိုင်အရှုံးများဖြင့် ရှုပ်ထွေးပွေလီလျက် ရှိနေပါသည်။

လောကီဝိဇ္ဇာများတွင် အဖျက်ဝိဇ္ဇာများ အကြောင်းကို အစိက ဖော်ပြလိုပေသည်။

လောကီပညာရပ်များ၊ သိဒ္ဓိများ၊ မဟိဒ္ဓိများ၊ တန်ခိုးများ ကို မိမိတတ်မြောက် ပိုင်ဆိုင်ထားပါက သိုဝှက်သိမ်းဆည်းထား တတ် ခြင်း၊ မည်သူ့ကိုမျှ မဝေမျှနိုင်ခြင်း၊ မိမိနယ်မြေဒေသအ တွင်းသို့ တစ်ပါးသူကို အရောက်မခံ၊ အဝင်အလာမခံ၊ အထိမခံ တတ်ခြင်း၊ အကယ်၍ ဝင်ရောက်လာ၊ ထိလာပါက ဖျက်ဆီးပစ် ခြင်း လှည့်စားပစ်ခြင်း၊ အသေသတ်ပစ်ခြင်း စသည်ဖြင့် သဲသဲ မဲ တိုက်ခိုက်ဖျက်ဆီးတတ်သည်မှာ အဖျက်ဝိဇ္ဇာများ၏ ဆောင် ရွက်ချက် ဖြစ်သည်။

ထိုအဖျက်ဝိဇ္ဇာများသည် နေရာအနှံ့၊ တောတောင်မှာ၊ ရွာမှာ၊ နေရာဒေသတိုင်းမှာ ရှိနေကြသည်ကို သတိပြုရပါ သည်။

အချို့သော အဖျက်ဝိဇ္ဇာများသည် ကိုယ့်ထက်သာ မနာ လိုသောစိတ် များပြားလှသည်ဖြစ်၍ မိမိထက် အတတ်ပညာ များ သာလွန်သွားမည်ကို အလွန်ကြောက်ရွံ့ စိုးရိမ်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



**ထို့ကြောင့်** မိမိတို့ထက် သိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ မ**ဟိဒ္ဓိတန်ခိုး** သာလွန်နိုင်သည့် ပုဂ္ဂိုလ်များအား နည်းအမျိုးမျိုး**ဖြင့်ယာယီ** အမျိုးမျိုးနှင့် နှောက်ယှက် ဖျက်ဆီးတတ်ကြလေသည်။

ထိုကဲ့သို့ နှောက်ယှက်ဖျက်ဆီးတတ်ခြင်းကြောင့် သူ့တို့ အဖျက်ဝိဇ္ဇာဟု ခေါ်ခြင်းဖြစ်ပေသည်။

ထိုအဖျက်ဝိဇ္ဇာများသည် လောကီဝိဇ္ဇာဘက်ရော လော ကုတ္တရာ ဝိဇ္ဇာလမ်းကို တက်လှမ်းနေသော ပုဂ္ဂိုလ်များကိုပါ အခွင့်အခါသင့်လျှင် သင့်သလို၊ အခွင့်အရေးရလျှင် ရသလို ကြုံကြိုက်လျှင် ကြုံကြိုက်သလို ဖျက်ဆီးတတ်ပါသည်။

အနီးကပ်ဆုံး အဖျက်အဆီးအချို့ကို ဖော်ပြပါမည်။

လောကုတ္တရာ ဝိဇ္ဇာလမ်းတွင် တစ်မဂ်၊ တစ်ဖိုလ်ရရန် ကမ္မဋ္ဌာန်းတရား အားထုတ် ကြိုးစားနေသော ယောဂီများ၊ ရဟန်းသံဃာများအား သမာဓိမရအောင် ဖျက်ဆီးခြင်း၊ ဥပစာရသမာဓိမရအောင်၊ အပ္ပနာသမာဓိ မရအောင် ဖျက်ဆီးခြင်း၊ တရားထိုင်၍ အားထုတ်၍ မဖြစ်နိုင်တော့လောက်အောင် စိတ်ကို လေလွင့်စေခြင်း၊ ရူးသွပ်အောင်၊ စိတ်မမှန်အောင် ဖျက်ဆီးတတ်ပေသည်။

ဝိပဿနာတရားတွင် နာမရူပ ပရိစ္ဆေဒဉာဏ် အဆင့်မှစ၍ ဥဒယဗ္ဗယဉာဏ်ကြားတွင် ထင်ယောင်ထင်မှား ဖြစ်အောင် ဖျက်ဆီးခြင်းမျိုးလည်း ရှိတတ်သည်။

ဥပမာ- မဂ်မဟုတ်သည်ကို မဂ်ဟု ထင်စေခြင်း၊ ဥဒယဗ္ဗယဉာဏ် မဟုတ်သည်ကို ဥဒယဗ္ဗယဉာဏ်ဟု ထင်မြင်စေခြင်း ဝိပဿနာ၏ အညစ်အကြေး၊ အရောင်၊ အလင်း၊ အဆင်းနိမိတ်များကို ဈာန်ဟု၊ မဂ်ဟု ထင်စေခြင်း စသည်များသည် အဖျက်ဝိဇ္ဇာများ၏ ဖျက်ဆီးမှုပင် ဖြစ်သည်။





အဖျက်ဝိဇ္ဇာဆိုသည်မှာ တစ်ခါတစ်ရံ ပင်လယ်အတွင်း တွေ့မြင်ရတတ်သော၊ ပင်လယ်ကမ်းခြေများတွင် အများဆုံး တွေ့မြင်ရတတ်သည့် ဝင်ကစွတ်ကောင်နှင့် အလားသဏ္ဌာန်တူသည်ပေသည်။

ဤသည်မှာ ရှေးဆရာတော်ကြီးများ၊ ရွှေဥမင်ဆရာတော်ကြီးနှင့် ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်၊ ပဓာန နာယကအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဆရာတော်ကြီးများ၏ ကိုယ်တွေ့အရ မိန့်ကြားချက်များ ဖြစ်သည်။

ထို့ကြောင့် အချို့သော အဖျက်ဝိဇ္ဇာသည် ရုက္ခစိုးနတ်အယောင်ဆောင်၍ လှည့်ဖြားတတ်သည်။

အချို့သော အဖျက်ဝိဇ္ဇာတို့သည် မိမိကိုယ်ကို အဖျက်ဝိဇ္ဇာဟူ၍မပြဘဲ ဘီလူးအသွင်၊ သရဲအသွင်ပြသ၍ လူတို့အား ခြောက်လှန့်ကြကုန်၏။

အချို့သော အဖျက်ဝိဇ္ဇာတို့သည် လှပချောမောသော မိန်းမငယ်ယောင်ဆောင်ခြင်း၊ မိန်းမဖြင့် လှည့်ပတ်ဖြားယောင်းခြင်း လှပတင့်တယ်သော မိန်းမအသွင်ဆောင်၍ မပျက်၊ ပျက်အောင် ဖျက်ဆီးတတ်ကြပါသည်။

အချို့သော အဖျက်ဝိဇ္ဇာတို့သည် မိမိကိုယ်ကို အဖျက်



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာဟူ၍ မပြဘဲ မြွေအသွင်၊ နဂါးအသွင်၊ မျှော့အသွင် ပြသ၍ လူတို့အား ခြောက်လှန့်ကြကုန်သည်။

အချို့သော အဖျက်ဝိဇ္ဇာတို့သည် 'ငါအဖျက်ဝိဇ္ဇာပဲ'ဟု မပြောဘဲ၊ မပြဘဲ၊ ပထမံဘိုးဘိုးအောင် အယောင်ဆောင်၍ လှည့်ပတ်ဖျက်ဆီးတတ်ခြင်း၊ သူရဿတီနတ်သမီး အယောင်ဆောင်၍ လှည့်ပတ်ဖျက်ဆီးတတ်ခြင်း ရှိပါသည်။

မဂ်၊ ဖိုလ် မရသေးသည်ကို မဂ်၊ ဖိုလ် ရသယောင်ဖြင့် ဖျက်ဆီးတတ်ခြင်း၊ သမာဓိ မရသေးသည်ကို သမာဓိ ရရှိသယောင် စိတ်ထဲမှာ ထင်မြင်လာအောင် ဖျက်ဆီးတတ်ခြင်း၊ စျာန် မရသည်ကို စျာန်ရသည် ထင်မြင်လာအောင် ဖျက်ဆီးတတ်ခြင်း၊ ဝိဇ္ဇာမဖြစ်သည်ကို ဝိဇ္ဇာဖြစ်နေပြီဟု ထင်မြင်လာအောင် ဖျက်ဆီးတတ်ခြင်းသည် အဖျက်ဝိဇ္ဇာ၏လက္ခဏာပင် ဖြစ်သည်။

ထိုအဖျက်ဝိဇ္ဇာများသည် မိမိဖျက်ဆီးမည့် လူ၊ ရှင်၊ ရဟန်း အနေဖြင့် သိုက်တစ်ခုခုနှင့် နီးကပ်စွာ တည်ရှိနေသည်ဟု သိရလျှင် ထိုသိုက်ကို အမိန့်ပေး၊ အာဏာပေး၍ မပျက်ပျက်အောင် သိုက်ကို ဖျက်ဆီးခိုင်းတတ်သည်။ သို့ဖြစ်၍ သိုက်က နှောက်ယှက်သည်ဟု ဖြစ်လာရပါသည်။

ထို့ပြင် မိမိ ဖျက်ဆီးမည့် လူ၊ ရှင်၊ ရဟန်း၊ ယောဂီ၊ မိန်းမသည် သိုက်ကို ယုံကြည်တတ်မှု၊ နှစ်သက်တတ်မှု၊ အားကိုးတတ်မှု၊ နတ်ကို ယုံကြည်တတ်မှု၊ နှစ်သက်တတ်မှု၊ အားကိုးတတ်မှု ရှိမရှိကို အဖျက်ဝိဇ္ဇာများက လေ့လာစုံစမ်းပြီးမှ နတ်ကို ယုံကြည် အားကိုးတတ်လျှင် နတ်အယောင်ဆောင်၍ ဖျက်ဆီး





တတ်ကြသည်။

သိုက်ကို ယုံကြည်နှစ်သက်လျှင် သိုက်ယောင်ဆောင်ပြီး ဖျက်ဆီးတတ်ကြသည်။

ထိုအဖျက်ဝိဇ္ဇာသည် မိမိဖျက်ဆီးမည့် လူ၊ ရှင်၊ ရဟန်း၊ ယောဂီ၊ မိန်းမ စသည်တို့သည် တစ္ဆေသရဲ ကြောက်တတ်ခြင်း ရှိ၊ မရှိ။ ပြိတ္တာများ၊ ဘီလူးများကို ကြောက်တတ်ခြင်း ရှိ၊ မြွေများ၊ နဂါးများကို ကြောက်လန့်တတ်ခြင်း ရှိ၊ မရှိ စသည် တို့ကို ကြည့်ရှုဆင်ခြင်၍ မြွေကို ကြောက်လန့်တတ်သူကို မြွေနှင့် ဖျက်ဆီးတတ်သည်။

သရဲတစ္ဆေကို ကြောက်လန့်တတ်ပါက ထိုသရဲတစ္ဆေဖြင့် ခြောက်လှန့် ဖျက်ဆီးတတ်သည်။

ဤသို့သော သဘောကို မြင်သိတတ်ရပါမည်။

ထို့ပြင် ထိုအဖျက်ဝိဇ္ဇာများသည် ယောဂီ၊ မိန်းမ ခွဲ ခြားသတ်မှတ်၍ များသောအားဖြင့် ယောဂီများသည် သူတို့ ၏ အကျင့်၊ သီလ၊ သိက္ခာတရားများကို မိန်းမနှင့်သာ ဖျက်ဆီး ခံရမည်သို့မှုမခံနိုင်၊ အားလုံးပျက်စီးရသည်ဟု ယူဆထား သည်။

သို့ဖြစ်၍ အကျင့်၊ သီလ၊ သမာဓိတရားနှင့် ပြည့်စုံသော ယောဂီများအား အလွန်ချောမောလှပ၊ တင့်တယ်သော မိန်း မပျို မိန်းမယ်ယောင် ဆောင်၍လည်းကောင်း၊ နီးစပ်ရာတွင် ရှိသော မိန်းမတစ်ဦးဦးကို ဝင်စီးထား၍၊ ဝင်ပူးထား၍လည်း ကောင်း မပျက်ပျက်အောင် ဖျက်ဆီးတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညော်သည့်အဖျက်သမား၊ အဖျက်ဝိဇ္ဇာမဆို ဤနည်းပရိဘောယ်များဖြင့်သာ ကြံလျှင်ကြံသလို၊ အခွင့်အရေးရလျှင် ရသလို ဖျက်ဆီးတတ်ကြသည်။

သို့ဖြစ်၍ အားလုံးသော ပုဂ္ဂိုလ်များ သတိပြုရမည့် အချက်မှာ လောကုတ္တရာ အရိယာဝိဇ္ဇာလမ်းသည်လည်း အခန့်မသင့်လျှင် အဆင်မပြေလျှင် အနည်းအပါး အဖျက်ဝင်သေးသည်။ အစစအရာရာ သတိဝီရိယထားနိုင်ပါမှ တော်ကာကျပေသည်။

လောကီဝိဇ္ဇာ ဖြစ်သွားသည့် ပုဂ္ဂိုလ်များသည် တန်ခိုးအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ အာဏာအမျိုးမျိုး၊ သိဒ္ဓိအမျိုးမျိုးတို့ကို ပိုင်စိုး ရ၍ နတ်ပြည်(၆)ထပ်ရှိ နတ်များ၏ ကာမဇိဒ္ဓိတန်ခိုးကိုပင် လွှမ်းမိုး ချုပ်ကိုင်နိုင်သောကြောင့် နတ်များက မနာလို၊ မရှုစိမ့် ဖြစ်လာ၍ မလိုမုန်းထားကာ လောကီဝိဇ္ဇာလမ်း ကျင့်ကြံအားထုတ်သူကို နတ်များ ဖျက်ဆီးတတ်ပေသေးသည်။

ထို့ကြောင့် လောကီဝိဇ္ဇာလမ်းများကို အားကြိုးမာန်တက် ကျင့်ကြံပွားများ အားထုတ်ကြကုန်သော သူတော်ကောင်းတို့သည် သရဏဂုံ(၃)ပါးနှင့်တကွ (၅)ပါးသော သီလတော်မြတ်တို့ကို လုံခြုံစေရ၏။

နတ်များ၊ ဝိဇ္ဇာများ၊ သတ္တဝါ အများ ချစ်ခင်လေးစားအောင် နေထိုင်ကျင့်ဆောင်ရာ၏။

(၃၁)ဘုံအတွင်း တည်ရှိကြကုန်သော နတ်များ၊ သတ္တဝါများ၊ ဝိဇ္ဇာများကို အထူးမေတ္တာပို့သ၍ အထူးမေတ္တာဖြန့်ကျက်၍ မေတ္တာဖြင့် နေထိုင်ကျင့်သုံးကြရာသည်။

သီလတရားကို အားကိုးတတ်ကြရာ၏။

သမာဓိတရားကို အားကိုးတတ်ကြရာ၏။

မေတ္တာတရားကို အားကိုးယုံကြည်တတ်ကြကုန်ရာ၏။

သို့မှသာ ဤလောကီဝိဇ္ဇာလမ်းသည် အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်စေနိုင်တော့၏။

ထိုသို့မဟုတ်ပါက အလွန်အန္တရာယ်များပြား၏။ အနှောက်အယှက်၊ အဖျက်အဆီးလည်း အားကြီးလှပေသည်။

ကျင့်ကြံကြိုးကုတ် အားထုတ်နေသည့် ပုဂ္ဂိုလ်များသည် အရာရာသော ကိစ္စများကို သတိနှင့် ဆင်ခြင်၍ သမာဓိနှင့် ကြည့်ရှုပြီး ဟုတ်၏၊ မဟုတ်၏ကို ဆင်ခြင်တိုင်းထွာကာ သီလ၊ သမာဓိ၊ အကျင့်၊ သိက္ခာတရားကို လက်ကိုင်ထားပြီး ကြိုးစားအားထုတ်သင့်လှ၏။

အဖျက်ဝိဇ္ဇာတို့၏အပေါင်းအသင်းများမှာ-

(၁)လမိုင်းနတ်

(၂)ဥစ္စာစောင့်သိုက်

(၃)အောက်မိစ္ဆာဒိဋ္ဌိနတ်များ စသည်တို့ ဖြစ်ကြသည်။

လူပုဂ္ဂိုလ်အချို့သည် နဂိုမူလက အမှား ဖြစ်နေသည်ကို ထပ်ထပ်ပြီး မှားပြီးရင်း မှားနေအောင် ဖြစ်ပေါ်လာစေတော့သည်။ ထိုသို့ မှားယွင်းမှု ဖြစ်ပျက်နေခြင်းမှာ အဖျက်ဝိဇ္ဇာများ၊ အောက်နတ်များ၊ ဥစ္စာစောင့်သိုက်များက လူတစ်ဖက်သား၏ စိတ်ကို ထိုင်းမှိုင်းစေပြီး တိုက်တွန်းခြင်းကြောင့်လည်း ဖြစ်နိုင်







www.burmeseclassic.com

www.burmeseclassic.com



သည်။

ပတ်ဝန်းကျင် လောကကလည်း ထိုနတ်များ၊ သိုက်များပေါများရာ ရပ်ကွက်မျိုး၊ ကျေးရွာမျိုး ဖြစ်လျှင်လည်း ဤကဲ့သို့သော တိုက်တွန်းချက်မျိုး ဖြစ်နိုင်ပေသည်။

လောကုတ္တရာဝိဇ္ဇာလမ်း၊ အရိယာဝိဇ္ဇာလမ်းများကို အားထုတ်လို၍ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ တရားထိုင်ခြင်းများ ပြုလုပ်အားထုတ်ပြီး ကျင့်ကြံမည်ဆိုပါက စာတွေ့၊ ကိုယ်တွေ့၊ လောကီ၊ လောကုတ္တ ရာ၊ နှစ်ယ်စုံကျင့်ကြံအားထုတ်ဖူးသော၊ အချို့အဝက်ပေါက်မြောက် အောင်မြင်ဖူးသော ကမ္မဋ္ဌာနစရိယ ကောင်းကောင်းနှင့် တွဲကပ်၍ ထိုကမ္မဋ္ဌာနစရိယ၏အုပ်ချုပ်မှု၊ ထိန်းသိမ်းမှု၊ ကွပ်ကဲမှု၊ သွန်သင်ပြသမှုအောက်မှာ ကျင့်ကြံ အားထုတ်သင့်ပါသည်။

သို့မှသာ ကမ္မဋ္ဌာနစရိယက မိမိတွင် လိုအပ်နေသည်များကို ဖြည့်ဆည်းပေးနိုင်ပြီး ပိုနေသည်များကိုလည်း နှုတ်ယူပေးနိုင်ပေမည်။

လောကီဝိဇ္ဇာလမ်းတို့ကို ကြိုးစားအားထုတ်ကြမည့်ပုဂ္ဂိုလ်များသည်လည်း ထိုနည်းတူစွာ ဆရာသမားကောင်း၏အုပ်ချုပ်မှု၊ ကွပ်ကဲမှုအောက်တွင် အနီးကပ်သွန်သင်ပြသမှု ခံယူ၍ ကျင့်ကြံကြိုးကုတ် အားထုတ်သင့်ပေသည်။

ကျင့်ကြံပွားများ အားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား အဖျက်ဝိဇ္ဇာ၊ အဖျက်နတ်များ၊ သိုက်များ၊ လမိုင်းများ ဝင်ရောက်နှောက်ယှက်ခြင်း၊ ဖျက်ဆီးခြင်းများကို ခံရပြီဟု ဆိုပါက နှောက်





နှောင်အားထုတ်ပါလျှင်လည်း ဝင်လက်စ၊ ဖျက်ဆီးလက်စရှိနေလျှင် အမြဲတမ်း အားထုတ်တိုင်း၊ အားထုတ်တိုင်း ဝင်ရောက်ဖျက်ဆီး၍ နေလေသည်။

ထိုအခြေအနေမျိုး ကြုံတွေ့ရပါက ပွားများအားထုတ်မှုများကို ချက်ချင်း ရပ်တန့်ထားသင့်သည်။ ခံစားနေရသော ရောဂါဝေဒနာများကို သက်ဆိုင်ရာ ဆရာဝန်များဖြင့် ကုသမှု ပြုရသည်။

သို့ဖြစ်၍ မည်သည့် အလုပ်ကိစ္စမျိုးကိုမဆို သတိရှိနေသင့်ပါသည်။

သတိ လက်ကိုင်ထားနေသမျှ ကာလပတ်လုံး အဖျက်အဆီး၊ အနှောင့်အယှက်များသည် လွယ်လွယ်ကူကူ မဝင်နိုင်၊ ဖျက်နိုင်ပေ။

သတိလက်လွှတ်ပြီး ထင်ရာမြင်ရာများကို ပေါ့ပေါ့ဆဆသဘောထားပြီး၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ဘာသိဘာသာ နေထိုင်ကျင့်သုံးနေပါက အဖျက်ဝိဇ္ဇာများ၊ အဖျက်မိစ္ဆာနတ်များ၊ အချိန်မရွေး ဝင်ရောက်ဖျက်ဆီးနိုင်ကြောင်းကို သတိထားသင့်ကြပေသည်။

အချို့ပုဂ္ဂိုလ်တို့ကတော့ ထိုကဲ့သို့ အဖျက်ဝိဇ္ဇာများရောက်လာပြီး နှောက်ယှက်ကြသည်ကိုပင် ကျေးဇူးတင်ကြသည်။ အဘယ်ကြောင့်ဆိုသော်. . .

မိမိတို့ ကျင့်ကြံအားထုတ်နေသော သီလ၊ သမာဓိအဆယ်မျှ စိတ်ချနေရသည်ကို မိမိတို့ကိုယ်တိုင် မသိနိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ လာရောက်နှောက်ယှက်တော့မှ ခိုင်ခံ့မှု ရှိမရှိ
ကို သိကြရတော့သည်။

သီလ စမ်းသည်ဟုလည်း ခေါ်ကြသည်။

မည်သို့ပင်ရှိစေ. . .

ဝိပဿနာလမ်းစဉ်ကိုပဲလိုက်လိုက်၊ မဟာဂန္ဓာရီ လမ်း
စဉ်ကိုပဲသွားသွား၊ အဖျက်ဝိဇ္ဇာတို့၏ စမ်းသပ်မှုနှင့်တော့ မလွဲ
သွေ ကြုံတွေ့ကြရမည် ဖြစ်သည်။

ထိုအဖြစ်အပျက်များထဲမှ ထူးခြားသော အကြောင်းအ
ရာတို့ကို ရွေးချယ်ဖော်ပြပေးပါမည်။



## အခန်း(၄)

## ကျောက်လက်ဝါးနှင့် ထူးဆန်းသောအသံ

အချိန်ကာလမှာ ၁၉၀၀ ပြည့်နှစ် လွန်မြောက်ကာစ
လ ဖြစ်သဖြင့် ယခုအချိန်မှဆိုလျှင် နှစ်ပေါင်းတစ်ရာကျော်
နှံ့ အချိန်ကာလခန့် ဖြစ်သည်။

မြန်မာနိုင်ငံမှာလည်း အင်္ဂလိပ်များ လက်အောက်မှာ
ရှိနေသေးသောကြောင့် ကျေးလက်၊ တောရွာများ မဆိုထား
မြို့များမှာပင် စည်ကားတိုးတက်မှု မရှိကြပေ။

ဗြိတိသျှတို့က မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ကြ
ရည်ရွယ်ချက်မှာ ခေတ်မီတိုးတက်အောင် ပြုလုပ်ပေး
မဟုတ်ပေ။

မိမိတို့ မြန်မာနိုင်ငံမှထွက်သော အဖိုးတန်သယံဇာတ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို ရသလောက် ထုတ်ယူကြရန် ရည်ရွယ်ချက် ဖြစ် သည်။

မြန်မာနိုင်ငံမှ ထွက်သော သယံဇာတတို့ကို မြန်မာနိုင်ငံ သားများ မသုံးရဘဲ နိုင်ငံခြားသို့ ရောက်ရခြင်းမှာ အင်္ဂလိပ်လက် ထက်မှစခဲ့ပြီး ယခုထက်တိုင် ဆက်လက်လုပ်ဆောင်နေသော စီမံကိန်း ဖြစ်နေတော့သည်။

ရွှေ၊ ငွေ၊ သတ္တု၊ ကျောက်မျက်ရတနာ၊ ကျွန်းသစ်၊ ရေနံ ဆန်စပါးတို့ကို ရောင်းချပြီးတော့ ယခုရှိသမျှ သစ်တော များ ခုတ်ရောင်းသည်။ တောင်များ ဖြိုရောင်းသည်။

နောက်ဆုံး ရွှေ့ယူ၍မရသော မြစ်များကိုပါ လက်ညှိုး ထိုး ရောင်းစားကြတော့သည်။

နှစ်အနည်းငယ်ကြာလျှင်တော့ မြန်မာပြည်ဆိုသည်မှာ တောတောင်သစ်ပင်များ လုံးဝမရှိတော့သည့် လွင်တီးခေါင်ထဲ သို့ ဖြစ်နေတော့မည်မှာ မလွဲပေ။

ထို့ကြောင့် တောအကြောင်း၊ တောင်အကြောင်းများ အကြောင်းကို ရေးရမည်ဆိုလျှင် ယခုလက်ရှိ အခြေအနေမျိုးနှင့် ရေးပြလို့တော့ ရေးတာတခြား၊ လက်တွေ့ အခြေအနေကတ ခြား ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့်ပင် လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော် သော် ကာလအခြေအနေကို ပြန်လည်ရေးသားခြင်း ဖြစ်ပေ သည်။

၁၉၀၀ပြည့်နှစ် ပတ်ဝန်းကျင်တစ်ဝိုက်က ကျိုက်ထီးဆိုင်း





တောင်နှင့် အနီးတစ်ဝိုက်မှာ တောတောင်များက ညို့နေအောင် ဆောင်းလှသည်။

ထို့ကြောင့် တောင်များပေါ်မှာ တရားအားထုတ်သူများ၊ ဝိဇ္ဇာလမ်းစဉ် လိုက်ကြသူများအတွက် နားခိုစခန်းချရာ နေရာ များ ဖြစ်ခဲ့ကြသည်။

ရှေးအခါက ကျောက်လုံးတောင်ကြီးတောင်ဟု အမည် ရှိခဲ့သော်လည်း နောက်ပိုင်း ထိုတောင်ပေါ်သို့ ဆရာတော်ကြီး တစ်ပါး ကြွရောက်လာပြီး ထွက်ရပ်ပေါက်လမ်းစဉ်များ ပြုလုပ် ခဲ့ရာမှ ဒေသခံများက ရသေ့ခိုတောင်ဟု ခေါ်ဝေါ်ကြသည်။

(နောက်ပိုင်းတော့ ရသေ့ခိုဆရာတော်ကြီးမှာ ပေါက် မြောက် အောင်မြင်ပြီး ထွက်ရပ်လမ်းသို့ ကြွမြန်း သွားခဲ့ချေ သည်။)

ဆရာတော်ကြီးရှိစဉ်က တောင်ပေါ်တွင် စေတီများ တည်ခြင်း၊ ကျောင်းဆောက်ခြင်းများ ပြုလုပ်ရာ တောင်ခြေမှာ ရှိသော ရွာများမှ နေထိုင်သူတို့လည်း စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရလေသည်။

ဆရာတော်ကြီးက သူအလိုရှိသော (ဘုရားတည်၊ ကျောင်းဆောက်ရာတွင် ပြုလုပ်သော ပစ္စည်းများ) ပစ္စည်းများ ကို ဝယ်ယူပြီး တောင်ထိပ်ပေါ် ရောက်အောင် တင်ပို့ခိုင်းလေ သည်။

ပစ္စည်းဝယ်ယူရန် ငွေအပြင် အလုပ်လုပ်ပေးသူများအ တွက် လည်းလုံလောက်သော ငွေများပေးလေရာ ထိုအချိန်က



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ခိုတောင်တစ်ဝိုက်မှာ တက်သူဆင်းသူ မပြတ်ရှိကြသည်။

ထိုတောင်ပေါ်သို့ တက်ရောက်ရန် လမ်းအမျိုးမျိုးရှိလေရာ ကင်ပွန်းစခန်းဘက်မှာရှိသော ရွာများမှ ကင်ပွန်းချောင်းကို ကျော်ဖြတ်ပြီး အရှေ့ဘက်မှ တက်ကြရသည်။ ထောင်တိုင်ကြီးရွာမှဆိုလျှင် တောင်ဘက်မှ တက်ကြရလေသည်။

နီမောင်တို့နေသော မဟာမြိုင်ရွာမှဆိုလျှင် မြောက်ဘက် တောင်ကြောဘက်မှ တက်ကြရသည်။

ယခုလည်း မြောက်ဘက်တောင်ကြောအတိုင်း လူလေးယောက် တောင်ပေါ်သို့ တက်လာကြသည်။

တကယ်ဆိုမူ အခြားဘက်မှ တက်သောလမ်းများမှာ တောင်တက်လမ်း မတ်စောက်လှပြီး ကင်ပွန်းချောင်းရှိသည့် အရှေ့ဘက်လမ်းမှ တက်လျှင်သာ တောင်တက်လမ်း ပြေပြစ်လေသည်။

တကယ်တော့ တောင်က အရှေ့အနောက် သွယ်တန်းထားခြင်း ဖြစ်ကာ အရှေ့ဘက်မှာ တောင်နှာမောင်းဆင်သော နေရာဖြစ်သောကြောင့် တောင်တက်လမ်း အနည်းငယ် ပြေပြစ်ခြင်းဖြစ်၏။

မြောက်ဘက် တောင်တက်လမ်းမှာလည်း ထူထပ်လှသော ဝါးတောကြီးများအား ဖြတ်တက်ကြရလေသည်။

ယခင်ကတော့ တက်လမ်းဆင်းလမ်း သီးခြားမရှိပေ။

နောက်ပိုင်း ဆရာတော်ကြီး ရှိသဖြင့် အတက်အဆင်း ပြုလုပ်ကြရာမှ အတက်အဆင်း လွယ်ကူအောင် လမ်းကြောင်း





များ ဖောက်ထားခြင်း၊ အချို့နေရာများမှာ တက်ရဆင်းရ လွယ်ကူအောင် လှေခါးထစ်များသဖွယ် ပြုလုပ်ထားကြသဖြင့် ယခင်ကနှင့်စာလျှင်တော့ တက်ရဆင်းရ လွယ်ကူနေချေပြီ။

ယခု ထိုလမ်းမှ တက်လာကြသော လူလေးယောက်မှာ မဟာမြိုင်ရွာမှာ နေကြသည့် စောထီး၊ ငမဲအောင်နှင့် နီမောင်တို့ သုံးယောက်နှင့်အတူ ရသေ့တစ်ပါးလည်း ပါလာလေသည်။

နီမောင်တို့နှင့် ပါလာသော ရသေ့မှာ ထိုရွာမှာ နေသည်တော့ မဟုတ်ပေ။

အခြားတစ်နေရာမှ ရောက်လာခြင်းဖြစ်ပြီး တောင်ပေါ်လိုက်လိုသည် ပြောသဖြင့် တစ်ပါတည်း ခေါ်လာခဲ့ခြင်းဖြစ်သည်။

နီမောင်တို့သုံးယောက်မှာ ကျောခြမ်းလွယ်ထားသော ခြင်းတစ်ခြင်းစီနှင့် ရေဗူး၊ ဓား စသည်တို့ ပါသည်။

ရသေ့ကတော့ တောင်ဝှေးတစ်ချောင်းနှင့် လွယ်အိတ်တစ်လုံးသာ ပါလေသည်။

နံနက်ပိုင်းကတည်းက ရွာမှထွက်ပြီး တောင်ပေါ်တက်လာရာ နံနက်ပိုင်း အချိန်ကျော်သည်အထိ တောင်ထိပ်ပေါ်သို့ မရောက်ကြသေးပေ။

နီမောင်တို့သုံးယောက်ချည်းဆိုလျှင် နှစ်နာရီခန့် ကြာအောင်တက်လျှင် တောင်ထိပ်ပေါ်သို့ ရောက်သွားနိုင်သည်။

ယခု ရသေ့ပါနေသောကြောင့် တက်လိုက်၊ နားလိုက်နှင့် ဖြေးဖြေးချင်း တက်နေကြရာ ထိုမျှ အချိန်ကြာနေကြခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ရသေ့ကြီး၌ ပါလာသော အထုပ်တစ်ထုပ်ကိုပင် သူတို့ ခြင်းတောင်းထဲ ထည့်ထမ်းလာကြလေသည်။

တက်လိုက်၊ နားလိုက်နှင့် တက်ခဲ့ကြရာ နံနက်ဆွမ်းခံ ပြန်ချိန်လောက်တွင် တောင်ပေါ်သို့ ရောက်သွားကြသည်။

ဆရာတော်ကြီးနှင့် တွေ့ပြီးသောအခါ ၎င်းတို့ ယူလာသော ပစ္စည်းထုပ်များကို ကပ်လှူလိုက်ကြသည်။

"နီမောင်တို့ပါလား ဘာတွေလဲ"

"တပည့်တော်တို့ တောင်ပေါ်ကို အထမ်းလိုက်လို့ ရတဲ့ ပိုက်ဆံနဲ့ ဆရာတော်ကြီးအတွက် ဆန်လာပို့ပေးတာပါ ဘုရား"

"သာဓုကွယ်၊ သာဓု၊ သာဓု၊ ဒါထက် သူက ဘယ်သူလဲ"

ဆရာတော်ကြီးက ရသေ့ကို ကြည့်ကာ မေးသည်။

"တောင်ပေါ်တက်ချင်တယ်ဆိုလို့ ခေါ်လာတာပါ ဘုရား"

ထိုအခါ အတူပါလာသော ရသေ့က အကျိုးအကြောင်း လျှောက်ထားလေသည်။

"တပည့်တော် ဒီတောင်ပေါ်မှာ နောက်ဆုံး ဂန္ဓာရီ စခန်းဝင်ချင်လို့ပါ ဘုရား၊ ခွင့်ပြုပေးပါ"

"ကျင့်ကြံအားထုတ်မှုကရော အတော်ကလေး ခရီး ရောက်နေပြီလား"

"ပြီးသလောက် ရှိနေပါပြီ ဘုရား၊ ဒီတစ်ဆင့် ပြီးရင်တော့ ကိစ္စပြီးလောက်မယ် ထင်ပါတယ်"





"ကြိုးစားပေါ့လေ၊ ကြိုးစားရင် ဘယ်အရာမဆို ဖြစ်နိုင်ပါတယ်၊ ဒီတောင်ပေါ်မှာတော့ ဘယ်နေရာမှာမဆို ကျင့်ကြံအားထုတ်လို့ ရပါတယ်"

"ကောင်းပါပြီ ဘုရား"

ရသေ့က ဆရာတော်ကို ကန်တော့ပြီး နီမောင်တို့ထံမှ ၎င်းအထုပ်ကို ယူကာ ထွက်သွားလေတော့သည်။

ထိုရသေ့မှာ အသက် ၆၀ ဝန်းကျင် အရွယ်ခန့်ရှိပြီး နှုတ်ခမ်းမွေး၊ နှုတ်ခမ်းမွေးအရှည်များ ရှိသည်။

ဆံပင်ရှည်အချို့ကိုတော့ ထိပ်ပေါ်မှာ စုထုံးထားလေသည်။

ထို့နောက်မှာတော့ နီမောင်တို့သုံးယောက်လည်း ဆရာတော်ကြီးကျွေးသော အစားအသောက်များကို ဗိုက်ပြည့်အောင် စားသောက်ကြပြီးနောက် ဝေယျာဝစ္စကိစ္စတို့ကို လုပ်ပေးကြရလေသည်။

ရေခပ်သူကခပ်၊ မီးထည့်ရန်အတွက် သစ်ပင်ခြောက်များ ရှာသူကရှာ၊ ရလာသော သစ်ခြောက်များကို ပိုင်းဖြတ်၊ ပေါက်ခွဲပေးသူက ပေးကြလေသည်။

ဒါက တောင်ပေါ်ရောက်တိုင်း သူတို့ လုပ်ပေးနေကျ အလုပ် ဖြစ်လေသည်။

နေ့လည်ဘက် အချိန်ထိ လုပ်ကိုင်ပေးပြီးမှ တောင်ပေါ်မှ ပြန်ဆင်းကြလေသည်။

ထိုသို့ ဆင်းလာရင်းနှင့် သစ်သီးများ ရှာဖွေခြင်း၊ မှို၊



www.burmeseclassic.com

www.burmeseclassic.com



မျှစ်စသည်တို့ ရှာဖွေကာ ရသမျှကို ပါလာသော ခြင်းတောင်းများအတွင်း ထည့်ကြလေသည်။

မိုးဦးကျ ရာသီရောက်လျှင် ဒူးရင်းသီး၊ ပိန္နဲသီး၊ ဒညင်းသီး၊ မရမ်းသီးများ ပေါသည့်အပြင် ဝါးတောများအတွင်းမှာ မှိုနှင့်မျှစ်တို့ ပေါလှသည်။

ထိုအသီးအနှံတို့ကို ရသမျှ ယူဆောင်သွားပြီး အိမ်မှာလည်းစား၊ ပိုလျှံသော အသီးအနှံတို့ကို ကင်ပွန်းချောင်ဈေးနှင့် ကျိုက်ထိုဈေးအထိ သွားရောက်ရောင်းချပါက သူတို့အတွက် ဝင်ငွေရနိုင်ကြသည်။

ထို့ကြောင့် နေရာအနှံ့ လိုက်လံရှာဖွေနေကြစဉ် တစ်နေရာရောက်တော့ ထူးခြားသော အသံကို ကြားရလေသည်။

အခြားတော့ မဟုတ်ပေ။

သူတို့ ရောက်နေရာနှင့် မနီးမဝေး နေရာဆီမှ သီချင်းဆိုနေသောအသံ ကြားရခြင်း ဖြစ်သည်။

[illegible] သီချင်းဆိုသံ ကြားရခြင်းကား [illegible] တော့ မဟုတ်ပါချေ။

ယခု ကြားနေရသော အသံက အမျိုးသမီးတစ်ယောက် အသံ ဖြစ်သည်။

"ဟိုဘက်က သီချင်းဆိုသံ ကြားရတယ်"

"တောင်ပေါ်လာတဲ့ အဖွဲ့တွေ ဖြစ်မှာပေါ့"

"တောင်တက်အဖွဲ့တွေ ဟုတ်ချင်မှ ဟုတ်မယ်၊ အခု ကြားနေရတာက တစ်ယောက်တည်း သီချင်းဆိုနေတဲ့ အသံမျိုး





ဗျ"

"ဒီလိုဆိုရင်တော့ မဟုတ်ကာမှလွဲရော၊ ငါတို့ကို တောခြောက်နေတာပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဥစ္စာစောင့်မတွေ သီချင်းဆို နေတာပဲဖြစ်ဖြစ်၊ တစ်ခုခု ဖြစ်လိမ့်မယ်"

"နေ့ခင်းကြောင်တောင်ကြီးပဲကွာ၊ ကြောက်စရာမလိုပါဘူး၊ သွားကြည့်ကြရအောင်"

နီမောင်ကတော့ ကိုယ့်အလုပ်ကိုပဲ လုပ်ချင်သည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က စိတ်အားထက်သန်နေသောကြောင့် နောက်မှ လိုက်သွားလေသည်။

အသံကြားသောနေရာနှင့် မနီးမဝေး ရောက်တော့ အခြားအသံများ မကြားရတဲ့ မိန်းကလေးတစ်ယောက်၏ လွမ်းလွမ်းဆွေးဆွေး အသံမျိုးဖြင့် ဆိုနေသော သီချင်းသံကို ကြားကြရသည်။

နီမောင်တို့သုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နေရာမှာ ရပ်လိုက်ကြသည်။

အသံကြားသော နေရာက သူတို့ ရောက်နေသော နေရာနှင့် မဝေးလှတော့ပေ။

"သွားကြည့်ရအောင်"

စောထီးက တက်တက်ကြွကြွဖြင့် ရှေ့မှ လျှောက်သွားလေရာ ကျန်နှစ်ယောက်က နောက်မှ လိုက်သွားကြလေသည်။

သူတို့သိရသလောက်တော့ အနောက်ဘက်တွင်တောင်မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများသာ ရှိတော့သည်။

သူတို့သုံးယောက် ခြေသံကြားရ၍လား မပြောတတ်ပေ။

သီချင်းဆိုသံက ချက်ချင်းရပ်သွားလေသည်။

ထို့ကြောင့် ခြေလှမ်း ခပ်သွက်သွက်ဖြင့် ရှေ့သို့ တိုးသွားကြလေသည်။

နောက်ဆုံးတော့ သစ်တောအတွင်းမှ အပြင်ဘက်သို့ ရောက်သွားကြလေတော့သည်။

ရှေ့မှာ ဘာမှ မရှိတော့ပေ။

ချောက်ကမ်းပါးကြီးသာ ရှိတော့သည်။

ထိုနေရာမှာတော့ သစ်ပင်ကြီးများ ရှိပြီး သစ်ပင်ကြီးများအပေါ်သို့ ဂုံညင်းနွယ်ကြီးများ တက်နေကြသည်။

အချို့ဂုံညင်းနွယ်များမှာ နှစ်ပေါင်းများစွာ ကြာပြီ ဖြစ်သောကြောင့် နေရာအနှံ့အပြားသို့ ကျနေရုံမကဘဲ အချို့မှာ ချောက်ထဲသို့ ကျနေသည်။

အပင်အောက်မှာတော့ ဂုံညင်းတောင့်များမှ ရင့်မှည့်ကာ ကွဲအက်ကျနေသော ဂုံညင်းစေ့များကို အများအပြား တွေ့ကြရသည်။

ထိုနေရာမှာ ဂုံညင်းစေ့များနှင့် ဂုံညင်းနွယ်ကြီးမှ လွဲပြီး သက်ရှိလူတော့ တစ်ဦးတစ်ယောက်မျှ မတွေ့ကြရပေ။

"စောစောက အသံကြားရတာ ဒီနေရာက မဟုတ်လား"

"ဟုတ်တယ်"

"အခု ဘယ်ရောက်သွားပြီလဲ"

"ငါလည်း ဘယ်သိပါ့မလဲ"

"တစ်နေရာမှာ ပုန်းနေသလား၊ လိုက်ရှာကြည့်ကြရအောင်"

ထိုသို့ ပြောပြီး သုံးယောက်သား ဂုံညင်းနွယ်များကြားသို့ လိုက်လံရှာဖွေကြလေသည်။

သို့သော်လည်း မတွေ့ရဘဲ အသံရှင်ကတော့ ပျောက်မြဲပျောက်နေလေသည်။

ထိုသို့ လိုက်ရှာရင်းနှင့် နီမောင်က ချောက်ကမ်းပါးစွန်းသို့ ရောက်လာသည်။

ထိုနေရာမှာ ကမ်းပါးမတ်စောက်သော နေရာ ဖြစ်သည်။

ချောက်ကမ်းပါးစွန်းမှ အနောက်ဘက်သို့ မျှော်ကြည့်ပါက တောင်တန်းအချို့ကို လှမ်းမြင်ရသည်။

တောင်ခြေမှာရှိသော ရွာအချို့ကို တစွန်းတစ လှမ်းမြင်ရသည်။

သစ်တောများကြားမှ မြွေတစ်ကောင်ကဲ့သို့ ကွေ့ကွေ့ကောက်ကောက် ရှိနေသော မြစ်ချောင်းများကိုလည်း တွေ့ရသည်။

ကမ်းပါးပြတ်ကြီးများမှာ မတ်စောက်လှသောကြောင့်







www.burmeseclassic.com

www.burmeseclassic.com



ထို နေရာဘက်မှ အတက်အဆင်း မလုပ်ကြပေ။

နီမောင်က ချောက်ကမ်းပါးမှရပ်ကာ အောက်သို့ ငုံ့ကြည့်သည်။ ဂုံညှင်းနွယ်အချို့သာ ချောက်ထဲသို့ တွဲလောင်းကျနေပြီး အခြားတော့ ဘာမှမရှိပေ။

ချောက်ထဲတွင် ကျောက်နံ့ယံမှ ထွက်ပေါက်နေသော သစ်ပင်အချို့နှင့် ကျောက်စွန်းအချို့ကို မြင်ရသည်။

ကျောက်စွန်းများရှိသော နေရာမှာပင် အပေါ်မှ အတော်ဝေးသည်။

တစ်နေရာမှာတော့ ထူးထူးခြားခြား အရာတစ်ခုကို မြင်ရလေသည်။

အခြားမဟုတ်ပေ။ ချောက်ကမ်းပါးနံ့ယံမှ လက်ကြီးတစ်ဖက် အပြင်သို့ ထွက်နေခြင်း ဖြစ်သည်။

လက်ဝါးဖြန့်ထားသည့် အနေအထားအတိုင်း ဖြစ်နေသည့် ကျောက်လက်ဝါးကြီးပင် ဖြစ်သည်။

ကျောက်လက်ဝါးကြီးက အပြင်ဘက်သို့ တစ်တောင်ဆစ်လောက်အထိ ထွက်နေခြင်း ဖြစ်သည်။

နီမောင်က ကျန်နှစ်ယောက်ကို ခေါ်ပြတော့ စောသီးနှင့် ငမဲအောင်တို့ ရောက်လာပြီး ငုံ့ကြည့်ကြသည်။

"ကျောက်လက်ဝါးကြီးပါလား"

"ဟုတ်တယ်၊ အရင်က ဒီနေရာမှာ ကျောက်လက်ဝါးကြီး ရှိနေတယ်လို့ ပြောသံမကြားမိပါဘူး"

"အတော်လေးတော့ ထူးဆန်းတယ်၊ ဆင်းကြည့်ကြမ





သား"

နီမောင်က မေးလိုက်သည်။

"မလုပ်ပါနဲ့ကွာ၊ မြင်တာနဲ့တင် အတော်ကြောက်စရာကောင်းနေပြီ"

"ဟုတ်တယ်၊ ဒီနေရာက အမြန်သွားကြရအောင်၊ ငါတို့လိုက်ရှာတော့လည်း သီချင်းဆိုတဲ့ မိန်းကလေးကို မတွေ့ရတော့ပါဘူး၊ ငါတို့ တောခြောက်ခံရတာပဲ ဖြစ်မှာပါ"

ထိုသို့ ပြောပြီးနောက် နေရာမှ ထလိုက်ကြသည်။

ထို့နောက် နီမောင်က ပါလာသော ဓားဖြင့် အနီးမှာရှိနေသော သစ်ပင်ကြီးတစ်ပင်၏ပင်စည်မှ သစ်ခေါက်များကို ခွာချကာ အမှတ်အသား ပြုလုပ်ထားခဲ့ပြီး သုံးယောက်သား ထိုနေရာမှ ပြန် ထွက်ခဲ့ကြလေသည်။

သူတို့ထွက်လာပြီး မနီးမဝေး ရောက်သောအခါ စောစောက ကြားရသော သီချင်းသံက ပြန်ပေါ်လာပြန်သဖြင့် ရပ်ပြီးနားထောင်ကြသည်။

စောစောက ကြားရသော အသံနှင့်၊ စောစောက ကြားရသောသီချင်းပင် ဖြစ်ပေသည်။

သို့သော်လည်း ထိုနေရာသို့ တစ်ခေါက်ပြန်မသွားဝံ့တော့ပေ။

"ဟော. . စောစောက ကြားရတဲ့ သီချင်းသံကြားရပြန်ပြီ"

"ဒါဆိုရင် သေချာပြီ၊ ငါတို့ကို တောခြောက်နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ ပရလောကသားတွေက လှည့်စားလို့ပဲဖြစ်ဖြစ်၊ တစ်ခုခု တော့ ဖြစ်မှာပဲ"

"လာပါကွာ၊ ဘာပဲဖြစ်ဖြစ်၊ ဒီလို နေရာမျိုးနဲ့ ဝေးနိုင်သမျှ ဝေးဝေးရောက်အောင်သွားတာ အန္တရာယ်အကင်းဆုံးပါပဲ၊ သွားကြစို့"

ဟု ပြောဆိုကာ သုံးယောက်သား ထိုနေရာမှ ခတ်သုတ်သုတ် ထွက်လာကြလေသည်။

ချောက်ကမ်းပါးရှိသော နေရာဘက်မှာတော့ သီးချင်းဆိုသံက ပေါ်ထွက်နေဆဲပင် ရှိသေးသည်။



# အခန်း(၅)

## ရသေ့ကျချောက်မှ တရားခံ

ရသေ့ခိုတောင်နှင့် မနီးမဝေးတွင် ကျောက်တောင်နံယံတွင် သဘာဝအလျောက် ဖြစ်ပေါ်နေကြသည့် ဂူပေါက်များ ရှိသည်။

အချို့မှာ ခပ်ကျဉ်းကျဉ်းသာ ရှိပြီး၊ အချို့မှာ အတော်အကျယ်ဝန်းလေသည်။

တောင်ထိပ်ပေါ်၌ သီတင်းသုံးနေသော ရသေ့ခိုဆရာတော်ကြီးထံသို့ လာရောက်ခွင့်တောင်းပြီး တရားအလုပ်လုပ်နေသည့် ရသေ့မှာ တောင်ထိပ်နှင့် မနီးမဝေး ကျောက်ဂူတစ်ဂူထဲ၌ နေထိုင်လေသည်။

၎င်းသည် တရားထိုင်သော အလုပ်နှင့် ပုတီးစိပ်ခြင်း



www.burmeseclassic.com

အလုပ်ကို စွဲစွဲမြဲမြဲ လုပ်လေသည်။

သူသည် တောင်ပေါ်သို့ ရောက်တာ ရက်အတန်ကြာခဲ့လေပြီ။ ယခုအချိန်အထိတော့ သူ့အလုပ်ကို ဖြောင့်စွာ လုပ်နေနိုင်ဆဲပင် ရှိသေး၏။

ဆရာတော်ကြီးကဲ့သို့ပင် သစ်သီးများ ရှာဖွေစားသောက်ပြီး အချိန်အတော်များများတွင် ပုတီးစိပ်ခြင်းဖြင့်သာ နေလေသည်။

ထိုဂူအတွင်းသို့ ရောက်စမှာတော့ အနှောက်အယှက် အချို့ နှင့် တွေ့ရသေးသည်။

ပထမပိုင်းတွင် ကြီးမားသော မြွေကြီးများ ဂူထဲဝင်လာကြသည်။

ပုတီးစိပ်နေသော ရသေ့တစ်ကိုယ်လုံးပေါ်သို့ တက်ပြီး အတန်ကြာတော့ သူ့ဖာသာ ပြန်ထွက်သွားလေသည်။

နောက်ညတွေမှာတော့ ဝက်ဝံ၊ ကျားသစ်စသော တောတိရစ္ဆာန်တို့ ဂူထဲဝင်လာကြသည်။

လူကို အန္တရာယ်မပေးသော်လည်း ကြောက်စရာကောင်းသော ဟန်အမျိုးမျိုးဖြင့် အနီးမှာ တစ်ချိန်လုံးရှိနေကြပြီး အချိန်တန်တော့ အပြင်ဘက်သို့ ပြန်ထွက်သွားကြသည်။

ရသေ့ကြီးအနေဖြင့် အသက်အရွယ်လည်းကြီး၊ အတွေ့အကြုံကလည်းများ၊ ကျင့်ကြံအားထုတ်မှုကလည်း အတော်အတန် ခရီးပေါက်နေသောကြောင့် တော်ရုံအနှောင့်အယှက်များလောက်တော့ ဂရုမစိုက်ဘဲထားနိုင်လေသည်။





နောက်ပိုင်းရက် အတန်ကြာတော့ အမျိုးသမီးအချို့ ရောက်လာပြီး နည်းအမျိုးမျိုးဖြင့် စမ်းသပ်ကြပြန်လေသည်။

အချို့ ရနံ့ဖြင့်စမ်းသည်။ အချို့ အသံဖြင့်စမ်းသည်။ အချို့ တင့်တယ်လှပသော ရုပ်ဖြင့်စမ်းသည်။ အချို့ကတော့ ထိတွေ့မှုအာရုံဖြင့် စမ်းကြသည်။

ရှင်ရသေ့သည် ထိုအတွေ့အကြုံများကိုလည်း ကောင်းစွာကျော်လွှားနိုင်ခဲ့လေသည်။

ထိုကဲ့သို့ နည်းအမျိုးမျိုးနှင့် လာရောက်စမ်းခြင်းများကိုလည်း နောက်တစ်နေ့ရောက်ပါက ဆရာတော်ကြီးထံသို့ သွားရောက် လျှောက်ထားလေသည်။

"အဖျက်တရားတွေက နေရာတကာမှာရှိတာပဲ၊ ဘယ်သူတွေက ဘယ်လိုပဲ လာဖျက်ဖျက် ကိုယ့်တရားမပျက်စေနဲ့"

ဟုသာ တိုတိုတုတ်တုတ် မိန့်ကြားလေသည်။

ဤသို့ဖြင့် ဆက်လက်အားထုတ်သွားရာ ရက်အတန်ကြာသောအခါ ညအချိန်ပုတီးစိပ်နေစဉ် ဂူအတွင်းသို့ ပုဂ္ဂိုလ်တစ်ဦး ဝင်လာလေတော့သည်။

ထိုပုဂ္ဂိုလ်မှာ တစ်ကိုယ်လုံး ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး ဦးခေါင်းပေါ်မှာ ပေါင်းထုပ်ကို ပေါင်းထားသည်။

လက်ထဲမှာတော့ တောင်ဝှေးနှင့်ပုတီးကို ကိုင်ထားသည်။

ရင်းကိုယ်ခန္ဓာမှ အလင်းရောင်ထွက်နေရာ ဂူထဲမှာလင်းနေလေသည်။

www.burmeseclassic.com



ဂုဏ်က မနီးမဝေးမှာ လာရပ်တော့ ရှင်ရသေ့က ပုတီး စိပ်နေရာမှ ရပ်ကာ မေးလိုက်သည်။

"ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ"

"ဘိုးဘိုးအောင်ပါ ဘုရား"

"ဘယ်အတွက် ကြွလာတာလဲ"

"အရှင်ဘုရားကို လျှောက်စရာရှိလို့ လာတာပါ၊ ယခု အရှင်ဘုရား ကျင့်ကြံအားထုတ်တဲ့အဆင့်က အတော်ကလေး ခရီးပေါက်နေပါပြီ၊ ဒီနည်းအတိုင်း မအိပ်မနေ ၄၉ ရက်ပြည့် အောင် ဆက်လက် အားထုတ်ရင် အာကာသသိဒ္ဓိပေါက်နိုင်ပါပြီ ဘုရား"

ထိုစကားကြားသောအခါ ရှင်ရသေ့မှာ များစွာ ကျေနပ် မှု ဖြစ်သွားလေသည်။

စိတ်ထဲ၌လည်း တစိမ့်စိမ့်နှင့် ပီတိဖြစ်လာမိလေသည်။

ထိုကဲ့သို့ လျှောက်ထားပြီးသည်နှင့် ဖျပ်ကနဲ ပြန်ပျောက် သွားလေတော့သည်။

ဂူတွင်းမှာလည်း အလင်းရောင် ပျောက်သွားသည်။

နံနက်မိုးလင်းတော့ ထိုကဲ့သို့ ထူးခြားသောပုဂ္ဂိုလ်နှင့် တွေ့ရပြီး သူပြောသွားသော အကြောင်းများကို ရသေ့ခိုဆရာ တော်ကြီးအား သွားရောက်အသိမပေးတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

ရှင်ရသေ့အနေဖြင့် မကြာခင် သိဒ္ဓိတစ်ခုပြီးမြောက် တော့မည်ဖြစ်ရာ မိမိကိစ္စပြီးမှပဲ ဆရာတော်ကြီးအား အသိပေး





တော့မည်ဟု ဆုံးဖြတ်ထားသောကြောင့် ဖြစ်သည်။

"ငါ့ အလုပ်ကိစ္စ ပြီးမြောက်မှပဲ ဆရာတော်ကြီးကို အသိ ပေးတော့မယ်"

နောက်ထပ် ရက်အနည်းငယ် ကြာတော့ ပထမံဘိုးဘိုး အောင်ရောက်လာပြီး ပြောပြန်လေသည်။

"ရှင်ရသေ့ ကြိုးစားအားထုတ်မှု ပြီးမြောက်တော့မယ်၊ ယခုအခါ ပုတီးစိပ်နေရင်းနဲ့ ခန္ဓာကိုယ်က လေထဲမှာကြွတက် နေပြီ"

ဟု ပြောပြန်ရာ များစွာအားရှိသွားလေသည်။

၄၉ ရက်ပြည့်မြောက်ကာနီးသောအခါ မိမိအခြေအနေ ဘယ်သို့မည်ပုံ ခရီးပေါက်နေသည်ကို စမ်းသပ်လိုသဖြင့် ဂူပေါက် မှထွက်ကာ တောင်ထိပ်ပေါ်၌ရှိသော ဆရာတော်ကြီးကျောင်း ရှိရာသို့ အာရုံပြုလိုက်ရာ မျက်စိဖွင့်ကြည့်လိုက်တော့ တောင်ထိပ် ပေါ်သို့ ရောက်နေလေသည်။

ထိုကဲ့သို့ပင် တောင်ပေါ်မှ မိမိဂူရှိရာသို့ အာရုံပြုလိုက် ပြန်ရာ အလိုအလျောက် မိမိဂူရှိရာ ပြန်ရောက်လာလေတော့ သည်။

ထိုအခါ စိတ်ထဲမှ များစွာ ကျေနပ်ဝမ်းမြောက်မှု ဖြစ် မိလေသည်။

"အင်း. . ပထမံဘိုးဘိုးအောင် လာပြောတဲ့အတိုင်း ဆော့ ခရီးပေါက်စပြုနေပြီ၊ ၄၉ ရက်အဓိဋ္ဌာန်ပြည့်တဲ့အထိ ကြိုး စားဆောင်ရွက်ရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုံးဖြတ်ပြီး ၄၉ ရက်ပြည့်သည်အထိ ကြိုးစား
ဆောင်ရွက်လေသည်။

အဓိဋ္ဌာန်ပြည့်ကာနီးတော့ ပထမံဘိုးဘိုးအောင် ရောက်
လာပြီး ပြောပြန်သည်။

"ရှင်ရသေ့ကြီး၊ မနက်ဖြန်ညဟာ လပြည့်ညဖြစ်ပါတယ်
ရှင်ရသေ့ရဲ့ အဓိဋ္ဌာန်လည်း ပြည့်မြောက်အောင်မြင်တော့မှာ
လပြည့်ညသန်းခေါင်ယံ အချိန်ရောက်တဲ့အခါ အဓိဋ္ဌာန်ပြည့်
တာနဲ့ ဦးစွာ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကို သွား
ရောက်ဖူးမြော်ပြီး အဓိဋ္ဌာန်ဆက်ဝင်ပေတော့"

"ကောင်းပါပြီ"

ထိုသို့ပြောပြီး ပြန်ပျောက်သွားပြန်လေသည်။

ရှင်ရသေ့လည်း ပြီးမြောက်ကာနီးဖြစ်သောကြောင့် စိတ်
အားထက်သန်စွာဖြင့် ဆက်လက်ဆောင်ရွက်ပြန်လေသည်။

ဤသို့ဖြင့် လပြည့်ည သန်းခေါင်ယံအချိန် ရောက်သော
အခါ ၄၉ ရက်အဓိဋ္ဌာန် ပြည့်မြောက်သွားလေတော့သည်။

ထိုအခါ ဂူထဲမှ အပြင်သို့ ထွက်လာလေသည်။

အပြင်ဘက်မှာ လရောင်ရှိနေသောကြောင့် အလင်း
ရောင်အချို့ ရှိနေလေသည်။

ရသေ့သည် တောင်ဝှေးနှင့် ပုတီးကိုကိုင်ကာ ချောင်း
ကမ်းပါးစွန်း၌ ရပ်လေသည်။

စိတ်ထဲမှလည်း ကျိုက်ထီးရိုး စေတီတော်ရှိရာသို့ ယ
ချက်ချင်း ရောက်ရမည်ဟု ရည်စူးကာ လေထဲသို့ပျံတက်လိုက်





လေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး ၁၅ရက်ခန့်ကြာ
သောအခါ နီမောင်တို့သုံးယောက် တောင်ပေါ်တက်လာကြ
လေသည်။

ထုံးစံအတိုင်း ရာသီထွက်သစ်သီးများ ရှာဖွေရန်နှင့် အ
ပြန်၌ ဆရာတော်ကြီးကျောင်းသို့ ဝင်ကြရန်ဖြစ်သည်။

"နီမောင်. . ငါ တစ်လောက တောင်ပေါ်တက်လာ
တုန်းက ဟိုဘက်တောထဲမှာ ဒညင်းပင်တစ်ပင် တွေ့ခဲ့တယ်၊
ဒညင်းသီးတွေလည်းအများကြီးပဲ၊ ဒီလောက်ကြာရင် ခူးလို့ရ
လောက်ရောပေါ့"

ဟု ငမဲအောင်က ပြောသည်။

"နုတာရင့်တာက အရေးမကြီးပါဘူးကွာ၊ သူ့ဈေးနဲ့သူ
ဆို ဒညင်းသီး ပေါ်ဦးပေါ်ဖျားဆိုရင် ဈေးကောင်းရတယ်၊
တော်ကြာ မခူးဘဲထားခဲ့တာကို သူများတွေ့သွားရင် ထားခဲ့မှာ
တော့တ်ဘူး"

စောထီးကပါ ဝင်ပြောသဖြင့် သုံးယောက်သား ပလိုင်း
ကိုယ်စီလွယ်ပြီး တက်ခဲ့ကြလေသည်။

တောနက်တစ်နေရာ ရောက်သောအခါ သစ်ပင်အမြင့်
ကြီး တစ်ပင်အောက်မှာ ထိုင်နေသော အဖိုးကြီးတစ်ယောက်ကို
တွေ့ရလေသည်။

အညိုရောင်အင်္ကျီ၊ လုံချည်တို့ကို ဝတ်ဆင်ထားပြီး အ
ဝတ်ဟောင်းတစ်ထည်ကို ခေါင်းမှာပတ်ထားလေသည်။ ၎င်း



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာမှာ အတော်ပင် မောပန်းနေပြီး စိတ်ပျက်လက် ပျ
အမူအယာမျိုး တွေ့ရသည်။

နီမောင်တို့က အတက်လမ်းအတိုင်း တဖြည်းဖြည်
တက်လာကြရာ ထိုနေရာရောက်တော့ အမောဖြေရင်း ရပ်လို
ကြသည်။

"အဘ ဘယ်သွားမှာလဲ"

နီမောင်က မေးလိုက်သည်။

"ဘယ်မှ မသွားပါဘူးကွယ်၊ တောထဲမှာ ဆေးပင်
မြစ် လိုက်ရှာနေတာပါ၊ မောလိုက်တာ လွန်ပါရော"

ထိုသို့ပြောသဖြင့် နီမောင်က ခါးမှာချိတ်ထားသော
ဗူးကို ဖြုတ်ပေးလိုက်တော့ ယူပြီး တစ်ကျိုက်နှစ်ကျိုက်
သောက်လိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ အခုမှ ရင်ထဲအေးသွ
တော့တယ်၊ ဒါထက် ငါ့မြေးတို့ဟ ဘယ်သွားကြမှာလဲ"

"ကျွန်တော်တို့က တောင်ပေါ်အနှံ့သွားပြီး သစ်သီး
ကြတာပါ၊ ဒါထက် အဘရှာနေတဲ့ ဆေးပင်ကရော ရပြီလာ

"မရသေးပါဘူးကွယ်၊ ဒါပေမယ့် တွေ့တော့တွေ့
ပါပြီ"

ထိုစကားကြောင့် အံ့သြသွားကြသည်။

"ဟင်. . ဘယ်နေရာမှာ တွေ့တာလဲ"

အဘိုးကြီးက သူကျောမှီထိုင်နေသော သစ်ပင်ကြီး
ပေါ်သို့ လက်ညှိုးထိုးပြလေသည်။





"ဒီသစ်ပင်ရဲ့ကိုင်းပေါ်မှာ ရှိတယ်"

ကြည့်လိုက်တော့ သစ်ပင်ကြီးက အတော်မြင့်သည်။
တောင်သရက်ပင်ကဲ့သို့ ပင်ခြေမှာ ကဗျင်းများ ရှိသည်။
အပေါ်မှာတော့ ဖယောင်းတိုင်တစ်တိုင်ကဲ့သို့ အဖုအ
ထစ် အကိုင်းအခက်တို့မရှိဘဲ လုံးချောကြီး တက်သွားပြီးမှ ဟိုး
အပေါ်ပိုင်း ရောက်ကာမှ ဘေးသို့ ဖြာထွက်နေသော အကိုင်းအ
ခက်တို့ ရှိနေသည်။

ပင်စည်ကကြီးပြီး၊ အပင်ကလည်းမြင့်သဖြင့် တော်ရုံနှင့်
တော့ တက်နိုင်ဖို့ မလွယ်လှပေ။

ထိုသစ်ပင်မျိုး တက်နိုင်ဖို့ဆိုလျှင်တော့ ပျားဖွပ်သမား
များ အသုံးပြုသော စို့ သံတူ၊ ကြိုးခွေ ကောင်းကောင်းရှိမှ
အပေါ်ရောက်နိုင်ပေလိမ့်မည်။

"ဒီလောက်မြင့်တဲ့ သစ်ပင်ကြီးပေါ်မှာ ဘယ်လိုဆေးပင်
မျိုး ရှိတာလည်း အဘ"

"သိဒ္ဓိရှိတဲ့ ဆေးပင်ပေါ့၊ ငါကတော့ အသက်ကြီးလှလို့
အပေါ်ရောက်အောင် မတက်နိုင်တော့ဘူး၊ မင်းတို့များ တက်ယူ
ပေးနိုင်ကြမလား"

ဟု မေးသည်။

နီမောင်က သစ်ပင်မြင့်ကြီးကို မော့ကြည့်ပြီး စိတ်မ
ကောင်းစွာဖြင့် ခေါင်းခါပြလိုက်သည်။

"ဒီလောက်မြင့်တဲ့ အပင်မျိုးတက်ဖို့က ဒီအတိုင်း မရနိုင်
ဘူး အဘ၊ သစ်ပင်တက်တဲ့ ကိရိယာတွေရှိမှ ဖြစ်မှာပါ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မှာ ဘာမှမပါတော့ မတက်နိုင်ကြပါဘူး”

ဟု စိတ်မကောင်းစွာဖြင့် ပြန်ပြောလိုက်ရလေသည်။

“အေးလေ ဒီတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ သိဒ္ဓိရှိတဲ့ ဆေးပင်ရှိမှန်း သိပေမယ့် မတက်နိုင်တော့လည်း မရရုံဘဲရှိတော့မပေါ့၊ ကိုယ်နဲ့ မထိုက်လို့ဘဲ သဘောထားရမှာပေါ့လေ”

ထိုစကားကြားသောအခါ လူတစ်ဘက်သား အခက်အခဲတွေ့နေပါက တတ်နိုင်သမျှ အကူအညီပေးလိုသော နီမောင်မှာ စိတ်မကောင်း ဖြစ်သွားမိလေသည်။

“ဒီလိုလုပ်ပါလား အဘ၊ အခု မတက်နိုင်သေးတော့လည်း ဒီသစ်ပင်ကြီးကို မှတ်ထားပေါ့၊ နောက်တစ်ရက်ကျရင် ပစ္စည်းကိရိယာတွေ သယ်ယူလာပြီး ကျွန်တော်တို့ တက်ယူပေးပါ့မယ်”

“မင်းတို့ရဲ့ စေတနာကိုတော့ သာဓုခေါ်ပါတယ်ကွယ်၊ ဒါပေမယ့် ဆေးပင်ဆိုတာ တစ်ရက်ပဲ တွေ့ခွင့်ရှိတယ်၊ သိဒ္ဓိပေါက်တဲ့ ဆေးပင်ဆိုတာ လေးနှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်ပဲ တွေ့ခွင့်ရှိတယ်၊ အဲဒီရက်မှာ ရအောင် မယူနိုင်ရင် နောက်လေးနှစ် ထပ်စောင့်ကြရတယ်”

ထိုစကားကြောင့် နီမောင်က မျက်စိတဆုံး မြင့်လှသော သစ်ပင်ကြီးကို မော့ကြည့်နေမိသည်။

သစ်ပင်ကြီးက လေအဖိတွင် တအိအိနှင့် ယိမ်းနွဲ့လျက်ရှိနေရာ စိတ်ထဲမှာ မချင့်မရဲ ဖြစ်နေမိသည်။

ငှက်တစ်ကောင်ကဲ့သို့ တောင်ပံပါလျှင် ယခုချက်ချင်း





ပျံတက်သွားချင်သည့် စိတ်များ ဖြစ်ပေါ်လျက် ရှိနေသည်။

ထို့နောက် အဖိုးကြီးက နေရာမှ လေးလံသော အမူအယာဖြင့် ထရပ်လိုက်သည်။

“အဘနာမည်က ဦးသူတော်လို့ ခေါ်ပါတယ်၊ တောထဲတောင်ထဲမှာ ဆေးပင်၊ ဆေးမြစ်ရှာဖွေရင်း သွားလာနေတာဆိုတော့ ငါ့မြေးတို့နဲ့ နောက်တော့ တွေ့ကြဦးမှာပါ၊ ကဲ. . ကဲသွားစရာရှိတာ သွားကြပေတော့၊ အဘလည်း သွားတော့မယ်”

ဟု ပြောဆိုနှုတ်ဆက်ကာ တောထဲသို့ ဝင်သွားလေတော့သည်။

နီမောင်တို့သုံးယောက်မှာ အကူအညီပေးချင်သော်လည်း မည်သို့မျှ မတတ်နိုင်ကြသဖြင့် သစ်သီးခူးရန်အတွက် ထွက်လာကြလေသည်။

သူတို့ ရှာတွေ့ထားကြသော ဒညင်းပင်ကြီးအောက်ရောက်သောအခါ ကံကောင်းထောက်မစွာဖြင့် အခြားသူများ ခူးရသေးဘဲရှိရာ သုံးယောက်သား သစ်ပင်ပေါ်တက်ကာ ဒညင်းသီးနိုင်တို့ကို ခူးချကြသည်။

လက်လှမ်းမမီသော အသီးများကိုတော့ ဝါးတံချူများအသုံးပြုကာ ခူးကြလေရာ သိပ်မကြာခင်မှာ ဒညင်းသီးများ ကုန်သွားလေသည်။

ထိုဒညင်းသီးများကို ခြင်းတောင်းသုံးလုံးဖြင့် ခွဲထည့်သော သယ်ယူလျက် တောင်ပေါ်ဆက်တက်ခဲ့ကြသည်။

လမ်းရောက်တော့ ပိန္နဲပင်တစ်ပင် ခြေရင်းမှာ မြေသား



www.burmeseclassic.com

www.burmeseclassic.com



များ မောက်ကြွလျက်ရှိပြီး ယင်မမည်းရိုင်းများ၊ ပျားကောင်များ ဝိုင်းအုံကာ တဝေါဝေါနှင့်ဖြစ်နေသည်ကို တွေ့ကြရသည်။ ကံကောင်းထောက်မစွာဖြင့် ပိန္နဲပင်ခြေရင်း မြေကြီးထဲမှ နတ်ဝှက်ပိန္နဲသီးရှိနေပြီ။

ထိုနေရာနှင့် မနီးမဝေးရောက်တော့ ပိန္နဲသီးရနံ့များက မွှေးကြိုင်နေလေသည်။

သုံးယောက်သား ဒညင်းသီးထည့်ထားသည့် ခြင်းတောင်းများကိုချကာ ဝါးများကိုချွန်လျက် အပင်ခြေသို့ တူးသောအခါ မြေတွင်း ပိန္နဲပင်အမြစ်၌သီးနေသော နတ်ဝှက်ပိန္နဲသီးကို ရကြလေသည်။

"ဒီပိန္နဲသီးမျိုးက ရခဲတယ်၊ ငါတို့မစားတော့ဘူး၊ ဆရာတော်ကြီးဆီယူသွားကြမယ်"

ဟု တိုင်ပင်ကာ တောင်ပေါ်သို့ ယူသွားကြလေသည်။

တောင်ထိပ်ရောက်တော့ ဆရာတော်ကြီးနှင့် အဆင်သင့် တွေ့ရသဖြင့် ပိန္နဲသီးကို လှူလိုက်ကြလေသည်။

၎င်းတို့သုံးယောက် ရောက်သောအခါ ဆရာတော်ကြီးက ရေနှင့်အစားအသောက်များ ကျွေးပြီး အမောပြေလောက်တော့မှ ပြောသည်။

"နီမောင်. . မင်းတို့ရောက်လာတာ အတော်ပဲ၊ မင်းတို့ခေါ်လာတဲ့ရသေ့က အောက်ဘက်ချောက်နားက ဂူတစ်ဂူထဲမှာ တရားအားထုတ်နေတယ်၊ အရင်တော့ မကြာခဏ ငါ့ဆီလာတယ်၊ အခုမရောက်လာတာ အတော်ကြာနေပြီ၊ ရှိမှရှိသေးရဲ့





လားလို့ ဆင်းကြည့်ပေးပါဦး"

ဟု ပြောသဖြင့် သုံးယောက်သား အနောက်ဘက်သို့ ဆင်းသွားကြလေသည်။

သိပ်ကြာကြာ မဆင်းကြရပေ။

ရသေ့နေသွားသော ဂူပေါက်ကို တွေ့ကြရသည်။

အတွင်းမှာတော့ ရသေ့ကို မတွေ့ရပေ။

သို့သော် ၎င်းအသုံးပြုသော အသုံးအဆောင်များကတော့ ခြေရာလက်ရာမပျက် ရှိနေသေးသည်။

"ဂူထဲမှာတော့ မရှိတော့ဘူး၊ တစ်နေရာကိုများ ထွက်သွားပြီလား"

"ထွက်သွားရင် သူ့ပစ္စည်းတွေ ယူသွားမှာပေါ့၊ တစ်ခုခုများ ဖြစ်နေရော့သလား၊ လိုက်ရှာကြည့်ကြရအောင်"

ဟုပြောဆိုပြီး အပြင်ထွက်ကာ ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြည့်ကြလေသည်။

နီမောင်က အနောက်ဘက် ချောက်ကမ်းပါးဘက်သို့ ထွက်လာလေသည်။

ထိုနေရာတစ်ဝိုက်မှာလည်း မတွေ့ရပေ။ ထိုသို့ ရှာဖွေနေရင်းမှ စိတ်ထဲမှာ တစ်စုံတစ်ခုကို တွေးမိသဖြင့် ချောက်ကမ်းပါးစွန်းမှရပ်ကာ ချောက်ထဲသို့ ငုံ့ကြည့်လိုက်သည်။

ထိုအခါ ချောက်ထဲမှထွက်နေသည့် သစ်ကိုင်း၌ငြိနေသော ရသေ့ရုံသော သင်္ကန်းကို တွေ့ရသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သက်န်းစက လေဖြင့် တဖျပ်ဖျပ် လွင့်နေလေသည်။

ထိုအချိန်မှာ စောထီးနှင့်ငမဲအောင်တို့ ရောက်လာကြသဖြင့် နီမောင်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"သူ . . ချောက်ထဲကျသွားတာ ဖြစ်မယ်"

"ဘယ်လိုကြောင့်လဲ"

"ချောက်ထဲက ထွက်နေတဲ့ သစ်ကိုင်းမှာ သူ့သက်န်းစ ငြိနေတာ တွေ့ရတယ်"

ထို့ကြောင့် သုံးယောက်သား ချောက်ကမ်းပါးစွန်းမှ ဝမ်းလျားမှောက်ကာ အောက်သို့ ငုံ့ကြည့်ကြလေသည်။

သူတို့ကြည့်နေသောနေရာနှင့် မဝေးလှသော အောက်ဘက် တစ်နေရာတွင် အပြင်သို့ ထွက်နေသော အဆင့်တစ်ခုကို တွေ့ရပြီး ထိုအဆင့်ပေါ်မှာ ကျီးငှက်တို့ ဝိုင်းအုံနေကြသည်။

"ဟုတ်တယ်၊ သူသေသွားပြီ"

"ဘယ်လိုကြောင့် သေတာလဲ၊ သောင်းကျန်းသူတွေ ရောက်လာပြီး သတ်သွားတာဖြစ်မလား"

"မဖြစ်နိုင်ဘူးထင်တယ်၊ သောင်းကျန်းသူတွေက ရသေ့ကို ဘာကြောင့်သတ်ကြမလဲ၊ သေချာအောင် အောက်ကိုဆင်းကြည့်တာ ပိုမကောင်းဘူးလား"

"ဘယ်လို ဆင်းမလဲ"

"ဂုံညင်းနွယ်တွေကို ဆက်ပြီး ဆင်းမှာပေါ့"

ထိုသို့ပြောကြပြီး နွယ်ကြိုးရှာသူကရှာ၊ ကြိုးဆက်သူက ဆက်ကြလေသည်။





ထိုကဲ့သို့ ကြိုးဆက်ပြီးသောအခါ နီမောင် ကိုယ်တိုင် အောက်သို့ဆင်းလေသည်။

ကျန်နှစ်ယောက်က နွယ်ကြိုးကို အပေါ်မှထိမ်းကိုင်ပေးထားပြီး သူက အောက်သို့ တဖြည်းဖြည်းဆင်းသည်။

ပေတစ်ရာကျော်သို့ ဆင်းမိသောအခါ အောက်၌ရှိသော အဆင့်ပေါ်သို့ ရောက်သွားလေသည်။

တစ်နေရာမှာတော့ ကျီးငှက်တို့ ရှိနေကြသည်။

သူဆင်းလာတာမြင်တော့ ထပျံသွားကြလေသည်။

နီမောင်က ကျောက်စွန်းပေါ်ဆင်းပြီး ကျီးများအုံနေသော နေရာသို့ သွားကြည့်သည်။

ကျောက်စွန်းပေါ်မှာ တင်နေသည့် အလောင်းတစ်လောင်းကို တွေ့ရလေသည်။

ရုပ်ပျက်ဆင်းပျက် အခြေအနေမျိုး ဖြစ်နေသော်လည်း ရသေ့အလောင်းဖြစ်မှန်း သိနိုင်လေသည်။

နီမောင်က စိတ်မကောင်းစွာဖြင့် အပေါ်သို့ပြန်တက်ခဲ့လေသည်။ အပေါ်သို့ ပြန်ရောက်ပြီးနောက် ကျန်နှစ်ယောက်ကို အကျိုးအကြောင်း ပြောပြလိုက်သည်။

"စိတ်မကောင်းစရာပဲကွာ၊ ဘယ်လိုဖြစ်ပြီး ချောက်ထဲကျ သေရတာလည်း မသိဘူး"

"ဒီအကြောင်းကို ဆရာတော်ကြီးကို လျှောက်ထားရမယ်"

ထို့နောက် သုံးယောက်သား ဆရာတော်ကြီးရှိရာသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



တက်လာကြသည်။ ဆရာတော်ကြီးနှင့်တွေ့တော့ အကျိုးအကြောင်း လျှောက်ထားလိုက်သည်။

"ရသေ့ကတော့ ချောက်ထဲကျပြီး သေနေပါပြီဘုရား။ သူ့ကိုဘယ်သူများ သတ်သွားတာလည်း မသိပါဘူး"

"ဘယ်သူမှ သတ်တာမဟုတ်ပါဘူး၊ အကျင့်စရဏ မခိုင်သေးခင်မှာ အဖျက်ဝိဇ္ဇာတွေက လက်ဦးပြီး သတ်လိုက်တာပဲဖြစ်မှာပါ"

ဆရာတော်ကြီးကို အကဲခတ်ရသည်မှာ ထိုအကြောင်းကို ကြိုတင်သိနေဟန် ရှိလေသည်။

သို့သော်လည်း ထိုမျှလောက်သာ ပြောလေသည်။

နီမောင်တို့လည်း ထွေထွေထူးထူး ဆက်မပြောကြတော့ပေ။

"မင်းတို့ ရောက်လာတုန်း ပြောစရာရှိတာပြော၊ မှာစရာရှိတာ မှာရဦးမယ်"

"မှာပါ ဘုရား"

"တခြားတော့မဟုတ်ပါဘူး၊ လာမယ့် တန်ဆောင်မုန်းလပြည့်နေ့ မတိုင်ခင် တစ်ရက်တော့ တောင်ပေါ်ကိုတက်လာခဲ့ကြပါဦး"

"တက်ခဲ့ပါမယ်ဘုရား၊ တခြား ဘာတွေများ လိုပါသေးလဲ"

"မလိုတော့ပါဘူးကွယ်၊ မင်းတို့သုံးယောက်စလုံးသာ ငါမှာတဲ့အတိုင်း တက်ဖြစ်အောင် တက်ခဲ့ကြပါ"





"မှန်ပါ တက်လာခဲ့ပါမယ် ဘုရား"

ဟုပြောကာ ဆရာတော်ကြီးအား ကန်တော့ပြီး ၎င်းတို့ထားခဲ့သော ဒညင်းသီးထည့်ထားသည့် ခြင်းတောင်းများကို ထော်ပိုးပြီး တောင်ခြေသို့ ပြန်ဆင်းလာခဲ့ကြသည်။

ရသေ့ကျပြီး သေဆုံးသွားသော နေရာကိုတော့ နောက်ပိုင်းတွင် ဒေသခံများက 'ရသေ့ကျချောက်'ဟု ခေါ်ကြရာမှ ထိုအမည်တွင်ခဲ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

## ကမျက်ယမျက် မမွန်တရာယ်

နီမောင်တို့နေသော မဟာမြိုင်ရွာမှာ ကျိုက်ထီးရိုးတောင်ကြီး၏အနောက်ဘက်၊ ရသေ့ခိုတောင်မှ အနောက်မြောက်ယွန်းယွန်းဘက်၌ တည်ရှိလေသည်။

တောင်ခြေရွာပင်ဖြစ်သော်လည်း အနီးတစ်ဝိုက်တွင် တောင်မြင့်ကြီးများက ဝန်းရံထားလေသည်။

ထိုရွာ၌ အိမ်ခြေ ၅၀ ကျော်ခန့်ရှိသဖြင့် ရွာကြီးတစ်ရွာဟု ဆိုနိုင်ပေသည်။

အများအားဖြင့်တော့ ကရင်လူမျိုးများပြီး မြန်မာလူမျိုးအချို့လည်း ရှိကြသည်။

ထိုရွာကို အုပ်ချုပ်သူမှာ ဦးမွန်ထော်ဖြစ်ပြီး ကရင်လူမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဦးမွန်ထော်မှာ ကရင်လူမျိုးဖြစ်သော်လည်း ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သောကိစ္စများရှိလျှင် အားတက်သရော ဆောင်ရွက်ပေးသဖြင့် တစ်ရွာလုံးက ခင်မင်လေးစားကြသည်။ ဦးမွန်ထော်တို့မှာ မိသားစုလေးယောက်ရှိသည်။ ဦးမွန်ထော်အပြင် ဇနီးဒေါ်မို၊ သားဖြစ်သူစောဝေနှင့် သမီးဖြစ်သူ စောမာလာတို့ ရှိကြသည်။ စောဝေက အသက် ၂၅ နှစ်ခန့်ရှိသည်။ စောမာလာကတော့ အသက် ၂၈ ဝန်းကျင်သာ ရှိသေးသည်။

စောမာလာမှာ ကရင်သွေးပါသူဖြစ်သဖြင့် ရုပ်ချောသဘောကောင်းကာ အပြောအဆို ပွင့်လင်းမှုရှိသည်။ ၎င်းတို့မိသားစုမှာ ဒူးရင်းခြံ အပါအဝင် အခြားသီးနှံများထွက်သော ခြံအချို့အပြင် တစ်နှစ်တစ်ကြိမ် ငွေရသော တောင်ထန်းခြံများလည်း ပိုင်ဆိုင်ထားသည်။

ထိုခြံများကို သားဖြစ်သူ စောဝေက အလုပ်သမားအချို့နှင့် ဦးစီးလုပ်ကိုင်လေသည်။

အချိန်ကာလမှာ ၁၉၀၀ ပြည့်နှစ်အလွန် ကာလများဖြစ်သဖြင့် ထိုနယ်ဒေသများတွင် လက်နက်ကိုင်သောင်းကျန်းသူများ ရှိကြသည်။

သောင်းကျန်းသူများက လက်နက်အားကိုးဖြင့် ကျေးရွာများကို နှိပ်စက်သည်။

ထို့ပြင် ကျိုက်ထီးရိုးတောင်ပေါ်သို့ ဘုရားဖူးရန်လာရောက်ကြသူတို့ကို နှိပ်စက်ကြသည်။





ရှေးအခါက ကျိုက်ထီးရိုးတောင်ပေါ်သို့ တက်ကြရာမှာ ယခုအချိန်ကာလကဲ့သို့ တောင်တက်ကားများ မရှိသေးသောကြောင့် ခြေလျင်တက်ရောက်ကြရသည်။

ရပ်ဝေးမှ လာကြသော ဘုရားဖူးဧည့်သည်တို့မှာ မော်တော်ကားတစ်တန်၊ မီးရထားတစ်တန်ဖြင့် ကျိုက်ထိုသို့ ရောက်အောင်လာကြရသည်။

ထိုမြို့ရောက်လျှင် ရွှေဆိုင်းရောင်းသော ရွှေကြိုများအိမ်မှာတည်းပြီး လှည်းများငှားကာ ကင်ပွန်းစခန်းရောက်အောင် သွားကြရသည်။

တောလမ်းမှ သွားရသောကြောင့် ဓားပြနှင့် လက်နက်ကိုင် သောင်းကျန်းသူတို့၏ လုယက်တိုက်ခိုက်ခြင်း ခံကြရသည်။

(ထိုခရီးစဉ်များကိုတော့ ရေးသားဖော်ပြပေးခဲ့ပြီး ဖြစ်သဖြင့် အသေးစိပ် မဖော်ပြတော့ပေ။)

ကင်ပွန်းစခန်းရောက်ပြီးမှ တောင်ပေါ်သို့ ခြေလျင်ခရီးဖြင့် တက်ကြရသည်။

ရှေးအခါကတည်းက ကျိုက်ထီးရိုး စေတီတော်တည်ရှိရာ တောင်ပေါ်သို့ တက်ရောက်နိုင်သည့် လမ်းကြောင်း (၅) သွယ်ရှိပေသည်။

ပထမလမ်းမှာ စစ်တောင်းမြို့မှ တက်သောလမ်းဖြစ်သည်။ မှတ်တမ်းများအရဆိုပါက စစ်တောင်းဘက်မှ တက်သောလမ်းသည် ရှေးအကျဆုံး လမ်းတစ်လမ်း ဖြစ်ပေသည်။

ထိုလမ်းသည် ကျွဲခေါင်းကျေးရွာမှတစ်ဆင့် ကျိုက်သီး



www.burmeseclassic.com

www.burmeseclassic.com



ရိုးတောင်ပေါ်သို့ တက်သောလမ်းဖြစ်၍ ကျွဲခေါင်းလမ်းဟုလည်း ခေါ်ကြသည်။

တောင်ခြေ မြေပြင်လမ်း(၁၈)မိုင်ခန့်သွားရပြီး တောင်တက်ခရီး(၆)မိုင်ခန့်သာ ရှိသည်။

တောင်တက်ရသည့်လမ်းမှာ ကြမ်းတမ်းမတ်စောက်လှသောကြောင့် ဘုရားဖူးများ အသွားအလာနည်းလှသည်။ ထိုလမ်းမှ တက်ပါက ကျိုးကန်းပါးစပ်သို့ ရောက်နိုင်ပြီး ထိုမှတစ်ဆင့် ဘုရားရင်ပြင်တော် ရောက်အောင် တက်နိုင်ကြသည်။

ဒုတိယလမ်းမှာ ရွှေကျောင်နယ်စပ်မှလာသော မြောက်ဘက်လမ်းကြောင်း ဖြစ်သည်။

ရဲသောင်ရွာကိုဖြတ်၍ ကျောက်ထပ်ကြီး၊ ဖားဘုရားငါးဘုရားမှတစ်ဆင့် မုဆိုးတောင်လမ်းကြောင်းအတိုင်း ရင်ပြင်ပေါ်အထိ ရောက်နိုင်လေသည်။

တတိယလမ်းမှာ ငှက်ပျောတောကျေးရွာမှ တက်သော အရှေ့ဘက် လမ်းကြောင်းဖြစ်သည်။

ထိုလမ်းကြောင်းမှတက်လျှင် ရင်ပြင်ပေါ်သို့ တိုက်ရိုက်မရောက်နိုင်ပေ။

ဖိုးပြန်တောင်ထိပ်ရှိ ကျိုက်ထီးရိုး ရင်ပြင်တက်လမ်းသို့သာ ရောက်ပေသည်။

စတုတ္ထလမ်းကြောင်းမှာ ပီတိကျေးရွာမှတက်သော အရှေ့မြောက်လမ်းကြောင်း ဖြစ်သည်။

ထိုလမ်းကြောင်းမှာလည်း ရင်ပြင်တော်ပေါ်အထိ တိုက်





က်မရောက်ပါချေ။

ငါးမိုင်စခန်းသို့သာပေါက်ပြီး ထိုမှတစ်ဆင့် ရင်ပြင်ော်သို့ ခရီးဆက်ကြရသည်။

ပဉ္စမလမ်းမှာ ဘုရားဖူးများ ယခုအသုံးပြုနေသောမ်းပင် ဖြစ်ပေသည်။

ကျိုက်ထိုမှ တစ်ဆင့်သွားသော ကင်ပွန်းစခန်းလမ်းကြောင်းပင် ဖြစ်ပေသည်။

တောင်ခြေမှ ရင်ပြင်တော်ပေါ်ရောက်သည်အထိ (၇)ခွဲသာရှိပြီး အတက်အဆင်း လွယ်ကူသောလမ်းပင် ဖြစ်သည်။

ထိုအချိန်က မည်သည့်လမ်းမှပင် တက်ရောက်ကြသည်စေ တောလမ်း၊ တောင်တက်လမ်းများမှသာ သွားကြရည်။

ထိုအခါ တောပုန်းခားပြ၊ သောင်းကျန်းသူများနှင့်တွေ့ ပါသမျှ အစားအသောက်နှင့် အခြားပစ္စည်းတို့ လုယက်တ်ခိုက်ခြင်း မကြာခဏ ခံကြရသည်။

ရှေးက ဘုရားဖူးများမှာ စစ်တောင်းလမ်းဘက်မှတက်သာလမ်းကို အသုံးပြုကြသည်။

ထိုလမ်းမှာ ရှေးအကျဆုံးဖြစ်သည့်အပြင် ပစ္စည်းတင် ဆင်များငှားရမ်း၍ ရသောကြောင့် ဖြစ်သည်။

နောက်တော့ ရွှေရင်သာစခန်းတွင် ဘုရားဖူးလာသူကို ကရင်အကြမ်းဖက် သောင်းကျန်းသူတို့က သတ်ဖြတ် နောက်ပိုင်း မသွားလာဝံ့တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က တောတောင်များထဲမှာ ကျက်စားနေ
သည့် သောင်းကျန်းသူများထဲတွင် ကရင်ဗိုလ်မှိုင်းညိုတို့အဖွဲ့
နာမည်ကြီးလှသည်။

လူအင်အားများပြီး၊ လက်နက်အင်အား တောင့်တ
သည့်အပြင် ရက်စက်ရာမှာလည်း နာမည်ကြီးသောကြောင့်
သခံတို့က ကြောက်ရွံ့ကြရသည်။

ထိုနေရာတစ်ဝိုက်မှာရှိသော ကျေးရွာများသို့ လှည်
စားသောက်စရာနှင့် ဆက်ကြေးသဘောမျိုး တောင်းယူသ
အပြင် တောလမ်းခရီးမှ လာသူတို့ကိုလည်း လုယက်တိုက်ခိုး
ကာ ပါသမျှပစ္စည်း ယူကြသည်။

စိတ်မထင်လျှင် နေရာမှာတင် သတ်ဖြတ်ထားခဲ့သည်

ထို့ကြောင့်လည်း ထိုအချိန်က ဘုရားဖူးတက်ကြသူ
မှာအသက်စွန့်ပြီး တက်ရောက်ကြရသဖြင့် သုံးခေါက်ပြ
အောင်တက်နိုင်ဖို့ အတော့်ကို ကြိုးစားကြရသည်။

ယခုကာလကဲ့သို့ သွားလာရေးလွယ်ကူပြီး ရင်ပြင်တေ
အထိ ကားဖြင့် တက်နိုင်ကြပြီဖြစ်ရာ အခေါက်ပေါင်း မျာ
တက်ရလျှင်လည်း ပင်ပန်းမှုမရှိလှတော့ပေ။

တစ်နေ့သ၌ မဟာမြိုင်ရွာထဲသို့ ဗိုလ်မှိုင်းညိုခေါ
ဆောင်သော သောင်းကျန်းသူအချို့ ရောက်လာကြသည်။

လူပေါင်း ၁၅ ယောက်ခန့်ရှိသည်။

ယခင်ကလည်း မကြာခဏလာရောက်လေ့ရှိသဖြင့်
သူရွာသားများအတွက်တော့ အဆန်းတကြယ် မဟုတ်တော့





င်းတို့က အခြားနေရာမဝင်ဘဲ ရွာလူကြီးဦးမွန်ထော်အိမ် ရှိရာသို့
ားကြလေသည်။

ဦးမွန်ထော်အိမ်မှာ ရွာအစွန်ဘက်၌ရှိသော ခြံကျယ်
ကြီးအတွင်း၌ရှိသည်။

သရက်ပင်၊ ပိန္နဲပင်၊ မရမ်းပင်များကြားမှာ ခြေတံရှည်
အိမ်ကြီးဆောက်ထားပြီး အပေါ်မှာ မိသားစုများနေသည်။
အောက်ထပ်မှာ ဝါးကွပ်ပျစ်များ ပြုလုပ်ထားပေးသဖြင့် ဧည့်
သည်များလာလျှင် ထိုနေရာမှာပင် ဧည့်ခံသည်။

မွေးထားသောဝက်နှင့် ကျွဲနွားများကိုတော့ အိမ်နှင့် မနီး
ဝေးနေရာမှာ ခြံနှင့်ထားသည်။

ဦးမွန်ထော်က ဗိုလ်မှိုင်းညိုနှင့် သိကျွမ်းခင်မင်သည်။
ကရင်လူမျိုးချင်းလည်း ဖြစ်သဖြင့် ပြောမနာဆိုမနာ သဘောမျိုး
ရှိသည်။

သူတို့ ရောက်လာတော့ ဦးမွန်ထော်နှင့် အဆင်သင့်
တွေ့ရသဖြင့် သူတို့ယူလာသော ဆန်နှင့်အခြား အစားအ
သောက်တို့ကို ကွပ်ပျစ်ပေါ်သို့ ပုံချပေးသည်။

"ဒါ ဘာတွေလည်း မှိုင်းညို၊ ငါက ဘာလုပ်ပေးရမှာလဲ"

"ကျုပ်တို့ ဒီမှာ မနက်စာစားမယ်၊ ချက်ပေးပါ၊ ဟင်းအ
တွက်ကတော့ ခင်ဗျားဆီက ကြက်တစ်ကောင် ချက်ပေးပါ"

ထိုအခါ ဦးမွန်ထော်က ထွေထွေထူးထူး ပြန်ပြောမနေ
တော့ဘဲ အိမ်ပေါ်မှ မိန်းမကို လှမ်းခေါ်သည်။

"အမိုး. . ဆင်းလာခဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်သူအမိုးက ဆင်းလာသည်။

"ဒါတွေ ယူသွား ပြီးရင် ရွာထဲက ကောင်မလေးတွေ ခေါ်ပြီး ထမင်းချက်ပေးလိုက်၊ တစ်ယောက်ယောက်ကို ကြ တစ်ကောင် ဖမ်းခိုင်းပြီး ဟင်းပါချက်ပေးလိုက်"

ဟု ပြောရာ အမိုးကလည်း ဘာမှ ထပ်မပြောဘဲ ပစ္စည်း များကို မီးဖိုချောင်ဘက်သို့ သယ်သွားလေသည်။

ထို့နောက် ပတ်ဝန်းကျင်မှာရှိသော မိန်းကလေး အနီ ကိုခေါ်ကာ စောမာလာကပင် ဦးဆောင်ပြီး ထမင်းဟင်းတွေ ချက်ကြလေသည်။

ထိုအလုပ်က သူတို့အတွက် မထူးဆန်းတော့ပေ။

သောင်းကျန်းသူများ ရောက်လာလျှင် လုပ်ပေးနေ ဖြစ်ပေရာ မိမိတို့ လုပ်ရမည့် အလုပ်တို့ကို လုပ်ကြလေသည်။

အမိုးကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်း အနားမှ ထို စောင့်ရင်း လိုအပ်တာများ ပြောပြသည်။

မိန်းကလေးများက မီးဖိုနှစ်လုံးဖြင့် ထမင်းရော ဟင်း တစ်ပြိုင်နက် ချက်ပြုတ်ကြသည်။

ထိုသို့ ချက်ပြုတ်နေစဉ်မှာ ဦးမွန်ထော်နှင့် ဗိုလ်မှိုင်းညို တို့က စကားပြောနေကြသည်။

"မှိုင်းညို၊ မင်းက ငါနဲ့ ခင်နေတော့ ပြောစရာရှိတာ ပြောရဦးမယ်"

"ပြောပေါ့ အဘထော်ရဲ့"

"မင်းတို့က လက်နက်ရှိတော့ လက်နက်မရှိတဲ့ လူတွေ





တို အနိုင်ကျင့်လို့ ရတယ်၊ ဒါပေမယ့် ဆင်းရဲတဲ့ ရွာသားတွေကို တော့ သိပ်မနှိပ်စက်ကြပါနဲ့"

ထိုစကားကြားတော့ ဗိုလ်မှိုင်းညိုက မျက်မှောင်ကျုံ့ပြီး နားထောင်နေသည်။

သူက ဦးမွန်ထော်ကို ခင်မင်လေးစားသဖြင့် ထွေထွေ ထူးထူးတော့ ဘာမှ ပြန်မပြောပေ။

ဦးမွန်ထော်က ဆက်ပြောသည်။

"နောက်ပြီး ဘုရားဖူးလာတဲ့ လူတွေကို မနှိပ်စက်ပါနဲ့၊ သိပ်ပြီး အပြစ်ကြီးတယ်"

ထိုစကားကြောင့် ဗိုလ်မှိုင်းညို မျက်နှာမှာ တင်းကနဲ ဖြစ်သွားလေသည်။

"ခင်ဗျားက ဗုဒ္ဓဘာသာပင်မို့လား"

"ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ် စေ ငါက မှန်တဲ့စကားပြောတာပဲ၊ ဘုရားအလုပ်လုပ်တယ်ဆိုရင် ဘယ်ဘာသာဝင်မဆို မနှိပ်စက်ရဘူး၊ နှိပ်စက်ရင် ဒုက္ခတွေ့ တတ်တယ်"

"အဘထော်မို့ ကျုပ်သီးခံနေတာ၊ တခြားသူဆိုရင် နေ ရာမှာတင် သတ်ပစ်မိမှာပဲ၊ ကျုပ်အယူဝါဒကတော့ ကိုယ်ယုံ ကြည်တဲ့ဘာသာက လွဲပြီး ကျန်တာတွေကို ဂရုမစိုက်ဘူး"

"အေး ဒါကတော့ မင်းသဘောပဲ၊ ငါက လူမျိုးတူချင်း ပြောသင့်တယ်ထင်လို့ ပြောရတာပဲ"

"အခု ကျုပ် ဒီရွာလာတာ မေးစရာရှိလို့ လာခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"အခုတလော ကျောက်လုံးတော်ကြီး တောင်ဘက်မှာ လူတွေ အတော်ရှုတ်နေတယ်၊ သွားလာကြတာလည်း မပြတ်ဘူး၊ ဘာလုပ်နေကြတာလဲ"

"တောင်ပေါ်မှာ ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါး ရှိတယ် သူတို့အလုပ် သူတို့ လုပ်နေကြတာပါ၊ မင်းတို့နဲ့ မဆိုင်ပါဘူး"

"ဒါပေမယ့် ကျုပ်တို့ရှိနေတဲ့ နယ်မြေထဲမှာ အခုလို လူတွေ အဝင်အထွက် များနေတာကို မကြိုက်ဘူး၊ ဒါကြောင့် လည်း တစ်လောက ဘုရားဖူးလာတဲ့ လူတွေကို သတ်ပစ်လိုက်တာပဲ"

"ဒါက မလုပ်သင့်တာဘဲ"

"ဒီရွာကနေ တောင်ပေါ်ကို အမြဲသွားနေတဲ့ လူသုံး ယောက်ရှိတယ်၊ ဘာတွေလုပ်နေတယ် သိရအောင် ခေါ်မေး ကြည့်ချင်တယ်"

"သူတို့မှာ အပြစ်မရှိပါဘူး၊ မင်း သူတို့ကို ဒုက္ခမပေးပါနဲ့"

"ဒုက္ခမပေးပါဘူး၊ မေးကြည့်ရုံပါပဲ ခေါ်ပေးပါ"

ထိုသို့ ပြောကတည်းက နီမောင်တို့သုံးယောက် ဖြစ်လိမ့် မည်ကို ဦးမွန်ထော်က ခန့်မှန်းမိသည်။

ထို့ကြောင့် ရွာသားတစ်ယောက်ကို အခေါ်လွှတ်လိုက် ရာ အတန်ကြာတော့ နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံး ယောက် ပါလာကြသည်။

သူတို့ ရောက်လာတော့ ဗိုလ်မှိုင်းညိုက မေးသည်။

"မင်းတို့သုံးယောက် တောင်ပေါ် မကြာခဏသွားတာ





တွေ့နေရတယ် ဘာလုပ်နေကြတာလဲ"

"သစ်သီးရှာသွားတဲ့အခါ သွားပါတယ်၊ တောင်ပေါ်မှာ ရှိတဲ့ ဘုန်းကြီးမှာတာတွေ သွားပို့တဲ့အခါ သွားရပါတယ်"

"တောင်ပေါ်မှာ လူ ဘယ်လောက်များသလဲ"

"ဘုန်းကြီးတစ်ပါးပဲ ရှိပါတယ်"

"ငါ့ကို လိမ်မပြောနဲ့နော်၊ ငါက လိမ်တာ မကြိုက်ဘူး"

"လိမ်မပြောပါဘူး၊ တောင်ပေါ်ရောက်တဲ့အခါ တက် ကြည့်လို့ ပြောတဲ့အတိုင်း မဟုတ်ရင် ကြိုက်သလို အပြစ်ပေး နိုင်ပါတယ်"

ထိုသို့ ပြောတော့မှ ဗိုလ်မှိုင်းညိုမှာ စိတ်အနည်းငယ်ပျော့ သွားဟန် ရှိသည်။

"သူက တောင်ပေါ်မှာ တစ်ယောက်တည်း ဘာလုပ်နေ တာလဲ"

"တရားအလုပ်ပဲ လုပ်နေတာပါ"

"တော်တော် အလုပ်မရှိ အလုပ်ရှာတာကိုး၊ အေး ငါ တစ်ခါတည်း ပြောထားတယ်၊ တောင်ပေါ်တက်ပြီး လုပ်စရာရှိ တာလည်း လုပ်ပေါ့ကွာ၊ တစ်ခုတော့ ရှိတယ်၊ ငါမျက်စိနောက် လာရင်တော့ အဆိုးမဆိုကြနဲ့၊ သွားကြတော့"

ဟု ပြောသဖြင့် နီမောင်တို့သုံးယောက်လည်း ပြန် ထွက်လာကြလေသည်။

"ဒီသောင်းကျန်းသူတွေကတော့ တစ်နေ့တခြားဆိုး ဝါးလာကြပြီး လူတွေကို ဒုက္ခပေးရုံ မဟုတ်ဘူး၊ ဘာသာရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ထိပါးချင် လာကြပြီ"

"ဟုတ်တယ်၊ တလောက ဘုရားဖူးတက်လာတဲ့ အ[…]
တွေကို သတ်ပစ်တာလည်း သူတို့အဖွဲ့ပဲ ဖြစ်မှာပဲ၊ အတော်[…]
ဆိုးဝါးပါတယ်"

"ဘယ်လောက်ဆိုးနိုင်မလဲ စောင့်ကြည့်ပါဦး၊ တစ်[…]
ကျရင် သူတို့ပြုတဲ့ မကောင်းမှုကံတွေက သူတို့ဆီ ပြန်သွားကြ[…]
ပါ"

"ပြန်တာကနောက်၊ လောလောဆယ် အပြစ်မရှိ[…]
လူတွေ ဒုက္ခ ခံနေရတာက ခက်တယ်"

"သူတို့မှာ လက်နက် ရှိနေတော့လည်း ဘာတတ်နိုင်[…]
လဲကွာ၊ သူပြောချင်တာ ပြောပေ့ါ၊ ငါတို့ကတော့ ကောင်း[…]
လုပ်နေတာပဲ၊ လုပ်စရာရှိတာ ဆက်လုပ်ကြရမှာပဲ"

ဟု ပြောဆိုကာ သုံးယောက်သား မိမိတို့ နေရာ[…]
ပြန်လာကြလေသည်။

နီမောင် အိမ်ပြန်ရောက်သောအခါ အိမ်၌သူ့အ[…]
ရောက်နှင့်နေသူတစ်ယောက်ကို တွေ့ရလေသည်။

ဦးမွန်ထော်၏သမီး 'စောမာလာ'ပင် ဖြစ်၏။

စေစောက သူတို့ အိမ်ရောက်ခဲ့စဉ်က မိန်းကလေး[…]
နှင့် မီးဖိုဆောင်ထဲမှာ ထမင်းဟင်းချက်နေသည်ကို လှမ်း[…]
ခဲ့ရပြီး ယခု မိမိအိမ်ရောက်နေသည်ကို တွေ့ရသဖြင့် အံ့သြ[…]
လေသည်။

နီမောင်နှင့် စောမာလာက တစ်ရွာတည်း နေကြ[…]





ချင်းမို့ ခင်မင်ကြသည်။

"ဟင် စောမာလာပါလား၊ စော်စောက မီးဖိုချောင်ထဲ
မှာ ရှိနေတာ လှမ်းမြင်ခဲ့ရသေးတယ်၊ အခု ဒီရောက်နေပါလား၊
ဘာကိစ္စ ရှိလို့လဲဟင်"

"အမေလွှတ်လိုက်လို့ လာတာ၊ နင့်ကို ပြောစရာရှိလို့"

"ပြောလေ"

"တခြား မဟုတ်ဘူး၊ မှိုင်းညိုတို့က သိပ်ပြီး မိုက်ရိုင်းကြ
တယ်တဲ့၊ စိတ်မထင်ရင် မထင်သလိုလည်း လုပ်တတ်ကြတာမို့
နောက်တစ်ခါ တွေ့ရင် ပြောတာဆိုတာ မမှားစေနဲ့ သတိထား
တဲ့"

"အေးပါ"

"နောက်ပြီး၊ တောင်ပေါ် သွားရင်လည်း သတိထားတဲ့၊
သူတို့အချင်းချင်း ပြောနေသံကြားရတာတော့ နောက်တစ်ခါ
သူတို့နဲ့ တွေ့ရင် သတ်ပစ်မယ်လို့ ပြောသံကြားတယ်၊ ဒါကြောင့်
သတိဝီရိယနဲ့ သွားလာဖို့ အမေက ပြောခိုင်းလို့ ငါလာပြောတာ"

"အခုလိုလာပြီး သတိပေးတာ ကျေးဇူးတင်ပါတယ်
စောမာလာရယ်"

"မလိုပါဘူးဟာ၊ ငါတို့က တစ်ရွာတည်းသားတွေပဲ၊ အ
ကြောင်းရှိတဲ့အခါ အကူအညီပေးရမှာပေ့ါ၊ သူတို့ ထမင်းစားနေ
တုန်း ငါထွက်လာတာ၊ ပြန်တော့မယ်နော်"

"အေး. . . အေး"

ထို့နောက် စောမာလာက သမင်ပျိုမလေးသဖွယ် သွက်



www.burmeseclassic.com

www.burmeseclassic.com



လက်စွာဖြင့် ပြန်သွားလေတော့သည်။

ထိုအခါမှ နီမောင်မှာ သက်ပြင်းရှည်တစ်ချက်ချလိုက်လေတော့သည်။



## အခန်း(၂)

## ရသေ့ရှိဆရာတော်နှင့် ထူးဆန်းသောညသည်များ

အချိန်ကာလမှာ တန်ဆောင်မုန်းလပြည့်ရန် ၂ ရက်၊ ၃ ရက်သာ လိုတော့ပေသည်။

ထို့ကြောင့် နီမောင်တို့သုံးယောက်မှာ ဆရာတော်ကြီးမှာထားခဲ့သော စကားအတိုင်း တောင်ပေါ်တက်ရန် ပြင်ကြရလေသည်။

သူတို့ အနေနှင့် ယခုတစ်လော တောင်ပေါ်တက်ကြရသည်မှာ ယခင်ကလောက် လွတ်လပ်မှု မရှိတော့ပေ။

ညောင်သီးလည်းစား၊ လေးညို့သံလည်း နားထောင်သို့သောဘဝမျိုးဖြင့် ကျီးလန့်စားစား၊ ရှာဖွေစားသောက်နေကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နီမောင်တို့ အပါအဝင် တောင်ခြေမှာ နေကြသူတို့အနက် မိမိတို့ကိုယ်ပိုင်ခြံ မရှိသူတို့မှာ ရာသီအလိုက် အလျှင်းသင့်သလို ဝမ်းစာရှာဖွေ စားသောက်ကြရသည်။

တောင်ပေါ်တက်မှ ဝမ်းစာရမည် ဖြစ်ရာ 'မတက်ပါနှင့်' ဟု ပိတ်ပင်ထားစေကာမူ အသက်နှင့်ရင်းကာ အရဲစွန့်လျက် တက်ရောက်ရှာဖွေကြရသည်။

ယခုတစ်ခေါက် တောင်ပေါ်တက်ရမည့် ကိစ္စကတော့ ဝမ်းစာရှာဖွေရသည်ထက် ပိုအရေးကြီးသော ကိစ္စမျိုး ဖြစ်သည်။

ရသေ့ခိုတောင်ပေါ်မှာ တစ်ပါးတည်း သီတင်းသုံးနေသော ဆရာတော်ကြီးက သူတို့သုံးယောက်ကို တန်ဆောင်မုန်းလပြည့်နေ့ မတိုင်ခင် တောင်ပေါ်တက်လာရန် မှာထားသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့်လည်း တောင်ပေါ်တက်ရန် ပြင်ဆင်နေကြခြင်း ဖြစ်ကြလေသည်။

ထိုကဲ့သို့ ပြင်ဆင်နေစဉ်မှာပင် နီမောင်ဖခင် ဦးဘရှိန်နှင့် သိက္ခမ်းခင်မင်သော လူတစ်ဦး ရောက်လာလေသည်။

သူ့အမည်မှာ ဦးဗန်ကောင်း ဖြစ်ပြီး အင်္ဂလိပ်ထိုးခြင်း၊ ဆေးဝါးဖော်စပ်ခြင်းကို များစွာ ဝါသနာပါသူ ဖြစ်သည်။

"ဟော... အဘ ရောက်လာတာနဲ့ အတော်ပဲ၊ ကျွန်တော်တို့ တောင်ပေါ်တက်ကြမလို့ လိုက်ခဲ့ပါလား"

"ကောင်းတာပေါ့ကွာ၊ ငါလည်း တောင်ပေါ်တက်ပြီး ဆေးပင်လေးဘာလေး ရှာဖွေဖို့ ထွက်လာတာပဲ၊ အခုလို မင်းတို့နဲ့ အဆင်ပြေတော့လည်း ပိုကောင်းတာပေါ့"

ဟု ပြောလေသည်။

ထို့ကြောင့် တောင်ပေါ်တက်ရန်အတွက် နောက်ထပ်တစ်ယောက် တိုးလာလေတော့သည်။

ထို့ကြောင့် ပြင်ဆင်စရာ ရှိသည်များ ပြင်ပြီး နံနက်ပိုင်းအချိန်မှာပင် တောင်ပေါ်တက်သွားကြလေသည်။

လမ်းတလျှောက်လုံးမှာတော့ အန္တရာယ် အနှောက်အယှက်များနှင့် မတွေ့ကြဘဲ အေးအေးချမ်းချမ်းပင် ရှိပေသည်။

တစ်နေရာရောက်တော့ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်မှာနားရင်း အသင့်ပါလာသော ရေနှင့်အစားအသောက်များကို အမောပြေ စားသောက်ကြသည်။

ထိုသို့ စားသောက်ရင်းနှင့် တလောက တောထဲ၌ ဆေးပင်ရှာဖွေသော အဘိုးကြီးတစ်ယောက်နှင့် တွေ့ရပုံကို ပြောပြလိုက်သည်။

"သူရှာနေတဲ့ ဆေးပင်က သစ်ပင်အမြင့်ကြီးမှာဆိုတော့ သူလို့ မရခဲ့ဘူး"

ထိုသို့ ပြောသောအခါ ဦးမန်ကောင်းက အနည်းငယ်စဉ်းစားနေရင်း လွယ်အိတ်ထဲမှ ကွမ်းယာတစ်ယာယူ၍ ပါးစပ်အတွင်းသို့ ထည့်ပြီးမှပြောသည်။

"ဒီလောက်မြင့်တဲ့ သစ်ပင်ကြီးပေါ်မှာ ဆေးပင်ရှိနေတာကို သစ်ပင်အောက်ကနေ မော့ကြည့်ရုံနဲ့ သိနိုင်ပုံရတော့






www.burmeseclassic.com

www.burmeseclassic.com



မင်းတို့နဲ့တွေ့ခဲ့တဲ့ ပုဂ္ဂိုလ်က သာမန်မဟုတ်လောက်ဘူး"

ဟု မှတ်ချက်ချသည်။

"ဒါဖြင့် ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်မလဲ အဘ"

"မဟုတ်ကာမှ လွဲရော၊ ဝိဇ္ဇာလမ်းလိုက်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးပဲ ဖြစ်မှာပေါ့"

"ဝိဇ္ဇာဆိုရင် ကောင်းကင်ပျံတက်သွားပြီး ဆေးပင်တို့ယူလို့ မရဘူးလားဟင်"

စောထီးက ဝင်မေးလိုက်သည်။

"ဝိဇ္ဇာဆိုတိုင်း ကောင်းကင်ပျံနိုင်တဲ့ သိဒ္ဓိမျိုး ရှိချင်မှရှိကြတယ်၊ လောကမှာ ဝိဇ္ဇာတွေလည်း အများကြီး၊ ဇော်ဂျီတွေလည်း အများကြီးရှိကြတယ်၊ တစ်ချို့က ကောင်းကင် ပျံတက်နိုင်ပေမယ့်၊ မြေလျှောက်နေတဲ့ ဝိဇ္ဇာတွေလည်း အများကြီးပေါ့"

ထိုအခါ ငမဲအောင်ကပါ စိတ်ဝင်စားစွာ ဝင်မေးလိုက်သည်။

"ဝိဇ္ဇာနဲ့ ဇော်ဂျီက အတူတူပဲ မဟုတ်လား အဘ"

"မတူဘူးကွ၊ သဘောတူပေမယ့် အဆင့်အတန်းချင်း မတူကြဘူး၊ ဘုန်းကြီးချင်းတူပေမယ့် ဝါချင်းတူသလိုမျိုးပေါ့၊ နောက် အေးအေးဆေးဆေးကျတော့ ငါရှင်းပြပေးပါ့မယ်"

ဟု ရှင်းပြသည်။

ထို့နောက် အမောပြေသည်နှင့် တောင်ပေါ်ဆက်တက်သွားရာ ချောချောမောမောပင် ရောက်သွားကြလေသည်။

သူတို့ တက်လာတာမြင်တော့ ဆရာတော်ကြီးက ပုတီး





စိပ်နေသော ဂူအတွင်းမှ အပြင်ထွက်လာသည်။

"မင်းတို့ ရောက်လာကြပြီလား"

"ရောက်ပါပြီ ဘုရား၊ ဆရာတော်က တန်ဆောင်မုန်းလပြည့်နေ့ မတိုင်ခင် တောင်ပေါ်တက်လာဖို့ မှာထားတာနဲ့ တက်လာကြတာပါ ဘုရား"

ဟု ပြောကာ ကန်တော့လိုက်ကြသည်။

"အေး. . ကောင်းတယ်၊ ကောင်းတယ်၊ မနက်ဖြန်လပြည့်ရက်မတိုင်ခင် တောင်ပေါ်မှာ လုပ်စရာတွေရှိတယ်"

"တပည့်တော်တို့ လုပ်နိုင်တာဆိုရင် လုပ်ပေးပါ့မယ် ဘုရား"

"ညမှာ ဧည့်သည်တွေ ရောက်လာကြလိမ့်မယ်၊ မင်းတို့လည်း တတ်နိုင်သမျှ ဧည့်ခံကြရမယ်"

ဟု ပြောကာ ဦးဗန်ကောင်းကို တစ်ချက်ကြည့်သည်။

"ဒကာကြီးလည်း အတော်လေး ခရီးရောက်နေပါလား"

"ကြိုးစားနေတုန်းပါ ဘုရား၊ ဆရာတော်ကြီးကို ဖူးတွေ့ချင်လို့ အမီလာခဲ့တာပါ"

"ဒီလိုရောက်လာတော့လည်း အကျိုးရှိစေရမှာပေါ့လေ"

ထိုသို့ပြောပြီး ကျောင်းဘက်သို့ ထွက်သွားလေသည်။

ထိုအခါမှ နီမောင်က တအံ့တသြဖြင့် မေးရလေသည်။

"အဘက ဆရာတော်ကြီးနဲ့ ဘယ်တုန်းကသိနေကြတာလဲ"

"အခုမှ တွေ့ဖူးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဆရာတော်ကြီးက အဘကိုသိနေသလိုပဲ"

"ဒါကတော့ကွာ လုပ်နည်းတူရင် လူချင်းသိနေကြတာ သိပ်တော့ မဆန်းပါဘူး"

ထိုသို့ပြောသော်လည်း နီမောင်တို့ကတော့ အဓိပ္ပာယ်ကို နားမလည်ပါချေ။

"အဘကြည့်ရတာ ကျွန်တော်တို့ ဒီကနေ့ ဆရာတော်ကြီးနဲ့ တွေ့ကြဖို့ တောင်ပေါ်တက်မှာကို ကြိုသိပြီး ရောက်လာသလိုပဲ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက ကွမ်းချေးများတက်နေသည့် သွားများပေါ်သည်အထိ သဘောကျစွာ ပြုံးလိုက်ရင်းမှ. . . ။

"ဒါက တိုက်ဆိုင်လို့ပါကွာ"

ဟု ပြန်ပြောလိုက်လေသည်။

ထို့နောက်မှာ တောင်ပေါ်မှာ လုပ်စရာရှိသည်တို့ကို လူခွဲပြီးလုပ်ကြလေသည်။ ထင်းရှာ၊ ထင်းခွဲ၊ ရေခပ်၊ တံမြက်စည်းလှည်း၊ အမှိုက်ရှင်း၊ မီးဖိုတွင် ရေနွေးအိုးတည်ခြင်း၊ ထမင်းချက်ခြင်းစသော အလုပ်တို့ကို လုပ်ကိုင်ပေးကြသည်။

ဦးဗန်ကောင်းက ဆရာတော်ကြီး ဖိုထိုးသော ဖိုရုံအနီးပတ်ဝန်းကျင်ကို ဂရုတစိုက်နှင့် သန့်ရှင်းရေး လုပ်ပေးနေလေသည်။

ဖိုရုံမှာ နံဘေးပတ်လည်တွင် တောင်ထန်းရွက်များဖြင့် ပတ်ကာထားသော်လည်း ဝင်ပေါက်ကတော့ ဒီအတိုင်း ဖွင့်ထား





ည်။

ဦးဗန်ကောင်းက အတွင်းကိုတော့ မဝင်ပေ။ ညဦးပိုင်းနှ်ရောက်သောအခါ သူတို့လေးယောက်ကို ကျောင်း ပေါ် သဖြင့် တက်သွားကြသည်။

ကျောင်းပေါ်ရောက်သည်နှင့်. . . ။

"မကြာခင် ဧည့်သည်တွေ တစ်သုတ်ပြီးတစ်သုတ် တက်လာတော့မယ်၊ သူတို့ရောက်မလာခင် ငါ့တပည့်တွေက င် ကန်တော့ကြ"

ဟု ထူးထူးခြားခြား မိန့်ကြားသဖြင့် ကန်တော့ကြလေည်။

"သာဓု၊ သာဓု၊ သာဓု၊ ငါ့တပည့်တွေ စိတ်ချမ်းသာကိုယ်း်မာမှုနဲ့ လိုရာဆန္ဒများ ပြည့်ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား"

"သံသရာခရီး မဆုံးမချင်းတော့ ဒီလိုပဲ တစ်နေရာပြီးန်နေရာ သွားနေကြရဦးမှာပဲ၊ ကံကြုံလို့ဆုံကြရပေမယ့် ကံန်တော့လည်း ဒီလိုပဲ ခွဲခွာကြရတာပဲ"

"ဆရာတော် ဒီတောင်ပေါ်က ခရီးကြွတော့မှာလား ဘု ဘယ်နေရာကြွမှာပါလဲ"

နီမောင်က ထိုသို့ မေးသောအခါ အနားမှာ ရှိနေသောန်ကောင်းက လက်တို့ သတိပေးလိုက်ရသည်။

"ဘယ်နေရာ သွားမယ်လို့တော့ အတိအကျ မပြောနိုင်ပါဘူး၊ ဒါပေမယ့် ဒီတောင်ပေါ်ကိုတော့ နောက်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာနိုင်တော့မယ် မထင်ဘူး"

ဆရာတော်ထံမှ ထိုစကားကြားရသောအခါ စိတ်ထဲ

ဝမ်းနည်းလာသလို ခံစားကြရသည်။

"မင်းတို့သုံးယောက်က ဘဝဆင်းရဲပေမယ့် စိတ်ထ

ကောင်းကြတယ်၊ ဖြူစင်ကြတယ်၊ ဒါကြောင့် မင်းတို့ကို ပေး

တာပေးဖို့ အခုလို ခေါ်ရတာပဲ၊ ဒါပေမယ့် ချက်ချင်း ချမ်းသ

အောင်တော့ ငါလုပ်မပေးခဲ့ဘူး"

BURMESE CLASSIC .com

နီမောင်က အာရုံစိုက်ပြီး နားထောင်နေသည်။

"ချမ်းသာတယ်ဆိုတာ အတိတ်ဘဝက ကံအကြော

တရားပါလာမှ ဖြစ်တာ၊ ကံအကြောင်းတရား မရှိဘဲနဲ့ ချမ်းသ

အောင် လုပ်ပေးခဲ့ရင်လည်း မြဲမှာ မဟုတ်ဘူး၊ ဒါကြောင့် မင်

ဘဝတလျှောက်လုံး အကျိုးရှိတာမျိုးပဲ၊ ငါပေးခဲ့မယ်၊ လာ

ကြ"

ဟု ခေါ်ပေးသဖြင့် နီမောင်၊ စောထီး၊ ငမဲအောင်

သုံးယောက်မှာ ရှေ့သို့ တိုးသွားကာ ရိုသေစွာ ယူကြလေသည်

အခြားတော့ မဟုတ်ပေ။

ဝင်းလက်နေသော ခေတ်လုံးပင် ဖြစ်လေသည်။

ဆရာတော်ကြီးက တစ်ယောက်တစ်လုံးစီ ပေးပြီး...

"ကိုယ်နဲ့မကွာဆောင်ထားပြီး အန္တရာယ်နဲ့ ကြုံတဲ့အ

အသုံးပြုပေတော့"

ဟု မှာသည်။

နီမောင်တို့သုံးယောက် နောက်သို့ ပြန်ဆုတ်သောအ





န်ကောင်းကိုလည်း ခေါ်ပေးပြန်သည်။

"ဒကာကြီးက အဆော်အသင့် ခရီးရောက်နေပြီဆို

ာ့ ဆက်ပြီးသာ ကြိုးစားပါ၊ ဒီခေတ်လုံးကိုလည်း သေသေချာ

ဆောင်ထားပါ"

ထိုအခါ ဦးဗန်ကောင်းက ခေတ်လုံးကို ယူရင်းနှင့်

ျောက်ထားလေသည်။

"တပည့်တော်က ဆရာတော်ကြီးရဲ့ အမွေပစ္စည်းတွေ

လိုချင်ပါတယ်ဘုရား၊ ပေးနိုင်ရင် ပေးသနားခဲ့ပါ"

"ကျုပ်အသုံးပြုခဲ့တဲ့ ပစ္စည်းတွေက ဒီတောင်ပေါ်မှာပဲ

ားခဲ့ပါတယ်၊ ကျုပ်အနေနဲ့ကတော့ ပေးပိုင်ခွင့် မရှိတော့ဘူး၊

ာကြီး ကြိုးစားအားထုတ်မှုနဲ့သာ ရအောင်ယူပါတော့"

ထိုစကားကြားတော့မှ ဦးဗန်ကောင်းလည်း သဘော

က်သွားကာ နောက်ထပ် ဘာမှမပြောတော့ဘဲ ရိုသေစွာ

န်တော့ပြီး နောက်သို့ ဆုတ်လာလေသည်။

ထိုအချိန်မှာပင် ကျောင်းအောက်မှ ယောကျ်ားသံရော

မအသံများပါ ဆူဆူညံညံ စကားပြောသံများကို ကြားရ

ည်။

မီးရောင်အချို့ကိုလည်း မြင်ရသည်။

ခဏကြာတော့ ကျောင်းပေါ်သို့ ယောကျ်ား၊ မိန်းမ အ

တက်လာကြသည်။

နီမောင်တို့က မနီးမဝေးမှနေ၍ မိမိတို့ တွေ့ဖူးမြင်ဖူး

တွေလား၊ အသိမိတ်ဆွေတွေများလားဟု မသိမသာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း တစ်ယောက်မှ မသိပေ။ မမြင်ဖူးပေ။

ငင်းတို့မှာ ၁၀ ယောက်ခန့် ရှိပြီး ဆရာတော်ကြီး
မနီးမဝေးမှ ထိုင်၍ ရှိသေစွာ ကန်တော့ကြသည်။

"ဆရာတော်ကြီး ကြွတော့မယ်ဆိုလို့ လာပြီး နှုတ်
ရင်းနဲ့ ကန်တော့တာပါ ဘုရား"

"ငါပေးတဲ့ အမှုအတန်းတွေ ရကြရဲ့ မဟုတ်လား"

"ရပါတယ် ဘုရား၊ ဒီလို အမှုအတန်း ဝေပေးတာ
လည်း ကျေးဇူးတင်ပါတယ် ဘုရား"

"အေး . . အေး ဒီဘဝက အမြန်ဆုံး ကျွတ်ပါစေ
မေတ္တာပို့ ပေးခဲ့ပါတယ်"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

ဟု ပြောပြီး ဆရာတော်ကြီးကို ကန်တော့ပြီး ကျော
ပေါ်မှ ပြန်ဆင်းသွားကြလေသည်။

အချိန်က ညဦးပိုင်းသာရှိသေးပြီး ယခု ရောက်လာ
သူတို့မှာ ရသေ့ခိုတောင် အနီးတစ်ဝိုက်မှာ ရှိသည့်သိုက်မျာ
သိုက်စောင့်များပင် ဖြစ်သည်။

သူတို့ ဆင်းသွားပြီးနောက် သိုက်ချုပ်ဘိုးဘိုး တက်
ပြီး ကန်တော့သည်။

"ဆရာတော်ရဲ့ မေတ္တာရိပ်အောက်မှာ နေကြရတာ
ချမ်းမှုရှိပါတယ်၊ ဆရာတော် ကြွမယ်ဆိုတော့လည်း မတား
ပြန်ဘူးပေါ့"

ဝမ်းနည်းစကား ဆိုပြန်သည်။





"ဒကာကြီးတို့အားလုံး ဘေးအန္တရာယ်ကင်းဖို့ ဆု
တောင်းပေးခဲ့ပါမယ်"

သိုက်ချုပ်ဘိုးဘိုး ပြန်သွားတော့ ရသေ့ခိုတောင်စောင့်
နတ်တို့နှင့် တောင်ပိုင်ဘိုးဘိုး ရောက်လာပြီး ကန်တော့ကာ နှုတ်
ဆက်ကြသည်။

သူတို့ ပြန်သွားတော့မှ ကျိုက်ထီးရိုး တောင်ပိုင်ဘိုးဘိုး
ကြီးရောက်လာပြီး ကန်တော့သည်။

ငင်းရောက်လာသော အချိန်မှာ ညဥ့်နက်ပိုင်းအချိန်
ရောက်နေချေပြီ။

"အရှင်ဘုရား ပေါက်မြောက်အောင်မြင်သွားတာ ဝမ်း
သာပါတယ် ဘုရား၊ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီး တည်
တံ့ခိုင်မြဲစေဖို့ ကြိုးစားဆောင်ရွက်ပေးတော်မူပါ ဘုရား"

"ကောင်းပါပြီ ဒကာကြီး၊ ကျုပ် ဒီတောင်ပေါ်မှာ ရှိနေ
တဲ့ ကာလပတ်လုံး လာရောက်ကူညီစောင့်ရှောက်ပေးခဲ့တဲ့ ကျေး
ဇူးတွေကိုလည်း မမေ့ပါဘူး"

"တပည့်တော်တို့ တာဝန်ကတော့ သာသနာတော်အ
ကျိုးကို သယ်ပိုးဆောင်ရွက်နေကြတဲ့ သူတော်ကောင်းတွေကို
ကူညီပေးရမယ့် တာဝန်ပါပဲ ဘုရား၊ တပည့်တော်တို့အတွက်
မေတ္တာများများ ပို့ပေးပါ၊ အရှင်ဘုရားကို နှုတ်ဆက်ခဲ့ပါတယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ရှိသေစွာ ကန်တော့ပြီး
ကျောင်းပေါ်မှ ပြန်ဆင်းသွားလေသည်။

နီမောင်တို့မှာတော့ တစ်သက်တစ်ခါ မမြင်ဖူးသေး



www.burmeseclassic.com

www.burmeseclassic.com



သော မြင်ကွင်းများကို မြင်ရသဖြင့် စိတ်ထဲမှ များစွာ အံ့ဩနေမိကြသည်။

တွေ့ရန်၊ မြင်ရန် ခက်ခဲလှသော ကျိုက်ထီးရိုးတောင်ပိုင်ဘိုးဘိုးကြီးနှင့် ရသေ့ခိုတောင်ပိုင်ကြီးတို့အား တွေ့မြင်ခွင့်ရသဖြင့် စိတ်ထဲမှ ကျေနပ်ဝမ်းသာနေကြသည်။

နောက်ထပ် ဘယ်လိုပုဂ္ဂိုလ်မျိုးများ ရောက်လာဦးမည်လဲဟု စိတ်ဝင်တစားဖြင့် စောင့်နေကြသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် သန်းခေါင်ယံ အချိန်ကို ကျော်လာလေပြီ။ ညဥ့်နက်ပိုင်း ရောက်လာသဖြင့် သစ်ရွက်များပေါ်သို့ နှင်းစက်ကျသံများ ကြားလာရသည်။

တန်ဆောင်မုန်းည လရောင်က သစ်တောများ အပေါ်သို့ ဖြာကျနေရာမှ မြေပေါ်သို့ ကွက်တိကွက်ကျား ဖြာဆင်းနေသည်။

အအေးဓာတ်က တဖြည်းဖြည်း များလာလေပြီ။

လေနှင့်အတူ ပါလာသော နှင်းစက်တို့က ပြတင်းပေါက်မှတစ်ဆင့် ကျောင်းထဲအထိ ရောက်လာနေကြသည်။

ထိုအချိန်အထိ ဆရာတော်ကြီးက နေရာမှ မထသေးဘဲ မျက်စိမှိတ်လျက် ပုတီးစိပ်နေလေသည်။

ဆရာတော်ကြီး နေရာမှ မထသေးသဖြင့် နောက်ထပ်ဧည့်သည်များ ရောက်လာရန် ရှိလိမ့်ဦးမည်ဟု ခန့်မှန်းမိကြသည်။

သူတို့ မျှော်လင့်ထားသည့်အတိုင်းပင် အာရုဏ်ဦးတက်





နီးသောအခါ ကျောင်းပေါ်သို့ လူနှစ်ယောက် တက်လာကြသည်။

အဘိုးကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ဖြစ်၏။

အဘိုးကြီးက နီမောင်တို့နှင့် တောထဲမှာ တစ်ခါတွေ့ခဲ့သော ဦးသူတော် ဖြစ်ပြီး အမျိုးသမီးကတော့ အသက် ၂၀ ကျော် အရွယ်ခန့် ရှိလေသည်။

၎င်းတို့နှစ်ယောက် ကျောင်းပေါ်တက်လာပြီး ဆရာတော်ကို ကန်တော့ကြသည်။

BURMESE CLASSIC .com

ကန်တော့ပြီးမှ ဦးသူတော်က ပြောသည်။

"ဒီလမ်းစဉ်မှာ ပေါက်မြောက် အောင်မြင်သွားတဲ့အ တပည့်တော် ဝမ်းသာပါတယ် ဘုရား၊ အရှင်ဘုရား ရှေ့က နှင့်တော့လည်း တပည့်တော်တို့က နောက်က လိုက်နိုင်ဖို့ ားရမှာပါ ဘုရား"

"ကြိုးစားပေ့ါ ဒကာကြီးရယ်၊ ဝိဇ္ဇာလမ်းစဉ်ကို လျှောက် ခဲ့ရှိပြီး၊ ကြိုးစားနိုင်မှ နေရာကျမှာပေ့ါ၊ ဒကာကြီးလည်း န်အသင့် ခရီးပေါက်နေမှပဲ၊ ဒါထက် လိုအပ်တဲ့ ဆေးပင် ရပြီလား"

"မရသေးပါဘူး ဘုရား၊ မနက်ဖြန် တန်ဆောင်မုန်း လ နေ့မှာတော့ တပည့်တော် မျှော်လင့်ထားတဲ့ အခွင့်အရေး ရနိုင်မယ်လို့တော့ မျှော်လင့်ထားပါတယ် ဘုရား"

ထိုအခါ ဆရာတော်က နီမောင်တို့ ထိုင်နေရာဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်လေသည်။

"ဒကာကြီး သူတို့ကို တွေ့ဖူးတယ် မဟုတ်လား"

ဦးသူတော်ကပါ တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြသည်

"တွေ့ဖူးပါတယ် ဘုရား"

"သူတို့က ဘုန်းကြီးရဲ့တပည့်ရင်းတွေပဲ၊ ဒကာကြီး နေနဲ့ သူတို့ဆီက အကူအညီ ယူမယ်ဆိုရင် ရနိုင်ပါတယ်"

"တပည့်တော် သူတို့အကြောင်းကို ပထမအကြိမ် ကတည်းက သိပါတယ် ဘုရား၊ ဆရာတော် မှာတဲ့အတိုင်း တို့နဲ့ လက်တွဲပြီး လုပ်ပါမယ်"

ဆရာတော်က ကျေနပ်စွာဖြင့် ခေါင်းညိတ်ပြလေသည်

ထို့နောက်မှာတော့ ဦးသူတော်တို့နှစ်ယောက်က ဆ တော်ကို ကန်တော့သည်။ ပြီးမှ နီမောင်တို့ဘက် လှည့် သည်။

"မနက်စောစောမှ တစ်ခေါက်ထပ်လာခဲ့ပါမယ်၊ အ တော့ ကိစ္စလေးရှိလို့ ပြန်လိုက်ပါဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်ဆင်းသွားလေသည်။

သူတို့ ပြန်ဆင်းသွားတော့မှ ဆရာတော်ကြီးက ထိုင် ရာမှ ထလေသည်။ လက်ခံတွေ့ရမည့် ဧည့်သည်များ ကုန်သ ဟန်တူလေသည်။

"ကဲ..မင်းတို့လည်း တစ်ညလုံး ပင်ပန်းကြရော ဒီကျောင်းပေါ်မှာပဲ တစ်ရေးတစ်မော နားလိုက်ကြဦး"

ဟု မှာကြားကာ ကျောင်းပေါ်မှ ဆင်းသွားလေ





သည်။ ထိုအခါမှ လေးယောက်သား ထူးဆန်းသော အကြောင်း အရာများကို ပြန်ပြောနေကြသည်။

သူတို့အတွက်တော့ ထိုအကြောင်းများက ပြောမဆုံးနိုင် လောက်သည့် ထူးဆန်းသော အကြောင်းအရာများ ဖြစ်နေ တော့သည်။

အပြင်ဘက်မှာတော့ အာရုဏ်တက်ချိန် နီးလာလေ လေ အအေးဓာတ်က ပိုများလာလေ ဖြစ်၏။


ကျောင်းပေါ်နှင့် ပတ်ဝန်းကျင်မှာ ရှိကြသည့် သစ်ပင် သစ် ရွက်များ အပေါ်သို့ တဖြောက်ဖြောက်နှင့် နှင်းကျသံများကို ကြား ကြရသည်။

ထို့နောက်မှာတော့ လေးယောက်သား ကျောင်းပေါ်မှာ ပင် တစ်ရေးတစ်မော အိပ်ကြရာ ပင်ပန်းလာကြသဖြင့် မကြာ ခင် အိပ်ပျော်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

## ဝိဇ္ဇာခိုရ်ရဲ့ဓဗာကာနှင့် ဆေးပင်များ

ညက မိုးလင်းကာနီး အချိန်ရောက်မှ အိပ်ပျော်သွားကြရာ နံနက်ပိုင်း အချိန်ရောက်မှ ပြန်နိုးလာကြလေသည်။

နီမောင်တို့သုံးယောက် နိုးလာပြီး ကြည့်လိုက်တော့ ဦးဗန်ကောင်းက ဘုရားခန်း၌ ပုတီးစိပ်နေသည်ကို လှမ်းမြင်ကြရလေသည်။

ထို့ကြောင့် သုံးယောက်သား ကျောင်းအောက်ဆင်းကာ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးမှ ကျောင်းပေါ် ပြန်တက်လာကြသည်။

အလင်းရောင် ရစပြုနေပြီ ဖြစ်သော်လည်း တောင်ထိပ်ပေါ် တစ်ဝိုက်မှာတော့ နှင်းများ ရှိနေသေးသည်။

ထက္ကာထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါ် ပြန်ရောက်တော့ ဦးပန်ကောင်းက ပုတီးစိပ်ခြင်းပြီးကာ အငွေ့တထောင်းထောင်း ထနေသော လက်ဖက်ရည် ထိုင်သောက်နေသည်။

“အေးလိုက်တာ အဘရာ”

“တန်ဆောင်မုန်းဆိုတော့ ဆောင်းဝင်ပြီပေါ့၊ ဆောင်းဝင်လာသလို ဒီကနေ့ညက လပြည့်ညဆိုတော့ သစ်ပင်၊ ဆေးပင်တွေ ဆေးပေါင်းခပြီ၊ လာကြ အချမ်းပြေအောင် ရေနွေးပူပူ သောက်ကြ”

ဟု ပြောကာ လက်ဖက်ရည် တစ်ပန်းကန်စီ ငှဲ့ပေးသဖြင့် သောက်ကြရသည်။

လက်ဖက်ရည်ပူပူ သောက်လိုက်တော့မှ ရင်ထဲ၌ အတန်အသင့် နွေးသွားကြသည်။

“အဘက ဘယ်အချိန်ကတည်းက စပြီး ပုတီးစိပ်နေတာလဲ”

“ငါက ညကတည်းက တစ်မှေးမှ မအိပ်သေးတာ”

“ဒါထက် ဆရာတော်ကြီးရော မမြင်ပါလား၊ ဂူထဲများ ရှိနေမလား”

“ဆရာတော်ကြီး မရှိတော့ဘူးလေ၊ ညကတည်းက ကြွသွားပြီ”

“ဟင်. . ဘယ်ကို ကြွသွားတာလဲ”

“ဘယ်ကြွသွားတယ်ဆိုတာတော့ ဘယ်သိပါ့မလဲကွာ၊ ညကတည်းက မင်းတို့ကို နှုတ်ဆက်သွားတာတောင် မရိပ်မိ





သေးဘူးလား”

ထိုသို့ မေးတော့မှ နီမောင်မှာ တာပြန်ပြောရမှန်းမသိအောင် အံ့သြသွားလေသည်။

“ညကတော့ ကျိုက်ထီးရိုးစေတီတော်ရှိတဲ့ တောင်ထိပ်ကို ကြွသွားတာ၊ နောက်ဆုံး ဖူးတွေ့လိုက်ရတယ်၊ တကယ်တော့ ဆရာတော်ကြီးက ထွက်ရပ်ပေါက်စခန်းကို ကြွမြန်းဖို့ ...အားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တစ်ပါးပဲ၊ အခုတော့ သူ့ကိစ္စတွေ ...အောင်မြင် ပြီးမြောက်သွားခဲ့ပြီ”

နီမောင်မှာ စိတ်ထဲ၌ ဝမ်းနည်းနေမိသလို ခံစားနေရသည်။

သို့သော်လည်း သူ့အနေဖြင့် ဘာမှမတတ်နိုင်သော ...ခြအနေမျိုးသာ ဖြစ်သည်။

“ဒါဖြင့် အဘက ဒီအကြောင်းတွေကို သိလို့ အမီလာ...ပေါ့ ဟုတ်လား”

“ဟုတ်တယ်လေ၊ ဒါကြောင့် ငါလည်း မင်းတို့လိုပဲ အ...အရေးတစ်ခု ရလိုက်တာပေါ့၊ ဒါပေမယ့် မပြီးသေးဘူး၊ ဆက်...စားရဦးမယ်”

“ဘာတွေ ကျန်သေးလို့လဲ”

“ဆရာတော်ကြီး သိဒ္ဓိပေါက်စခန်းမှာ အသုံးပြုခဲ့တဲ့ ...ည်းလမ်းတွေနဲ့၊ ဒီတောင်ရဲ့ တစ်နေရာမှာ ဆရာတော်ကြီး ...ထားခဲ့တဲ့ သိဒ္ဓိပေါက် ပစ္စည်းသုံးမျိုးကို မတွေ့တွေ့အောင် ...ဖွေရဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ အဘ"

နီမောင်က စိတ်ဝင်စားသဖြင့် လေသံတိုးတိုးဖြင့် မေး

လိုက်လေသည်။

"မင်းတို့သိရင် စိတ်ထဲမှာပဲထား၊ ဒီအကြောင်းတွေကို

ဘယ်သူမှ မသိစေနဲ့၊ သိသွားရင် မင်းတို့အပေါ် အပြစ်ရောက်

လာလိမ့်မယ်"

"မသိစေရပါဘူး အဘ၊ စိတ်ချပါ"

"ဆရာတော်ကြီး ဝှက်ထားခဲ့တဲ့ ပစ္စည်းသုံးမျိုးက တခြား

မဟုတ်ဘူး၊ သူအသုံးပြုခဲ့တဲ့ လုံသုံးလုံးပဲ၊ ပထမလုံထဲမှာ ဖြန်

ပြာရှိတယ်၊ ဒုတိယလုံထဲမှာ သံပြာရှိတယ်၊ တတိယလုံထဲမှာ

ရွှေပြာရှိတယ်၊ ဒီလုံသုံးလုံကိုသာ တွေ့အောင် ရှာဖွေလို့ရရင်

လောကီကိစ္စတွေမှာ လိုရာပြီးတဲ့အပြင် ဝိဇ္ဇာလမ်းစဉ်သွားဖို့

လည်း ဖြောင့်ဖြောင့်သွားနိုင်ပြီပေါ့"

ဦးဇန်ကောင်းက ချထားသော လက်ဖက်ရည်ပန်းကန်

ကို ပြန်ယူပြီး တစ်ငုံသောက်လိုက်သည်။

နီမောင်တို့ကတော့ လူငယ်လူရွယ်များလည်းဖြစ်၊ ဒါ

တွေ့ အကြုံလည်း မရှိကြသေးသောကြောင့် စိတ်ဝင်စားသည့်

အဆင့်လောက်သာ ရှိကြသည်။

ထိုအခိုက်မှာပင် ကျောင်းပေါ်တက်လာသော ခြေသံ

ကြားသဖြင့် လှမ်းကြည့်ကြရာ ဦးသူတော်နှင့် မိန်းမပျိုတစ်

ယောက် ဖြစ်နေသည်ကို တွေ့ရလေသည်။

မိန်းမပျိုက ပေါင်းအိုးတစ်လုံးကို အဝတ်တစ်ခုဖြင့် ဖုံး





ထား ပွေ့ယူလာလေသည်။ နီမောင်တို့ အနီးရောက်တော့ အ

လယ်နေရာတွင် ချပေးသည်။

"ကောက်ညှင်းပေါင်းပူပူလေး သုံးဆောင်လိုက်ကြပါဦး

ရှင်"

"ကျေးဇူးတင်ပါတယ်ဗျာ"

တကယ်တော့ နံနက်စောစော အချိန်တွင် လက်ဖက်

ရည်ခါးခါး၊ ကောက်ညှင်းပေါင်းပူပူ စားရသည်မှာ အဟာရ

လည်းဖြစ်၊ အချမ်းလည်း သက်သာစေသည်။

ထို့နောက် စုစုပေါင်း ၆ ယောက် ဖြစ်သွားပြီး ကောက်

ညှင်းပေါင်းစားလိုက်၊ လက်ဖက်ရည်သောက်လိုက်နှင့် စကား

ပြောကြလေသည်။

ဦးဇန်ကောင်းက လူကြီးပီပီ နီမောင်၊ စောထီး၊ ငမဲ

အောင်တို့ သုံးယောက် နာမည်များနှင့် ၎င်းတို့ အကြောင်းအရာ

အချို့ကိုပြောပြရာ ဦးသူတော်ကလည်း ၎င်းနှင့်အတူ ပါလာ

သည့် မိန်းကလေး အကြောင်းကို ပြောပြလေသည်။

"ဒါက ကျုပ်မြေးမလေးပါ၊ သူ့နာမည်က မြလေးနွယ်

လို့ ခေါ်တယ်၊ ကျုပ်က အသက်အရွယ်ကြီးလာတော့ သူ့ကိုပဲ

အဖော်အဖြစ် ထားရတယ်"

မြလေးနွယ်က နာမည်နှင့်လိုက်အောင် ချော့မောလှပ

သူဖြစ်ပြီး သူတို့ကို ကြည့်ကာ မသိမသာ ပြုံးပြသည်။

"ကိုင်း . . ဦးသူတော်ရေ၊ ခင်ဗျားနဲ့ ကျုပ်နဲ့က လမ်းစဉ်

ချင်းက လည်းတူ၊ ဝါသနာချင်းကလည်း တူတဲ့အပြင် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးကို အကြောင်းပြုပြီး ဒီတောင်ပေါ်မှာ ဆုံကြရတာဆို တော့ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေး ကြတာပေါ့ဗျာ၊ မကောင်းဘူးလား"

"ကောင်းတာပေါ့ဗျာ၊ ဒါထက် ခင်ဗျားက ဘယ်လမ်း စဉ် လိုက်နေတာလည်းဗျ"

"အဂ္ဂိရတ်လမ်းစဉ်ပါပဲ"

"ဆရာတော်ကြီးလည်း အဂ္ဂိရတ်လမ်းစဉ်နဲ့ပဲ ထွက်ရပ် လမ်း ကြွမြန်းတာပါပဲ၊ ကြိုးစားပေါ့ဗျာ၊ ဒါထက် အတော်ခရီး ပေါက်နေပြီလား"

"ရောက်သင့်သလောက်တော့ ရောက်နေပါပြီ၊ ဒါထက် ခင်ဗျားကရော ဘယ်လမ်းစဉ်လည်းဗျ"

"ကျုပ်ကတော့ ဖြတ်လမ်းနည်းလို့ပဲ ဆိုရမှာပဲ၊ ဆေး ဝိဇ္ဇာလမ်းစဉ်ကို လိုက်နေတာဗျ"

"ဘယ်အထိ ခရီးပေါက်နေပြီလဲ"

"ဆေးပင်တွေ့ရင် ယူနိုင်မယ့် အင်းကောင်း၊ ဂါထာ ကောင်းတွေတော့ ပြည့်စုံနေပါပြီ"

"အတော်ခရီး ရောက်နေမှာပဲ၊ ဒါထက် ဗဟုသုတရ အောင် ပြောပြပါဦးဗျ၊ ဆေးဝိဇ္ဇာလမ်းစဉ် အောင်မြင်ဖို့ ဘယ် လိုဆေးပင်တွေ ရှာရမှာလဲ"

"သိဒ္ဓိပေါက်နိုင်တဲ့ ဆေးပင်တွေ၊ ဂမုန်းပင်တွေကတော့ အများကြီး ရှိတာပေါ့ဗျာ၊ ဒါပေမယ့် ကျန်တဲ့ဆေးပင်တွေက ရှာဖွေရတာ မခက်လှဘူး၊ ဒါပေမယ့် ဆေးပင်ရရုံနဲ့ မပြီးပြန်ဘူး





သိဒ္ဓိပေါက်နိုင်တဲ့ အဆင့်ရောက်အောင် အများကြီး လုပ်ရတယ်"

"မှန်ပါတယ်"

"ကျုပ်ကတော့ ဆေးပင်ရှာဖွေရတာ ခက်ခဲပေမယ့် ပြီးဆိုတာနဲ့ တခြားခက်ခက်ခဲခဲတွေ သိပ်မလုပ်ရဘဲ သိဒ္ဓိပေါက် နိုင်တဲ့ ဆေးပင်သုံးမျိုးကိုပဲ ကြိုးစားရှာနေတယ်"

"ခင်ဗျားရှာဖွေတဲ့ ဆေးပင်သုံးမျိုးကိုလည်း တဆိတ် လောက် ပြောပြပါဦးဗျ၊ မှတ်သားထားပါရစေ"

ထိုအခါ ဦးသူတော်က လက်ထဲမှ သောက်လက်စ လက် ဖက်ရည်ပန်းကန်ကို ပြန်ချထားလိုက်သည်။

"ကျုပ်ရှာနေတဲ့ ဆေးပင်သုံးမျိုးက 'ဆေးဘုရင်နဲ့ ဆေး မိဖုရားပင်'၊ 'ဆေးမင်းကေရာဇ်ပင်'၊ 'ဆေးမင်းစက္ကဝတ္တိဆေးပင်' သုံးမျိုးပါပဲ၊ ခင်ဗျားက ဒီလမ်းစဉ်ကို လိုက်စားနေတဲ့ သူဆိုတော့ ဒီဆေးပင်တွေ အကြောင်းကို သင့်သလောက် ပြောပြပါ့မယ်"

"ကောင်းပါပြီဗျာ နားထောင်စမ်းပါရစေ"

ဦးသူတော်က သိဒ္ဓိပေါက် ဆေးဝိဇ္ဇာလမ်းစဉ်ကို တ ဖြောင့်တည်း ရောက်စေနိုင်သည့် ဆေးပင်သုံးမျိုး အကြောင်းကို ပါ ပြောပြလေသည်။

ဝိဇ္ဇာလောကတွင် ဆေးဝိဇ္ဇာလမ်းစဉ်ကို လိုက်သူများ အတွက် မြောက်များလှစွာသော ဆေးပင်၊ ဂမုန်းပင်တို့ များစွာ ရှိကြလေသည်။

သို့သော်လည်း လုပ်နည်းအမျိုးမျိုး၊ အခြားအဖက်အ ပင် အမျိုးမျိုးတို့ ရှိကြသဖြင့် ရသော်လည်း လုပ်ရန် ခက်ခဲလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ယခု ဖော်ပြမည့် ဆေးဝိဇ္ဇာပင်သုံးမျိုးမှာ တစ်မျိုးမျိုး
ရှာဖွေရရုံဖြင့် အခြားလုပ်ရပ်များ မရှုတ်ထွေးဘဲ ဆေးဝိဇ္ဇာ
ဖြစ်သို့ ရောက်စေနိုင်သည့် ဆေးပင်သုံးမျိုး ဖြစ်သည်။

ရင်းတို့မှာ. . .

(၁) ဆေးဘုရင်နှင့် ဆေးမိဖုရား ဆေးပင်၊
(၂) ဆေးမင်းဇေကရာဇ် ဆေးပင်၊
(၃) ဆေးမင်းစက္ကဝတ္တိ ဆေးပင်၊

စသည်တို့ပင် ဖြစ်ပေသည်။

ထိုဆေးပင်သုံးမျိုးတို့တွင် ဆေးဘုရင်နှင့် ဆေးမိဖုရား
ပင်တို့သည် တစ်ပင်တည်း ခွဲပေါက်လေ့မရှိဘဲ ပေါက်လျှင်
ပင်ယှဉ်တွဲပြီး ပေါက်လေ့ရှိသည်။

အခြားအပင်များနှင့်လည်း ရောထွေး၍ မပေါက်
အပင်၊ အရွက်၊ အခက်တို့၏ ပုံသဏ္ဍာန်မှာ. . .

လယ်ကွင်း၌ သော်လည်းကောင်း၊ ကန်ဘောင်ရိုး
တို့၌ ပေါက်လေ့ရှိသော ဥာဏ်ပင်နှင့် ပုံသဏ္ဍာန်တူ၏။

သို့စေကာမူ ဥာဏ်ပင်လောက် မမြင့်ဘဲ နှစ်တောင်
လောက်သာ ရှိကြသည်။

အပွင့်ပွင့်သောအခါ ဆေးဘုရင်ပင်က တစ်ပွင့်၊ ဆေး
မိဖုရားပင်က တစ်ပွင့်သာ ပွင့်လေ့ရှိသည်။

အပွင့်မှာ အဝါရောင် ဖြစ်သည်။

ထိုဆေးပင်တို့မှာ သာမန်အချိန်များ၌ မတွေ့ရဘဲ ဆေး





ပေါင်းခသည့် တန်ဆောင်မုန်းလ တစ်လ၌သာလျှင် ရှာဖွေတွေ့
နိုင်သည်။

သာမန်နေရာတို့တွင် မပေါက်ဘဲ လူတို့ အညစ်အကြေး
ရာကင်းသော ဘုရားကုန်း၊ တောင်ကုန်းထိပ်၌သာ ပေါက်
လေ့ရှိသည်။

ထိုဆေးပင်မှာ နတ်ဝှက်သော ဆေးပင်မျိုး ဖြစ်သဖြင့်
င်းအတတ်၊ ဂါထာအတတ် ကျွမ်းကျင်တတ်မြောက်သူတို့
သာလျှင် ရှာဖွေတွေ့နိုင်၏။

သာမန်လူတို့ သာမန်အနေနှင့် လိုက်လံရှာဖွေရုံနှင့်
တော့ နတ်တို့က ကွယ်ဝှက်ထားသဖြင့် ရှာဖွေတွေ့ကြရမည် မ
တ်ပေ။

ထိုဆေးပင်ကို တွေ့အောင် ရှာဖွေနိုင်ပါက နှစ်ပင်စ
သုံးကို အမြစ်ပါမကျန် ပဉ္စငါးပါးပါအောင် နုတ်ယူရသည်။

ပြီးလျှင် ဂါထာမန္တာန်များ ရွတ်ဆိုပြီး ညက်စွာ ထောင်း
ကြိတ်ရသည်။

ထောင်းကြိတ်ပြီးမှ လက်ဖျားတစ်ဆစ်ခန့် ဆေးတောင့်
လေးများ ပြုလုပ်ထားကာ သွေ့ခြောက်အောင် ထားပြီးမှ
က် ပေါင်း (၄၉) ရက်တိုင်အောင် နဝင်္ဂသီလကို စောင့်ထိမ်းပြီး
တစ်နေ့ တစ်တောင့်ကျစားပါ။ ၄၉ ရက်ပြည့်လျှင် ဆေးဝိဇ္ဇာ
အဖြစ်သို့ ရောက်စေနိုင်သည်။

ဆေးမင်းဇေကရာဇ်ပင်မှာ အရွက်သုံးရွက်သာ ရှိသည်။

အရွက်၏ကျောဘက်တွင် ဟသာ်ပြဒါးကဲ့သို့သော်

www.burmeseclassic.com



လည်းကောင်း၊ ပတ္တမြားကဲ့သို့သော်လည်းကောင်း ရဲရဲနီလျက်
ရှိသည်။

အပေါ်ဘက်၌မူ ငွေရောင်ကဲ့သို့ ဖြူဖွေးသော အဆင်း
ရှိသည်။

ရွက်ကြောကလေးများမှာ ဆန်းကြယ်စွာ ရေးထား
သော ပန်းချီကဲ့သို့ လှပဆန်းကြယ်စွာ ရှိလေသည်။

ပင်စည်ရိုးမှာ ဟင်္သာပြဒါးရေဖြင့် သုတ်လိမ်းထားသကဲ့
သို့ နီရဲနေသော အဆင်းရှိသည်။

အရွက်အနေအထားမှာ လက်လေးဆစ်ခန့်သာရှိသည်။

လူ၊ တိရစ္ဆာန်တို့ အညစ်အကြေးကင်းသော တောင်
ကုန်း၊ ဘုရားကုန်းများပေါ်၌သာ ပေါက်လေ့ရှိပြီး တပေါင်းလ
ပြည့် မွန်းတည့်သော အချိန်တစ်ချိန်၌သာ ထိုဆေးပင်ကို ရှာ
ဖွေတွေ့ရှိနိုင်သည်။

ဆေးပင်ကို ရှာဖွေရာ၌လည်း အင်းကောင်း၊ ဂါထာ
ကောင်းမရှိပါက နတ်တို့ဝှက်ထားသဖြင့် မတွေ့ရနိုင်ပေ။

တွေ့ခဲ့သော် ဆေးပင်ကို အမြစ်ပါမကျန် ရှိသေစွာ နုတ်
ယူပြီးလျှင် ညက်စွာ ကြိတ်ထောင်းလျက် ရွှေးစေ့ပမာဏ ဆေး
လုံးကလေးများ ပြုလုပ်ထားရသည်။

ပြီးလျှင် ရှစ်ပါးသီလ သို့မဟုတ် ကိုးပါးသီလကို (၄၉)
ရက် တိုင်အောင် စောင့်ထိမ်းလျက် တစ်နေ့တစ်လုံးကျ ဆေး
စားသော် ဆေးဝိဇ္ဇာအဖြစ်သို့ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်
စေနိုင်သည်။





ဆေးမင်းစကြာဝတ္တိဆေးပင်သည် ဆေးမင်းဇကရာဇ်ပင်
အရွယ်အစား၊ ပုံသဏ္ဌာန်နှင့် အရောင်အသွေးပါ များစွာ တူ
လှပေသည်။

တစ်ခုတော့ ကွာသည်။

ဆေးပင် ပေါက်ရောက်သည့် နေရာချင်းကတော့ မတူ
ပေ။

ဆေးမင်းဇကရာဇ်ပင်က မြေမှာပေါက်သော်လည်း
ဆေးမင်းစကြာဝတ္တိဆေးပင်ကတော့ မြေမှာ မပေါက်ပေ။

အလွန်သန့်ရှင်းစင်ကြယ်သော တောင်ကုန်းမြင့်စောက်
ရာ အရပ်၌ပေါက်သော သစ်ပင်ကြီးတို့၏ ထိပ်ခေါင်ဖျား၌ရှိ
သည့် အကိုင်းအခက်များ၌သာ ပေါက်ရောက်လေ့ရှိသည်။

လေးနှစ် တစ်ကြိမ်သာ ပေါက်လေ့ ရှိသည်။

တပေါင်းလပြည့် မွန်းတည့်သောအချိန် တစ်ချိန်
လောက်သာ တွေ့ရနိုင်သည်။

အင်းကောင်း၊ ဂါထာကောင်း မရှိလျှင်၊ အကျင့်စာရိတ္တ
မကောင်းပါက နတ်များက ကွယ်ဝှက်ထားသောကြောင့် ရှာဖွေ
မတွေ့နိုင်ပေ။

ထိုက်သူတို့သည် ဆေးမင်းစကြာဝတ္တိဆေးပင်ကို ရှာဖွေ
ရရှိပါက ရိုသေစွာ ယူဆောင်လျက် ညက်စွာထောင်းပြီးလျှင်
ရွှေးစေ့မျှ ဆေးလုံးကလေးများ လုံးထားရသည်။ ပြီးလျှင် နဝင်္ဂ
သီလကို ခံယူလျက် (၄၉) ရက်တိုင်အောင် သောက်ပါက ဆေး
ဝိဇ္ဇာအဖြစ်သို့ မုချရောက်စေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောပြပြီး ဦးသူတော်က လက်ဖက်ရည်ပန်းကန်ကို ပြန်ယူပြီး သောက်ပြန်လေသည်။

"ခင်ဗျားပြောမှပဲ သိရပေတော့တယ်၊ ကျုပ်က ထင်နေတာက ဆေးဝိဇ္ဇာဖြစ်ဖို့ ဆေးပင်တွေကို ရှာဖွေတဲ့အခါ လွယ်ကူမယ်လို့ ထင်နေတာဗျ"

"လွယ်လွယ်ကူကူ ရှာဖွေရနိုင်တဲ့ ဆေးပင်တွေလည်း ရှိတာပေါ့ဗျာ၊ ဒါပေမယ့် တခြားဆေးပင်တွေက သူတို့ကို ရရုံနဲ့တင်မပြီးဘူးဗျ၊ နောက်ထပ်ရှာရတဲ့ ဆေးတွေရှိတယ်၊ တခြားအစီအရင်တွေ ရှိကြတယ်၊ ဒါကြောင့် ဆေးပင်ရှာရတာ လွယ်ပေမယ့် တခြားလုပ်ရတာတွေက ခက်တယ်၊ အခု ကျုပ်ပြောတဲ့ ဆေးမင်းသုံးမျိုးကတော့ ဘယ်အပင်ပဲတွေ့တွေ့ ဆေးဝိဇ္ဇာဖြစ်နိုင်တယ်"

ထိုခါ နီမောင်က ဝင်မေးလိုက်သည်။

"အဘနဲ့ တောထဲမှာ တွေ့တုန်းက သစ်ပင်ကြီးပေါ်မှာ ဆေးပင် ရှိတယ်ဆိုတာ၊ အဲဒီ ဆေးပင်ကို ပြောတာလား"

"မှန်ပါတယ်၊ အဲဒီတုန်းက သစ်ပင်ပေါ်မှာ ဆေးပင်ရှိနေမှန်း သိပေမယ့် မြင့်လွန်းတော့ ဘယ်လိုမှ တက်မယူနိုင်ခဲ့ဘူး"

"ကြားရတာ စိတ်မကောင်းစရာပါဘဲ၊ အခု တန်ဆောင်မုန်းလဆိုတော့ ဆေးဘုရင်နဲ့ ဆေးမိဖုရားပင်တော့ ရှာရင် တွေ့နိုင်တယ် မဟုတ်လား"

ဦးဗန်ကောင်းက အားတက်သရော မေးလိုက်သည်။





"တွေ့နိုင်ပါတယ်၊ အဲဒီ ဆေးပင်တွေက ဒီတောင်ရဲ့ ပတ်ဝန်းကျင်တစ်ဝိုက်မှာပဲ ရှိပါတယ်"

"ခင်ဗျားက ဘယ်လိုနည်းနဲ့များ သိတာလဲ"

"သိပ်လည်း အထင်မကြီးပါနဲ့ဗျာ၊ ကျုပ်အစွမ်းအစကြောင့် မဟုတ်ပါဘူး၊ ရသေ့ခိုဆရာတော်ကြီး ရှိတုန်းက ပြောသွားလို့ သိရတာပါ"

"ဒါဖြင့် ဒီတစ်တောင်တစ်ခုလုံး ဆေးပင်လိုက်ရှာရမှာပေါ့"

"ရှာရမှာပေါ့ဗျာ၊ အခု လပြည့်ပြီဆိုတော့ နောက်ထပ်ဆေးပင်ရှာဖို့ ၁၅ ရက် ကျန်သေးတယ်၊ ဒါပေမယ့် ကျုပ်တစ်ယောက်တည်း ရှာဖွေတာထက် ခင်ဗျားပါ အတူ လိုက်ရှာပေးရင်တော့ ဟန်ကျမှာပဲဗျို့"

ဟု ဦးသူတော်က ပြောလိုက်သည်။

"လိုက်ခဲ့ပါဆိုရင်လည်း လိုက်ခဲ့ပါ့မယ်၊ အတွေ့အကြုံရတာပေါ့၊ ဒါပေမယ့် ကျုပ်လည်း ဒီတောင်ပေါ်မှာ ရှာရမှာရှိသေးတယ်"

"ဆရာတော်ကြီး ထားခဲ့တဲ့ မှတ်တမ်းတွေနဲ့ လုံသုံးလုံးကိုရှာမှာ မဟုတ်လား၊ ထိုက်ရင်တော့ ရမှာပေါ့ဗျာ၊ ကျုပ်လည်း ဝိုင်းရှာပေးပါ့မယ်"

ဟု ပြောရာ ဦးဗန်ကောင်းလည်း မျှားစွာ ကျေနပ်သွားလေတော့သည်။

နီမောင် အပါအဝင် လူငယ်များကတော့ နံဘေးနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းရင်း ကောက်ညှင်းပေါင်းစားလိုက်၊ လက်ဖက်ရည်သောက် လိုက်နှင့် လူကြီးနှစ်ယောက် ပြောဆိုနေကြသည့် အကြောင်းအ ရာများကို စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

အပြင်ဘက်မှာလည်း အလင်းရောင်ရလာပြီး နှင်းပါးစ ပြုလာသဖြင့် အအေးဓာတ်လည်း တဖြည်းဖြည်း လျော့သွား လေပြီ။

နီမောင်ကတော့ ကောက်ညှင်းပေါင်းစားရင်း လက် ဖက်ရည်သောက်ရင်းနှင့် မနီးမဝေးမှာ ထိုင်နေသော မြလေး နွယ်ဆိုသော အမျိုးသမီးကို မသိမသာ ခိုးကြည့်နေလေသည်။

တစ်ခါတစ်ရံ အမျိုးသမီးက ဖျပ်ကနဲ ပြန်ကြည့်သည်နှင့် မျက်လုံးချင်းဆုံမိလျှင် ခိုးထုပ်ခိုးထည်ဖြင့် လက်ပူးလက်ကြပ် အမိခံရ သကဲ့သို့ ရှက်ကိုးရှက်ကန်း ဖြစ်ရလေသည်။

"ဒါထက် ခင်ဗျားက ဝိဇ္ဇာလောကမှာ အတော်ကလေး ခရီးပေါက်နေပုံထောက်တော့ ခင်ဗျားသိထားတာ မြင်ထားတာ လေးတွေများ ရှိရင် ပြောပြပါဦးဗျ"

ဦးဗန်ကောင်းက ထပ်မံတောင်းဆိုလိုက်သည်။

ထိုအခါ ဦးသူတော်က ထပ်မံပြောပြပြန်လေ၏။

"ဝိဇ္ဇာနဲ့ဇော်ဂျီက အဆင့်အတန်းချင်း မတူသလို သိဒ္ဓိ ချင်းလည်း မတူဘူးဗျ။ ဝိဇ္ဇာမိုရ် ဖြစ်အောင် အရင်ကြိုးစားပြီးမှ ဇော်ဂျီအဆင့်ကို တစ်ဆင့်သွားကြရတယ်"

ဝိဇ္ဇာမိုရ်များ သိဒ္ဓိပေါက်ရန် ကြိုးစားအားထုတ်၍ အောင်မြင်ပါက သိဒ္ဓိကြီး ၁၀ ပါးနှင့် သိဒ္ဓိငယ်ပေါင်း မြောက်များ





စွာ ရရှိနိုင်ပေသည်။

သို့သော်လည်း အချို့ဝိဇ္ဇာမိုရ်တို့မှာ သိဒ္ဓိကြီး ၁၀ပါး စလုံး မရရှိဘဲ ၅ ပါး၊ ၆ ပါးလောက် သိဒ္ဓိပေါက်ကြရုံမျှဖြင့် ဝိဇ္ဇာမိုရ်အဖြစ် သို့ ရောက်ကြသည်လည်း ရှိ၏။

ဝိဇ္ဇာမိုရ်များ ရရှိကြသည့် သိဒ္ဓိ ၁၀ ပါးတို့မှာ. . .

(၁) ဓား၊ လှံ၊ မီးပေါက်သေနတ်စသော လက်နက်တို့ မထိရောက်စေနိုင်သည့် ကာယသိဒ္ဓိ။

(၂)ရွှေငွေ အစရှိသော ရတနာတို့ကို လိုတိုင်းပြည့်စုံစေ နိုင်သည့် ဓနသိဒ္ဓိ။

(၃) အစားအသောက်ကို တစ်ကြိမ်စားရုံဖြင့် နောက် ထပ်စားရန် မလိုတော့အောင် ပြည့်စုံစေသည့် အဟာရသိဒ္ဓိ။

(၄) အသက်ရှည်အောင် စွမ်းဆောင်နိုင်သော အာယု သိဒ္ဓိ။

(၅) မြေမှာ လျှိုး၍ သွားလာနိုင်ခြင်း၊ မြေကြောရှုံ့ခြင်း ကို ပြုလုပ်နိုင်သော ပထဝီသိဒ္ဓိ။

(၆)ရေပေါ်ရေအောက်၌ သွားလာနိုင်သည့် ဥဒကသိဒ္ဓိ။

(၇)ကောင်းကင်သို့ ပျံတက်နိုင်ပြီး လိုရာခရီး သွားလာ နိုင်သော အာကာသသိဒ္ဓိ။

စသော သိဒ္ဓိတို့အား အနုလောမ၊ ပဋိလောမ သိဒ္ဓိအ ကြီးကို အငယ်၊ အငယ်ကို အကြီးဖြစ်အောင် ပြုနိုင်သော နှစ်ပါး အပြင်၊ စိတ်အလို ရှိသည့်အတိုင်း ပြီးစီးအောင်မြင်စေနိုင်သော သိဒ္ဓိတစ်ပါး ဖြင့် ပေါင်းပါက သိဒ္ဓိကြီး(၁၀)ပါးတို့ကို ရရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မေးပါရစေဦးဗျ၊ ဝိဇ္ဇာဓိုရ်တွေက သိဒ္ဓိ(၁၀)ပါး အပြင် 'ဣဒ္ဓိဝိဓ' အစရှိတဲ့ အဘိညာဏ်မျိုးရော ရနိုင်ကြသလား"

ဦးဗန်ကောင်းက ကြားမှ ဝင်မေးလိုက်လေသည်။

ထိုအခါ ဦးသူတော်က ခေါင်းခါပြသည်။

"ဘယ်ရနိုင်ပါ့မလဲဗျာ၊ အဘိညာဏ်ဆိုတာ ဈာန်သမာပတ်ကိုရတဲ့ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရိယာသာဝကတို့နဲ့သာ သက်ဆိုင်တာဗျ"

"ဒါဖြင့် ဝိဇ္ဇာဓိုရ်တွေနဲ့ သက်ဆိုင်တဲ့ အဘိညာဏ် မရှိတော့ဘူးလား"

"ရှိတော့ ရှိပါသေးတယ်၊ သဘောနဲ့သိတာ၊ မနောနဲ့သိတာ၊ မျက်စိနဲ့ မြင်တာ၊ နားနဲ့ကြားတာ၊ စကားကြည့်ရုံနဲ့သိတာ စတဲ့ အဘိညာဏ်တော့ ရှိပါတယ်"

"ဒီအဘိညာဏ်ငါးမျိုးကိုရော ဝိဇ္ဇာဓိုရ်တိုင်း ရနိုင်သလားဗျ"

"ဝိဇ္ဇာဓိုရ် ဖြစ်တိုင်းတော့ ဒီအဘိညာဏ်မျိုးတွေ ဘယ်ရနိုင် ပါ့မလဲဗျာ၊ လောကီယဝိဇ္ဇာဓိုရ်နဲ့ အရိယာမဂ္ဂဝိဇ္ဇာဓိုရ် နှစ်မျိုးလောက်ပဲ၊ ဒီအဘိညာဏ်မျိုး ရနိုင်ကြတယ်"

ထိုကဲ့သို့သော အဘိညာဏ်မျိုး ရရှိခြင်းကြောင့် အကျိုးထူးများလည်း ရနိုင်ကြလေသည်။

ဝိဇ္ဇာဓိုရ်များသည် အဘိညာဏ်ကို ရမှသာလျှင် ဘုမ္မိကျိုး၊ အာကာသကျိုး၊ သမားကျိုး၊ သာသနာကျိုးဟု ဆိုအပ်ကုန်သော ကျိုးလေးပါးတို့ကို ရနိုင်ပါသည်။





အဆိုပါ ကျိုးလေးပါးကို ရမှသာလျှင် သိဒ္ဓိကြီးဆယ်ပါး၊ သိဒ္ဓိငယ် ထောင်သောင်းတို့ကို ပေါက်စေနိုင်သည်။

သိဒ္ဓိကြီး ဆယ်ပါးပေါက်မှသာလျှင် ဇော်ဂျီ ဖြစ်နိုင်သည်။

ဇော်ဂျီ ဖြစ်မှသာလျှင် ဖိုလ်ဝင်နိုင်ပါသည်။

ဖိုလ်ဝင်နိုင်မှ ဝိဇ္ဇာဓိုရ်အဖြစ်သို့ ရောက်ပါသည်။

ဝိဇ္ဇာဓိုရ်များတွင် မဟာဂ္ဂုတ် လောကုတ္တရာတို့နှင့် သက်ဆိုင်သော မဟိဒ္ဓိ မရှိကောင်းပါ။ ထိုမှ ကြွင်းကျန်သော မဟိဒ္ဓိတို့သည် ရှိကောင်းပါသည်။

ဝိဇ္ဇာဓိုရ်များသည် ကမ္မဇိဒ္ဓိကို ရကောင်းပါသည်။ ဝိဇ္ဇာဓိုရ်ကို မဆိုထားနှင့် တန်ခိုးကြီးသော နဂါး၊ ဂဠုန်တို့သည်ပင်လျှင် ကမ္မဇိဒ္ဓိကို ရကြပေသည်။

ပကတိ လူတို့ထက် ဝိဇ္ဇာဓိုရ်များ အသက်အလွန်အမင်း ပို၍ ရှည်နိုင်ခြင်းမှာ အကြောင်းရင်းခံ မတူသောကြောင့် ဖြစ်ပါသည်။

ပကတိ လူများသည် ကျင်ကြီးစွန့်ခြင်း၊ ကျင်ငယ်စွန့်ခြင်း၊ သွေးမကောင်းခြင်း၊ သည်းခြေမကောင်းခြင်း၊ လေမကောင်းခြင်း၊ သလိပ်မကောင်းခြင်း အစရှိကုန်သော ဓာတ်ချောက်ချားခြင်း၏ အကြောင်းတို့သည် ဖြစ်ကုန်၏။

ဝိဇ္ဇာဓိုရ်များသည် ပကတိလူများကဲ့သို့ ဓာတ်ချောက်ချားခြင်း၏အကြောင်း မရှိခြင်းကြောင့် ပကတိလူတို့ထက် အသက် အလွန်အမင်း ပို၍ ရှည်နိုင်ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာဓိုရ်များသည် ကျင်ကြီးကျင်ငယ် မစွန့်ဘဲ နေနိုင်သည့် အကြောင်းရင်းလည်း ရှိသည်။

ပကတိ လူတို့သည် အလွန်ရုံ့ရင်း ကြမ်းတမ်းသော ပကတိ အစာအာဟာရတို့ကို စားသုံးကြသည်။ သို့သော် ဝိဇ္ဇာဓိုရ်တို့သည် အလွန်ရုံ့ရင်း ကြမ်းတမ်းသော ပကတိ အစာအဟာရတို့ ကို မစားသုံးပေ။ အလွန်အမင်း နူးညံ့သိမ်မွေ့သော ရသာယနဟုခေါ်သော ဝိကတိ အစာအာဟာရ တို့ကိုသာလျှင် စားသုံးခြင်းကြောင့် ကျင်ကြီးကျင်ငယ် မစွန့်ဘဲ နေနိုင်ပါသည်။

ဥပမာ။ အမိဝမ်းတွင်း၌ ကိန်းအောင်းသော သူငယ်သည် လိမ်းဆေးကဲ့သို့ စိမ့်၍ ဝင်အပ်သော အစာအာဟာရချေး အဖြစ်ဖြင့် သိမ်မွေ့နူးညံ့ခြင်းကြောင့် ကျင်ကြီးကျင်ငယ် မစွန့်သကဲ့သို့ ဝိဇ္ဇာဓိုရ် များသည်လည်း ကျင်ကြီးကျင်ငယ် မစွန့်ကြပေ။

ပကတိ အစာအာဟာရနှင့် ဝိကတိ အစာအာဟာရတို့ ကွာခြားပါသည်။ အစာအာဟာရထူးလျှင် အသက်ရှည်ခြင်း၌ ထူးခြားမှု ရှိပေသည်။

ပကတိ လူတို့၏ စားရိုးစားတန်း ဖြစ်သော အစာအာဟာရသည် ပကတိ အစာအာဟာရမည်၏။ ထိုပကတိ အစာအာဟာရတို့တွင်လည်း အစာအာဟာရချင်း အတန်းအစား ကွာခြားခြင်းကြောင့် အသက်ရှည်မှုတွင် ကွာခြားပါသည်။

ဂေါတမမြတ်စွာဘုရား အလောင်းတော် သာတိန မင်းဖြစ်စဉ်အခါက တောသို့ဝင်၍ ရသေ့အဖြစ်နှင့်ကျင့်စဉ် အသူရကာယ်နတ်ကြီး နေ့စဉ်နေ့တိုင်းလှူသော နတ်သရက်သီးကို ဘုဉ်းပေးစားသောကြောင့် သူတပါးတို့ အသက်တစ်ရာတန်းတွင် သာတိန ရှင်ရသေ့ကြီးမှာ အသက် ခုနစ်ရာနှစ်ကြာအောင် အသက်ရှည်ခဲ့ဖူးသည်။





ဤသည်မှာ အစာအာဟာရထူးကြောင့် အသက်ရှည်ခြင်းကို သာဓကအဖြစ် ဖော်ပြခြင်း ဖြစ်သည်။

ဂေါတမမြတ်စွာဘုရား အလောင်းတော် မန္ဓာတုစကြာဝတေးမင်းကြီး ဖြစ်စဉ်အခါက တာဝတိံသာနတ်ပြည်သို့ တက်၍ သိကြားမင်းနှင့်တူသော စည်းစိမ်ကို ခံစားစဉ်အခါ၌ နတ်သြဇာတို့သာ အမြဲတန်း စားသုံးခြင်းကြောင့် ဆွေမျိုး ခုနစ်ဆက်တိုင်အောင် အသက်ရှည်ခဲ့ဖူးသည်။

ဤအထောက်အထားဖြင့်လည်း အစာအာဟာရထူးပါက အသက်ရှည်မှုထူးပုံကို သိနိုင်ပါသည်။

ဇော်ဂျီများ ထိုးထားသော ဝိဇ္ဇာဓိုရ် အဖြစ်ကို ပေးစွမ်းနိုင်လောက်အောင် ကောင်းမွန်သော ဓာတ်လုံးမှ ပြာအံ၊ ပြာစွန့်၍ရသော ပြာသည် ရသာယန အာဟာရမည်၏။

ထိုဓာတ်လုံးမှ စွန့်သော ရသာယန အာဟာရ ပြာထက် ကမ္ဘာဝေစဉ်အခါက ကမ္ဘာမီးဖြင့် ချက်၍ ထားအပ်သော ကမ္ဘာမြေ သယံဇာတဟု ဆိုအပ်သော ကဿာသယမနောမယ ပြဒါးရှင်လုံး၊ ပတ္တမြားလုံးတို့ကစွန့်သော ပြာသည် အလွန်ထူးသော ရသာယန အာဟာရမည်၏။

ထိုရသာယန အာဟာရနှစ်မျိုးတို့သည် ပကတိအစာ၊



www.burmeseclassic.com

www.burmeseclassic.com



အာဟာရတို့ထက် ထူးခြင်းကြောင့် ဝိကတိအစာအာဟာရမည်၏။

အရိယမဂ္ဂသို့ အစဉ်လျှောက်၍ မဂ်ဖိုလ်သို့ ပေါက်ရောက် နိုင်လောက်အောင် ကျင့်တတ်ကြံတတ်သော မဟာဂန္ဓာရီဝိဇ္ဇာဓိုရ်ရတို့ တွင် အစစ်အမှန် ဖြစ်သော မဟာဂန္ဓာရီနှင့် အတုအယောင်ဆောင်မျှသာ ဖြစ်သော မဟာဂန္ဓာရီ ဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။

ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာသာဝက အပေါင်းသူတော်ကောင်းတို့သည်သာလျှင် မဟာဂန္ဓာရီ အစစ်အမှန် ဖြစ်ပါသည်။

အရိယာသူတော်ကောင်းတို့၏ သွားရာလမ်းကြောင်းကောင်းသော သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်လမ်းကြောင်းတို့ထွက်ရပ်လမ်းဖြင့် လိုက်၍ ထွက်ရပ်ပေါက်သော ဝိဇ္ဇာဓိုရ်သည် အတုအယောင်ဆောင် မဟာဂန္ဓာရီမည်၏။

သို့ဖြစ်၍ မဟာဂန္ဓာရီတို့တွင် အထက်မဟာဂန္ဓာရီနှင့် အောက်မဟာဂန္ဓာရီဟူ၍ နှစ်မျိုးနှစ်စား ခွဲခြား၍ သိရှိသင့်ပေသည်။

အောက်မဟာဂန္ဓာရီ ဖြစ်အောင် လုပ်ဆောင်အပ်သော လုပ်ထုံးလုပ်နည်းများ ရှိပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော သီလ၊ သမာဓိတို့ကို တည်စေ၊ လုံခြုံစေလျက် ကမ္မဋ္ဌာန်းဘာဝနာတို့ကို အထူးကြိုးစား အားထုတ်ပြီးလျှင် ကမ္မဋ္ဌာန်းအာရုံကို ကောင်းကောင်း ရှိသောအခါ၌ စ,မ အင်းကို ကြိုးစားသောက်ပါက စ,မ အက္ခရာပေါ် လိမ့်မည်။





ထိုသို့ စ,မ အက္ခရာ ကိုယ်မှာပေါ် လျှင် တရားအားထုတ်မှုနှင့် အင်းသောက်မှုတို့ကို အထူးကြိုးစားပါ။

ဤသို့ အဆင့်ဆင့် ကြိုးစားသဖြင့် ရှေးဦးစွာ အက္ခရာစုံသည်။

ထို့နောက် အက္ခရာတွဲသည်။

ထို့နောက် ရုပ်လုံးပေါ် သည်။

ထို့နောက် အဆင့်ဆင့် ရုပ်လုံးပေါ် ၍ ပဉ္စမံရုပ်ပေါင်းသုံးဆယ့်သုံးရုပ်စေ့အောင် ကိုယ်ကာယတွင် ပေါ် လျှင် အရိယာလမ်းကိုလိုက်၍ စ,မ ဝိဇ္ဇာ ဖြစ်ခြင်းကြောင့် အရိယမဂ္ဂ အောက်တန်းကျ မဟာဂန္ဓာရီဝိဇ္ဇာဓိုရ်မည်ပေသည်။

ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာသာဝကတို့သည်သာလျှင် အထက်တန်းကျသော မဟာဂန္ဓာရီ မည်တော်မူပါသည်။

လောကီယဝိဇ္ဇာဓိုရ် အတန်းအစားသို့ ရောက်သော ပုဂ္ဂိုလ်တို့သည်သာလျှင် အောက်မဟာဂန္ဓာရီ အဖြစ်သို့ ရောက်နိုင်ပါသည်။

ဝေဒဝိဇ္ဇာဓိုရ်၊ မန္တဝိဇ္ဇာဓိုရ်၊ စူဠဂန္ဓာရီဝိဇ္ဇာဓိုရ်တို့သည် လောကီယဝိဇ္ဇာဓိုရ် အဖြစ်သို့ ရောက်အောင် တစ်တင့်တက်ပြီးမှသာလျှင် အောက်မဟာဂန္ဓာရီ အဖြစ်သို့ ရောက်အောင် တက်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာမိုရ်ရတို့တွင် ကျင့်စဉ်အလိုက် အဆင့်အတန်း ကွာပါသည်။ သိဒ္ဓိတန်ခိုး ကွာပါသည်။

အာထပ္ပနမန္တာန်ဖြင့် ဖြစ်သော ဝေဒဝိဇ္ဇာမိုရ်ရထက် ဆေးဝိဇ္ဇာမိုရ်ရက သာလွန်၍ သိဒ္ဓိတန်ခိုး ကြီးပါသည်။

ဆေးဝိဇ္ဇာမိုရ်ရထက် ပရိတ်ကြီးမန္တာန်ဖြင့်ဖြစ်သော မန္တဝိဇ္ဇာမိုရ်ရက သာလွန်၍ သိဒ္ဓိတန်ခိုးကြီးပါသည်။

ပရိတ်ကြီးမန္တာန်ဖြင့် ဖြစ်သော မန္တဝိဇ္ဇာမိုရ်ရထက် ဓာတ်လုံးဖြင့် ဖြစ်သော စုဋ္ဌဂန္ဓာရီဝိဇ္ဇာမိုရ်ရက သာလွန်၍ သိဒ္ဓိတန်ခိုးကြီးပါသည်။

ဓာတ်လုံးဖြင့်ဖြစ်သော စုဋ္ဌဂန္ဓာရီဝိဇ္ဇာမိုရ်ရထက် ဓာတ်အင်းဖြင့်ဖြစ်သော မန္တဝိဇ္ဇာမိုရ်ရက သာလွန်၍ သိဒ္ဓိတန်ခိုးကြီးပါသည်။

ဓာတ်အင်းဖြင့်ဖြစ်သော မန္တဝိဇ္ဇာမိုရ်ရထက် ဗားမဲ့လမ်းဖြင့် ဖြစ်သော မန္တဝိဇ္ဇာမိုရ်ရက သာလွန်၍ သိဒ္ဓိတန်ခိုးကြီးပါသည်။

ထိုဗားမဲ့လမ်းဖြင့်ဖြစ်သော မန္တဝိဇ္ဇာမိုရ်ရထက် ဗျည်းအင်းဖြင့်ဖြစ်သော မန္တဝိဇ္ဇာမိုရ်ရက သာလွန်၍ တန်ခိုးကြီးပါသည်။

ထိုဗျည်းအင်းဖြင့်ဖြစ်သော ဝိဇ္ဇာမိုရ်ရထက် လောကီယဝိဇ္ဇာမိုရ်ရက သာလွန်၍ သိဒ္ဓိတန်ခိုးကြီးပါသည်။

ထိုလောကီယ ဝိဇ္ဇာမိုရ်ရထက် အောက်မဟာဂန္ဓာရီဝိဇ္ဇာမိုရ်ရက သာလွန်၍ သိဒ္ဓိတန်ခိုးကြီးပါသည်။

အောက်မဟာဂန္ဓာရီဝိဇ္ဇာမိုရ်ရတို့၏ တန်ခိုးအာနုဘော်ထက် လောကီစျာန် အဘိညာဉ်တို့ကိုရသော ရသေ့ရဟန်းတို့





၏ တန်ခိုးအာနုဘော်က ဆထက်လွန်ကဲ အထူးသာလွန်၍ တန်ခိုးကြီးသည်ကို ကောင်းစွာသိအပ်ပါသည်။

လောကီစျာန် အဘိညာဉ်တို့ကို ရကုန်သော ရသေ့ရဟန်းတို့၏ တန်ခိုးအာနုဘော်ထက် အရိယာသူတော်ကောင်းတို့၏ တန်ခိုးအာနုဘော်က မရေမတွက်နိုင်အောင် အထက်တန်းကျကုန်သော တန်ခိုးအာနုဘော် ရှိကြကုန်၏။

ဝိဇ္ဇာမိုရ်ရတို့၏ တန်ခိုးသည် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ တန်ခိုးနှင့်နှိုင်းယှဉ်ပါလျှင် မနှိုင်းယှဉ်အပ်အောင် ကွာခြားလှပါသည်။

သာဓကတစ်ခု ဖော်ပြလိုပါသည်။

ဤကမ္ဘာမှ နောက်ဆုတ်ပြန်လှန်၍ ရေတွက်အပ်သည်ရှိသော် ကမ္ဘာတစ်သိန်းအထက်၊ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်၌ မြတ်စွာဘုရားရှေ့တော်တွင် ဂေါတမ မြတ်စွာဘုရားအလောင်းတော်နှင့် ပိဂ်လဝိဇ္ဇာကြီး အလောင်းတော်တို့သည် အသီးသီး လိုလားနှစ်သက်သောဆုကို တောင်းခဲ့ကြလေသည်။

ပဒုမုတ္တရမြတ်စွာဘုရားက ဂေါတမမြတ်စွာဘုရား အလောင်းတော်အား ဘုရားဖြစ်ကြောင်း ကောင်းမြတ်သော ဗျာဒိတ်စကားတော်ကို ကြားတော်မူ၏။

ပိဂ်လဝိဇ္ဇာ၏ အလောင်းအား ဝိဇ္ဇာဖြစ်ကြောင်းကောင်းသော ဗျာဒိတ်စကားကို ကြားတော်မူ၏။

ထိုသို့ ဗျာဒိတ်စကားကို ကြားနာရပြီးသည့်နောက် ဝမ်းမြောက်ဝမ်းသာဖြစ်၍ ပိဂ်လဝိဇ္ဇာမိုရ်၏အလောင်းက ဂေါတမ



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား အလောင်းတော်ကို ဤသို့ တောင်းပန်၏။

"အဆွေ . . အဆွေသည် နောက်အခါ၌ အမှန်မုချ ဘုရားဖြစ်တော့မှာပါ။ အဆွေဘုရား ဖြစ်သောအခါ ကျွန်ုပ်ကို ကျွတ်ကျွတ်အောင် ချွတ်တော်မူပါ"

"ကောင်းပါပြီ"

ဂေါတမ မြတ်စွာဘုရားအလောင်းတော်က ကတိပေးခဲ့သည်။

ပိင်္ဂလဝိဇ္ဇာကြီး၏ အလောင်းအလျာသည် များမကြာမီ လောကီယဝိဇ္ဇာဗိုလ် ဖြစ်၍ ကမ္ဘာတစ်သိန်း အသက်ရှည်လျက် ဥထိပ်တောင်တွင် စံနေစဉ် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူ၍ ရှင်မောဂ္ဂလာန်ကို စေလွှတ်ပြီးလျှင် အခေါ်ခိုင်းရာ ရှင်မောဂ္ဂလာန်သည် သည်းရင့်စွာသော အာဏာသံဖြင့် ပိင်္ဂလဝိဇ္ဇာကြီးကို ခေါ်တော်မူသည်။

သို့ဖြစ်၍ ပိင်္ဂလဝိဇ္ဇာကြီး၏ တပည့်အပေါင်းတို့သည် ပြင်းထန်စွာ အမျက်ဒေါသ ထွက်ကြ၍ ရှင်မောဂ္ဂလာန်အား အမျိုးမျိုးသော လက်နက်တို့ဖြင့် ပစ်ခတ်ကြကုန်၏။

သို့သော် ရှင်မောဂ္ဂလာန်အား မည်သည့်လက်နက်မျှ မထိခိုက်သည်ကို မြင်ကြရသဖြင့် ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်ကြကုန်၏။ ထိုအကြောင်းကို ၎င်းတို့၏ဆရာ ပိင်္ဂလဝိဇ္ဇာကြီးအား ပြန်ကြားပြောဆိုကြရာ ဆရာပိင်္ဂလဝိဇ္ဇာကြီးက ဤသို့ ပြန်ကြားပြောဆိုခဲ့သည်။

"ထိုပုဂ္ဂိုလ်သည် ငါ့ထက် မြင့်မြတ်ခြင်းကြောင့် ငါ့ကို





ခိုင်းပြစွာခေါ်ခြင်း ဖြစ်ပေမည်"

ပိင်္ဂလဝိဇ္ဇာကြီးသည် တပည့်များကို ထိုသို့ပြောကာ ရှင်မောဂ္ဂလာန်၏ ခြေတော်ရင်းသို့ ခစားခိုလှုံ၍ မေးလျှောက်လေ၏။

"အရှင် . . အရှင်သည် အကျွန်ုပ်ကို ခေါ်သည် မှန်သလော"

"မြတ်စွာဘုရားသည် သင့်ကို အခေါ်ခိုင်း၏"

ဟု ရှင်မောဂ္ဂလာန်က မိန့်တော်မူ၏။

"အရှင်၊ အဘယ်ဘုရားက အခေါ်ခိုင်းပါသနည်း"

"ငါတို့ အရှင်ဂေါတမမြတ်စွာဘုရားက အခေါ်ခိုင်းသည်"

"အရှင်ဘုရား၊ အရှင်ဂေါတမမြတ်စွာဘုရား ပွင့်တော်မူပြီလော"

"မှန်ပါပေသည်။ အရှင်ဂေါတမမြတ်စွာဘုရား ပွင့်တော်မူပေပြီ"

"ဤသို့ဆိုသော် တပည့်တော် လိုက်ပါပါမည် ဘုရား"

ပိင်္ဂလဝိဇ္ဇာကြီးသည် လာရောက်ခေါ်တော်မူသော ရှင်မောဂ္ဂလာန်နှင့်အတူ လိုက်ပါ၍ မြတ်စွာဘုရား ခြေတော်ရင်းသို့ ချဉ်းကပ်ခစားရောက်လေ၏။

မြတ်စွာဘုရားက. . .

"ဟဲ ပိင်္ဂလ၊ နင် ငါ့ကို သိပါ၏လော"

ဟု မိန့်တော်မူသည် ရှိသော် ပိင်္ဂလဝိဇ္ဇာက. . .



www.burmeseclassic.com

www.burmeseclassic.com



"မသိပါ ဘုရား၊ အမိန့်တော် ရှိတော်မူပါ ဘုရား"

ဟု လျှောက်ထားတောင်းပန်၏။

"ဟဲ့ ပိဂ်လ၊ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်က န
ငါ့ကို ဤသို့ တောင်းပန်လျှောက်ထားဖူးသည် မဟုတ်ပါလော

ဟု နောက်ကြောင်းကို ပြန်လှန်၍ အမိန့်တော်ရှိသ
ကို ကြားနာရမှ အတိတ်ကို ပြန်လည်သတိရလာသည်။

"မှတ်မိသိရှိပါပြီ ဘုရား၊ တပည့်တော်ကို သနားသေ
အားဖြင့် တရားဟော၍ ချွတ်တော်မူပါဘုရား"

ဟု လျှောက်ထားတောင်းပန်သည်။

မြတ်စွာဘုရားက ပိဂ်လဝိဇ္ဇာကြီးအား တရားဟေ
တော်မူရာ ဒေသနာတော်၏အဆုံး၌ ပိဂ်လဝိဇ္ဇာကြီး သောတေ
ပန်တည်လေ၏။

နောက်တစ်နေ့ ရောက်သော် သောတာပန်တည်
သော ပိဂ်လဝိဇ္ဇာကြီးသည် တပည့်ဝိဇ္ဇာပေါင်း တစ်သိန်း
လျက် အရှေ့လောကဓာတ်မှ ကြယ်တာရာဝန်းရံသော လမ
၏ တင့်တယ်ခြင်းကဲ့သို့ ဝိဇ္ဇာမိုရ်တို့၏ တင့်တယ်ခြင်းဖြင့် မြတ်
ဘုရားထံတော်သို့ လာရောက်ခဲ့သည်။

တရားနာပရိသတ် အစွန်၌ တပည့်အပေါင်းတို့ကို
ရားနာစေ၍ မိမိကိုယ်တိုင်က မြေလျှိုးလျက် ဘုရားရှေ့တော်
ပေါ်လာပြီး ရှိခိုးလျက် နေလေသည်။

"ဟဲ့ ပိဂ်လ၊ နင်တို့ဝိဇ္ဇာတွေဟာ တယ်တန်ခိုးကြီး
ပါတကား"





မြတ်စွာဘုရား၏ မိန့်ကြားချက်ကို ပိဂ်လဝိဇ္ဇာကြီးက ရိုသေစွာ ပြန်လည်လျှောက်ထားသည်။

"အရှင်ဘုရား၊ ဤသို့ မချီးမွမ်းပါနှင့်၊ အရှင်ဘုရားတို့၏ တပည့်များအနက် အောက်ဆုံးဆင့်မှာ နေသော တပည့်သားမြေး၏တန်ခိုးနှင့် တပည့်တော်တို့၏တန်ခိုးကို နှိုင်းစာလျှင် တပည့်တော်တို့၏တန်ခိုးသည် အလွန့်အလွန်ပင် နိမ့်ကျပါသေးသည် ဘုရား"

ဤသို့ လျှောက်ထားပြီး တရားနာနေရာ ဒေသနာတော်၏အဆုံး၌ ပိဂ်လဝိဇ္ဇာကြီးသည် အနာဂါမ်တည်၍ တပည့်ဝိဇ္ဇာမိုရ် တစ်သိန်းတို့သည် သောတာပန် တည်ကြကုန်သည်။

ဦးသူတော်က လက်ဖက်ရည်သောက်ရင်းနှင့် ပြောပြသော ဝိဇ္ဇာတို့ အကြောင်းမှာ များလှပေသည်။

သူပြောပြသော အကြောင်းအရာတို့မှာ ထို့ထက် မိုမို များပြားသော်လည်း အချို့အကြောင်းအရာတို့မှာ ဖော်ပြရန် မသင့်သောကြောင့် ချန်လှပ်ထားခဲ့ရပေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် နံနက်ပိုင်း အချိန်ကို ကျော်လွန်လာခဲ့ချေပြီ။

အပြင်ဘက်တွင် နှင်းများ တဖြည်းဖြည်းနှင့် ပါးသွားပြီး နေရောင်ခြည်ပင် လင်းလက်စ ပြုလာချေပြီ။

ထိုအခါမှ ဦးသူတော်က စကားကို ဖြတ်လိုက်လေသည်။

"ကိုင်း . . ဦးဇန်ကောင်းရေ၊ ဒီကနေ့က တန်ဆောင်မုန်း



www.burmeseclassic.com

www.burmeseclassic.com



လပြည့်နေ့ဗျ၊ ညဆိုရင် ဆေးပေါင်းခတဲ့ည ရောက်တော့မှာ ကျုပ်တို့နှစ်ယောက် ဆေးပင်ထွက်ရှာရင်တော့ အချိန်ကောင်းပဲ"

"ခင်ဗျားပြောတဲ့ ဆေးဝိဇ္ဇာပင် သုံးမျိုးထဲမှာ ဆေးဘူရင်နဲ့ ဆေးမိဖုရားပင်က တန်ဆောင်မုန်းလမှာရှာရင် ရနိုင်တယ် ဆိုတော့ ကံကောင်းရင် ရချင်ရနိုင်တာပေါ့ဗျာ"

"ကိုင်း သွားကြအောင်"

ဦးဗန်ကောင်းနှင့် ဦးသူတော်တို့က တောတွင်းသို့ သွားရန် နေရာမှထလိုက်စဉ် နီမောင်က မေးလိုက်သည်။

"ကျွန်တော်တို့ပါ လိုက်ခဲ့ရမှာလား အဘ"

"ဆေးပင်က မြေပေါ်မှာပဲ ရှာရမှာဆိုတော့ မင်းတို့တော့ ဒီမှာပဲစောင့်နေကြပါ၊ ငါ့မြေးက မင်းတို့ကို ချက်ပြုတ်ကျွေးမွေးပါလိမ့်မယ်"

ဟု ပြောဆိုကာ နှစ်ယောက်သား လိုအပ်သော ပစ္စည်းများကိုယူပြီး ကျောင်းပေါ်မှ ဆင်းသွားကြလေသည်။

ကျောင်းပေါ်မှာတော့ မြလေးနွယ်နှင့် နီမောင်တို့ သုံးယောက်သာ ကျန်ခဲ့လေသည်။



## အခန်း(၅)

## ကျောက်လက်ဝါးဂူမှ ဆန်းကြယ်မှုများ

စားသောက်ပြီးသောအခါ လေးယောက်သား ကျောင်းပေါ်မှ အောက်သို့ ဆင်းခဲ့ကြသည်။

နံနက်ပိုင်း နေရောင်ခြည် တောက်ပစပြုနေသော အချိန်ဖြစ်ရာ သစ်ပင်သစ်ကိုင်းများကြားမှ ထိုးဆင်းလာသော နေရောင်ခြည်ကြောင့် နွေးထွေးမှု ရှိလာလေပြီ။

ထို့အတူ နီမောင် ရင်ထဲမှာလည်း နွေးနေလေသည်။

အဘယ်ကြောင့်ဆိုသော် မြလေးနွယ်နှင့် ခင်မင်သိကျွမ်းကာ ရင်းနှီးစွာနေရသောကြောင့် ဖြစ်သည်။

မြလေးနွယ်ကလည်း ယခုမှတွေ့ကြသည်ဆိုသော်ငြားလည်း နီမောင်တို့ကို ခင်မင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကပင် သူတို့နာမည်တို့ကို ပြောပြလိုက်သည်

"ကျွန်တော့်နာမည်က နီမောင်ပါ၊ သူက စောထီး၊ သူ
ငမဲအောင်"

မြလေးနှယ်က ပြုံး၍ ခေါင်းတစ်ချက်ညိတ်ပြသည်။

"ကျွန်မနာမည်က မြလေးနှယ်လို့ခေါ်ပါတယ်"

"ကျွန်တော်တို့က တောင်ခြေဘက်က မဟာမြိုင်ရွာ
နေကြတယ်၊ မြလေးနှယ်တို့ကရော ဘယ်ရွာမှာနေကြတာလဲ"

နီမောင်က တစ်လက်စတည်းနှင့် သိချင်သောစကား
ဆက်မေးလိုက်လေသည်။

"ကျွန်မတို့မြေးအဖိုးက ဒီတောင်ပေါ်မှာပဲ နေကြတာ
ပါ"

"ဟင်"

သုံးယောက်သား အံ့သြသွားကြသည်။

"ဘယ်. . . ဘယ်နေရာမှာနေတာလဲဟင်"

"အစ်ကိုတို့ တစ်ခေါက်ရောက်ခဲ့တဲ့ ကျောက်လက်
ကြီးရှိတဲ့ နေရာမှာပဲ နေကြတာပါ"

သူမက အရေးမကြီးသော အမူအယာဖြင့် ပြုံးစေ့စေ့
နှင့် ပြောနေသော်လည်း သူတို့သုံးယောက်စလုံးမှာတော့ အံ့သြ
ပြီးရင်း အံ့သြနေကြလေသည်။

တစ်ခါက သီချင်းဆိုသံကြားသဖြင့် သွားကြည့်ခဲ့ရာ
ချင်းဆိုသူကို မတွေ့ရဘဲ ချောက်ကမ်းပါးအတွင်း၌ အပြင်
ထွက်နေသော ကျောက်လက်ဝါးကြီးကို တွေ့ရသဖြင့် ပြန်ခဲ့ရ





တို သတိရမိကြသည်။

"အစ်ကိုတို့က ကျွန်မပြောတာကို မယုံကြဘူးထင်
တယ်၊ ဒီလိုဆိုရင် လိုက်ကြည့်ကြပါလား"

ထိုသို့ပြောသောအခါ စောထီးက. . .၊

"နီမောင်. . ငါတို့နှစ်ယောက်တော့ မလိုက်တော့ဘူး၊
ထမင်းချက်ဖို့ ရေနဲ့ထင်းရှာရဦးမယ်၊ မင်းသာလိုက်သွားလိုက်
ပါ"

ဟုပြောသဖြင့် နီမောင် မြလေးနှယ် ခေါ်ရာနောက်သို့
လိုက်လာလေသည်။

သူ့အနေနှင့် နေရာသိချင်သောကြောင့်သာ လိုက်လာ
ခဲ့သော်လည်း စိတ်ထဲမှာတော့ တစ်မျိုးဖြစ်နေသည်။

သို့သော် အန္တရာယ် မရှိနိုင်မှန်းတော့ သိနေသည်။

နှစ်ယောက်သား တောင်ထိပ်ပေါ်မှ အောက်သို့ဆင်း
လာကြရာ အတန်ကြာတော့ ဂုံညှင်းနွယ်တောများရှိသော နေရာ
သို့ ရောက်လာကြသည်။

ထိုနေရာမှာ တစ်ခါက သူတို့ရောက်ခဲ့ဖူးသော နေရာ
ပင် ဖြစ်၏။

ဂုံညှင်းတောထဲမှာ လူတစ်ယောက်သွားသာရုံ လမ်းက
လေးများရှိနေပြီး ထိုနေရာမှ ဖြတ်သွားကြရသည်။

အတန်ကြာသောအခါ ဂုံညှင်းနွယ်တောအတွင်းမှ
ထွက်ကာ ချောက်ကမ်းပါးစွန်းသို့ ရောက်သွားလေသည်။

ထိုနေရာသို့ ရောက်သောအခါ နီမောင်ကို မဖိုးမဝေး



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ရပ်နေစေပြီး မြလေးနွယ်က ချောက်ကမ်းပါးအစွန်းသို့ တိုးသွားလေသည်။

နီမောင်ကတော့ နောက်မှ အခြေအနေ ကြည့်နေရင်း သူမ အတွက် စိုးရိမ်နေမိသည်။

ကျောခိုင်း ထားသောကြောင့် သူမ ဘာတွေလုပ်နေ သည်ကို မသိရသော်လည်း တစ်စုံတစ်ခုကို အမိန့်ပေးနေသကဲ့ သို့ သို့မဟုတ် ဂါထာမန္တာန်တစ်ခုခု ရွတ်ဆိုနေမှန်းတော့ အတ ခတ်မိလေသည်။

ထို့ကြောင့် စိတ်ဝင်စားစွာဖြင့် လှမ်းကြည့်နေသည်။ ခ အကြာတော့ မြလေးနွယ်က လှမ်းခေါ်သည်။

"အစ်ကိုလာလေ ဆင်းကြရအောင်"

ဟု ခေါ်သဖြင့် တအံ့တသြဖြင့် ရှေ့သို့တိုးသွားလေ သည်။

ထိုနေရာရောက်တော့ အံ့သြဖွယ်ရာမြင်ကွင်းကို တွေ့ရ သည်။

အခြားမဟုတ်ပေ. . .။

ကျောက်လက်ဝါးကြီးက ကမ်းပါးစပ်အထိ ရောက်နေ ခြင်းပင်ဖြစ်၏။

တစ်ခါက ငုံ့ကြည့်စဉ်က ချောက်ထဲမှာတွေ့ခဲ့ရသော် လည်း ယခုတော့ အပေါ်သို့ ရောက်နေလေသည်။

"ဒီကျောက်လက်ဝါးကြီးက ဟိုတစ်ခါကြည့်တော့ ချောက်ထဲမှာတွေ့ရတယ်၊ အခု ဘယ်လို အပေါ်ရောက်နေတာ





သည်းဟင်"

"ကျွန်မ ခေါ်ယူလိုက်တာလေ"

"ဟင် ဒီလိုခေါ်လို့ရသလား"

"သူနားလည်တဲ့စကားနဲ့ ခေါ်ရင် ရပါတယ်"

သည်တော့မှ စောစောက မြလေးနွယ် တစ်ယောက် ချောက်ကမ်းပါးစွန်းမှာရပ်ပြီး တစ်စုံတစ်ခု ရေရွတ်နေသည်ကို သဘောပေါက်ရပေသည်။

"ဆင်းကြရအောင် အစ်ကို"

ဟု ပြောပြီး မြလေးနွယ် ချောက်ကမ်းပါးစွန်းအထိ ရောက်နေသော ကျောက်လက်ဝါး အပေါ်သို့ လှမ်းတက်သွား သည်။

"လာလေ အစ်ကို"

"ဖြစ်. . . ဖြစ်ပါ့မလား"

"ပြုတ်မကျပါဘူး အစ်ကိုရဲ့ လာသာလာပါ"

ဟု ခေါ်တော့မှ ကြောက်ကြောက်လန့်လန့်ဖြင့် ကျောက်လက်ဝါးကြီးအပေါ်သို့ လှမ်းတက်လိုက်သည်။

ထိုသို့ တက်လိုက်စဉ်မှာ ချောက်ထဲသို့ လှမ်းဆင်းလိုက်ရ သကဲ့သို့ ရင်ထဲမှာ အေးကနဲ ဖြစ်သွားလေသည်။

ကိုယ်အလေးချိန်ကြောင့် ကျောက်လက်ဝါးကြီးက လည်း အနည်းငယ် လှုပ်သွားလေရာ ကြောက်ကြောက်လန့်လန့် ဖြင့် အနားမှာရှိသော မြလေးနွယ် ပခုံးကို လှမ်းကိုင်ထားလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



မြလေးနွယ်ကတော့ သူ့ကိုကြည့်ပြီး ပြုံးနေသည်။

သူ အပေါ်ရောက်သွားသည်နှင့် ကျောက်လက်ဝါးကြီး က တဖြည်းဖြည်းနှင့် အောက်ဖက်သို့ နိမ့်ကျသွားလေသည်။

အသက်ရှိသော လူတစ်ယောက်မှ လက်ဖြင့်ယူသွား သည်နှင့် တူလေသည်။

နီမောင်ကတော့ မေ့မေ့လျော့လျော့နှင့်ပင် မြလေးနွယ် ပခုံးကို ကိုင်ထားနေဆဲပင်။

ခဏကြာတော့ ကျောက်လက်ဝါးကြီးက ကျောက်ဂူ ပေါက်အနီး ရောက်သောအခါ ရပ်တန့်သွားသည်။

ထိုအခါ ဂူပေါက်သို့ ဝင်လိုက်ကြသည်။

ဂူပေါက်မှာ ကျောက်လက်ဝါးနံရံ၌ ရှိနေပြီး အပေါ်မှငုံ့ ကြည့်ရုံဖြင့် မမြင်ရပေ။ တော်ရုံနှင့်လည်း ဆင်းဖို့မလွယ်ပေ။

ဂူပေါက်ထဲရောက်သည်အထိ နီမောင်ရင်ထဲမှာ လှုပ် ရှားနေဆဲပင် ရှိသေး၏။

"အစ်ကို အတော်ကြောက်သွားသလား"

"ဟုတ်တယ် တစ်ခါမှ မကြုံဖူးသေးတော့ စိတ်ထဲမှာ အတော်ကလေး တုန်လှုပ်သွားမိတယ်"

"ကျွန်မရှိနေမှတော့ အစ်ကို့အတွက် ဘာမှစိုးရိမ်စရာမ ရှိပါဘူး"

"ဒီဂူက မြလေးနွယ်တို့ မြေးအဘိုးနေကြတဲ့ဂူလား ဟင်"

"ဟုတ်ပါတယ် ဒါပေမယ့် ကျွန်မ်တို့ချည်းနေတာ မ ဟုတ်ပါဘူး၊ တခြားသူတွေလည်း ရှိကြပါသေးတယ်"





"သူတို့က ဘယ်မှာလဲ ဟင်"

"ဂူအတွင်းပိုင်းမှာ ရှိကြပါတယ်၊ အစ်ကိုသိရအောင် ကျွန်မ လိုက်ပြပေးပါ့မယ်"

ဟု ပြောပြီး မြလေးနွယ်ပေးသော သောက်ရေတစ်ခွက် နှင့် ငှက်ပျောသီးတစ်လုံးကို စားသောက်လိုက်သောအခါမှ ရင် ထဲ၌ တုန်လှုပ်နေမှုများ အနည်းငယ်လျော့သွားတော့သည်။

နီမောင်က စားရင်းသောက်ရင်းနှင့်ပင် ဂူအတွင်းမှ အ ခြေအနေများကို ကြည့်သည်။

ဂူပေါက်ဝ တစ်ဝိုက်မှာတော့ ထွေထွေထူးထူး အသုံးအ ဆောင်ပစ္စည်းများ မရှိပေ။

သောက်ရေအိုး၊ ဘုရားစင် တစ်စင်နှင့် ဦးသူတော်နေ သော နေရာတစ်ခုသာ တွေ့ရသည်။

ဘုရားစင်ကလည်း ကျောက်စင်တစ်ခုပေါ်မှာ ဗုဒ္ဓရုပ် ပွားတော်တစ်ဆူ တင်ထားပြီး လှပသော သစ်ခွပန်းများကို ကြေး အိုးဖြင့်ထိုးကာ ကပ်လှူထားသည်။

ဝါးကွပ်ပျစ်ပေါ်မှာ ဝါးခေါင်းအုံးတစ်လုံးသာရှိပြီး ခေါင်း ရင်းဘက်၌ ပုတီးများ ချိတ်ထားသည်။

ကွပ်ပျစ်အနီးမှာတော့ ဆေးထောင်းသည့်ကျောက်ခုံ၊ ဆေးကြိတ်သည့် ကျောက်ပျဉ်တို့အပြင် ကျောက်စင်ပေါ်၌ တင် ထားသော ဆေးပင် အတော်များများလည်း ရှိသည်။

"အဘက ဒီမှာပဲနေတယ်၊ လာ အစ်ကို့ကို ကျွန်မတို့နေ ထိုက်ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်သဖြင့် နီမောင်လည်း နောက်မှလိုက်သွားလေသည်။

ဂူမှာ သာမန် မဟုတ်ပေ။

အတွင်းပိုင်းမှာ လိုဏ်ခေါင်းပုံသဏ္ဌာန်ရှိနေပြီး အတော်ကျယ်ဝန်းသည်။ အချို့ဂူများကဲ့သို့ အတွင်းမှာ ရေမစိုဘဲ ခြောက်နေသည်သာမက အလင်းရောင်နှင့် လေကောင်းလေသန့်များလည်း ကောင်းစွာရနေလေသည်။

နီမောင်စိတ်ထဲမှာတော့ သဘာဝလိုဏ်ဂူတစ်ဂူအတွင်းသို့ ရောက်နေသည်ဟု မထင်ဘဲ ရှေးဟောင်း အဆောက်အအုံကြီးတစ်ခု အတွင်းသို့ ရောက်နေရသကဲ့သို့ ထင်မိလေသည်။

အတွင်းရောက်တော့ စကားပြောသံများ အပါအဝင် လူသံသူသံများ ကြားရသည်။

မကြာခင် ထိုနေရာသို့ ရောက်သွားပြီးနောက် အံ့သြစရာမြင်ကွင်းများကို ထပ်မံတွေ့ရလေသည်။

အခြားမဟုတ်ပေ။

အတွင်းဘက်မှာ အခန်းက အတော်ကျယ်ပြီး အခန်းပေါင်း ၁၀ ခန်းမျှ ရှိနေသည်။

ထိုအခန်းများ၌လည်း နေထိုင်သူများ ရှိနေကြသည်။

မြလေးနွယ် ဝင်လာတာ မြင်တော့ အသက်အရွယ်ကြီးလှသော လူအချို့က ရောက်လာကြသည်။

"ဒါကျွန်မတို့နေတဲ့ နေရာပဲ၊ ဒါတွေကတော့ ကျွန်မဆွေမျိုးသားချင်းတွေပေါ့"





ထိုသို့ ပြောသောအခါ အနားရောက်နေသော လူအချို့က နီမောင်ကိုကြည့်ကာ ခင်မင်ရင်းနှီးသော အမူအယာဖြင့် ပြုကြသည်။

၎င်းတို့ ကြည့်ရသည်မှာ ခင်မင်စရာကောင်းသော အမူအယာများ ရှိကြလေသည်။

ထို့နောက်မှာတော့ ဂူပေါက်ဝဘက်သို့ ပြန်ထွက်လာကြသည်။

"မြလေးနွယ်တို့က ဒီနေရာမှာ နေတာ ကြာပြီလားဟင်"

"အတော်ကြာပြီ ဘာဖြစ်လို့လဲ ဟင်"

"အံ့သြလို့ မေးတာပါ၊ ဘာဖြစ်လို့ အပေါ်မှာ မနေကြတာလဲ ဟင်"

"အပေါ်မှာနေတော့ အန္တရာယ်များတယ်၊ ဒီလို နေရာမျိုးမှာနေတော့ ဘယ်သူမှ မသိကြလို့ အန္တရာယ်ကင်းတာပေါ့"

"နေတာကတော့ ဟုတ်ပါပြီ၊ အစားအသောက်တွေကျတော့ ဘယ်ကရသလဲဟင်"

"အစ်ကိုက ဒီဂူထဲမှာ ကျွန်မတို့ချည်း နေကြတယ်လို့များ ထင်နေသလား၊ မဟုတ်ဘူး အစ်ကိုရဲ့၊ ဒီဂူက အရှည်ကြီးရယ်၊ အတွင်းကို ဆက်သွားရင် ကျိုက်ထီးရိုးတောင်က ကျိုးကန်းရှိ ပဲစပ်ဂူပေါက်ဝအထိ ရောက်တယ်"

"ဟင်. ."

"ဟုတ်တယ်၊ ဒါကြောင့် ဒီမှာနေကြတဲ့ လူတွေက ကျိုက်ထီးရိုးဘုရားဖူးချင်ရင်၊ အပေါ်လမ်းက မသွားကြတော့ဘဲ ဂူအ



www.burmeseclassic.com

www.burmeseclassic.com



တွင်းကပဲ သွားကြတယ်၊ ကျိုးကန်းပါးစပ်ဂူကထွက်ပြီး ဘူ…
ပေါ်တက်တော့ ပိုပြီး အဆင်ပြေတာပေါ့”

ဟု ပြောပြသည်။

“ဒီဂူတွေထဲမှာ ဒီလိုလူတွေ နေကြတယ်ဆိုတာ အ…
သိရတော့တယ် အံ့သြစရာပဲ”

“ဒီမှာ ကျွန်မတို့ချည်း နေကြတာ မဟုတ်ဘူး၊ တ…
နေကြတဲ့လူတွေ အများကြီး ရှိကြသေးတယ်၊ တချို့နေရာ…
မှာ သီးနှံစိုက်ခင်းတွေ၊ ဥယျာဉ်ခြံတွေ ပါရှိကြတယ်၊ အစာ…
သောက်တွေ လိုချင်ရင် သူတို့ နေရာတွေမှာ အလွယ်တကူ…
နိုင်ပါတယ်”

ဟု ပြောပြလေသည်။

“ကဲ . . ကျောင်းပေါ် ပြန်သွားကြရအောင်၊ မြလေးနွ…
ရော ပြန်လိုက်ဦးမှာလား”

“ပြန်လိုက်ခဲ့ပါ့မယ်၊ အဘပြန်လာတဲ့အထိ စောင့်…
ပေးရဦးမယ်”

ဟု ပြောဆိုကာ ဆင်းလာစဉ်ကအတိုင်းပင် ကျော…
လက်ဝါးကြီးကိုပင် အသုံးပြုလျက် အပေါ်သို့ ပြန်တက်ခဲ့…
သည်။

ရသေ့ခိုတောင်ထိပ်သို့ ရောက်သောအခါ ရေခပ်၊ ထ…
ခွဲ စသော အလုပ်များပြီးသဖြင့် စောထီးနှင့် ငမဲအောင်တို့…
သူတို့ ပြန်အလာကို စောင့်နေကြဟန် ရှိသည်။

ထို့ကြောင့် မြလေးနွယ်က ထမင်းဟင်း ချက်ပြုတ်…





မြင်လေတော့သည်။

ထိုအခါ ကျွန်နှစ်ယောက်က နီမောင်ကို တစ်နေရာ
ခေါ်သွားပြီး မေးကြသည်။

“သူတို့နေရာ ရောက်ခဲ့သလား၊ ဘယ်နေရာမှာလဲ”

နီမောင်က ကျောက်လက်ဝါးကြီးဖြင့် အောက်သို့ ဆင်း
ခဲ့ကြရပုံမှစပြီး ဂူအတွင်းမှ တွေ့မြင်ခဲ့ရသော အကြောင်းများ
အား ကျွန်နှစ်ယောက်ကို ပြောပြလိုက်သည်။

“ဒီလိုဆိုရင်တော့ သေချာပြီ”

“ဘာ သေချာတာလည်း စောထီး”

“မြလေးနွယ်ဟာ လူ မဟုတ်ဘူး”

“လူမြင်နေရနဲ့ လူ မဟုတ်တော့ ဘာလဲ”

“ဥစ္စာစောင့် ဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ ပရလော
ကသား တစ်ဦးဦးဖြစ်မှာပဲ၊ ငါတို့လည်း ဒီမှာမွေး၊ ဒီမှာ ကြီးခဲ့
တာပဲ၊ တောင်ခေါင်းထဲမှာ လူတွေနေကြတယ်လို့ တစ်ခါမှ ပြော
သံမကြားခဲ့ဖူးဘူး”

စောထီး စကားကြားသောအခါ ကျွန်နှစ်ယောက်က
ဘာပြန်ပြောရမှန်း မသိကြသဖြင့် စဉ်းစားနေကြလေသည်။

ထိုအခါ နီမောင်က တိုးတိုးပြောလိုက်သည်။

“ငါမြင်ခဲ့တာတော့ လူတွေချည်းပါပဲ”

“ငါပြောတဲ့ ပရလောကသားဆိုတာ လူယောင်ဖန်ဆင်း
နိုင်တဲ့ ပရလောကသားတွေကို ပြောတာ”

“ဟုတ်ချင်မှလည်း ဟုတ်မှာပါ၊ အချို့တွေက လူတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောရောနှောနှော မနေကြဘဲ လူမသိတဲ့နေရာမှာ နေကြ…
လူမျိုးတွေရှိတယ်၊ ဦးသူတော်က ပရလောကသားတစ်ယော…
မဟုတ်တာတော့ သေချာတယ်၊ ပရလောကသားဆိုရင် …
လောက် တန်ခိုးသိဒ္ဓိကြီးတဲ့ ဆေးပင်တွေကို ရှာနိုင်မှာ မဟု…
ဘူး”

ငမဲအောင် ပြောသော စကားက အကျိုးအကြောင်း… ဆီလျော်သဖြင့် ကျန်နှစ်ယောက်က ဘာမှ ပြန်မပြောကြတော့… ပေ။

ထို့နောက် မြွေလေးနှယ် တစ်ယောက်တည်း ထမင်း… ဟင်းချက်နေသော နေရာသို့ ပြန်တက်လာကြသည်။

အချိန်က နေ့လည်ဘက်သို့ ရောက်လုနေချေပြီ။



## အခန်း(၁၀)

## ကျောက်တစ်လုံးတောင်ကြားမှ ပရလောကသား

အချိန်က တဖြည်းဖြည်းနှင့် ညနေစောင်းအချိန်သို့ …တ်လာချေပြီ။

ဆောင်းဝင်စ အချိန်လည်းဖြစ်၊ တန်ဆောင်မုန်းလပြည့် …ည်း ဖြစ်သောကြောင့် နေဝင်သွားသည်နှင့် အအေးဓာတ် …တ ဝင်ရောက်လာလေသည်။

တောထဲမှာ အလင်းရောင် ပျောက်သွားပြီ ဖြစ်သော် …ည်း တောင်ထိပ်ပေါ်မှာတော့ အလင်းရောင်အချို့ ရှိနေသေး …ည်။

ယခုအချိန်ထိတော့ ဦးဗန်ကောင်းနှင့် ဦးသူတော်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ပြန်ရောက်မလာကြသေးပေ။

"အဘတို့လည်း အခုအချိန်ထိ ပြန်မလာကြသေးဘူး"

မြလေးနွယ်က ရေရွတ်ပြောဆိုလိုက်သည်။

"ဒီကနေ့က တန်ဆောင်မုန်းလပြည့်ညဆိုတော့ ဆေး ပေါင်းခတဲ့ညပဲ၊ ဒီလို ညမျိုးမှာ ဂမုန်းပင်တွေ၊ ဆေးပင်တွေ ရှာဖွေလို့ရရင် ပိုပြီး အစွမ်းထက်တယ်၊ သိဒ္ဓိရှိတယ်လို့ ကြားဖူး တယ်၊ ဒါကြောင့် ညအချိန်ထိများ ဆက်ရှာနေကြသလား မသိ ဘူး"

နီမောင်က သူ၏ထင်မြင်ချက်ကို ပြောပြလိုက်ရာ မြ လေးနွယ်လည်း ဘာမှ ထပ်မပြောတော့ပေ။

ထိုအခါ နီမောင်က. . .

"မြလေးနွယ် ဂူကို ပြန်ချင်ပြီလား၊ ပြန်မယ်ဆိုရင် လိုက် ပို့ပေးမယ်လေ"

ဟု ပြောလိုက်သည်။

"ဟင့်အင်း မပြန်သေးပါဘူး၊ အဘလာတဲ့အထိ ဒီကပဲ စောင့်နေပါ့မယ်"

ဟု ပြန်ပြောသည်။

ဤသို့ဖြင့် လေးယောက်သား မီးပုံအနီးမှာ ဝိုင်းထိုင်ပြီး မီးလှုံရင်း စကားပြောနေကြသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် မှောင်စပျိုးလာခဲ့ ပြီ။

အအေးဓာတ်ကလည်း ပိုများလာသည်။





အရှေ့ဘက် ကောင်းကင်ပြင်ပေါ်မှာတော့ ၁၂ လရာ ီတွင် တန်ဆောင်မုန်းလပြည့်ည၌သော ကမ္ဘာနှင့်အနီးဆုံး တွေ့ သော လမင်းကြီးက ပေါ်ထွက်နေပြီ ဖြစ်ရာ အလင်းရောင် ခြည်တို့က မြေပေါ်သို့ ဖြာဆင်းနေလေပြီ။

လရောင်နှင့်အတူ နှင်းမှုံနှင်းစက်များကလည်း ကျဆင်း လာရာ အအေးဓာတ်က ပိုများလာသည်။

ထိုအချိန်မှာပင် မြောက်ဘက် တောင်တက်လမ်းဘက် မှ တက်လာသော အသံများကို ကြားကြရသည်။

အသံများက တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း တက် လာသည့်ခြေသံမျိုး မဟုတ်ဘဲ အတော်များသည်။

အတန်ကြာတော့ တောင်ပေါ်သို့ လူအချို့ တက်လာ ကြသည်။

ကရင်ဗိုလ်မှိုင်းညို ခေါင်းဆောင်သော အကြမ်းဖက် သောင်းကျန်းသူများပင် ဖြစ်သည်။ စုစုပေါင်း ၁၅ ယောက်ခန့် ရှိပြီး သေနတ်များပါကြသည်။

၎င်းတို့က တောင်ပေါ် ရောက်လာသောအခါ နီမောင် တို့လေးယောက်ကို ဝိုင်းထားပြီး သေနတ်များဖြင့် ချိန်ထားကြ သည်။

ဗိုလ်မှိုင်းညိုက နီမောင်ကို ကြည့်ကာ မေးလိုက်သည်။

"ဒီတောင်ပေါ်မှာ မင်းတို့ လေးယောက်အပြင် ဘယ်သူ တွေ ရှိသေးသလဲ"

"မရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာနေတဲ့ ဘုန်းကြီးရော ဘယ်ရောက်သွားပြီလဲ"

"ခရီးထွက်သွားပါတယ်"

"အဲဒီ ဘုန်းကြီးက မင်းတို့ကို ရွှေတွေ ငွေတွေ ပေးနေတယ် မဟုတ်လား"

"မဟုတ်ပါဘူး"

"ဖုန်း၊ ဖုန်း"

ဗိုလ်မှိုင်းညိုက မီးပုံနံဘေးမှာ ဆောင့်ကြောင့်ထိုင်နေသည့် နီမောင်နံဘေးကို ခြေထောက်ဖြင့် ကန်လိုက်ရာ နံဘေးသို့ လဲကျသွားသည်။

"ဘာလိမ်တာလဲ၊ ငါက လိမ်ပြောတာ မကြိုက်ဘူးလို့ ပြောပြီးသား မဟုတ်လား၊ မင်းတို့ ကျိုက်ထိုဈေးမှာ ရွှေပြား ငွေပြားတွေနဲ့ ဈေးဝယ်တာ မြင်တဲ့လူက မြင်ပြီးသား၊ ဘိလပ်မြေအိတ်တွေကို ရွှေဒင်္ဂါးတွေပေးပြီး ဝယ်သွားတာတဲ့၊ အဲဒီ ဘိလပ်မြေအိတ်တွေက ဘာလုပ်ဖို့လဲ"

"ဘုရား တည်တာပါ"

"ဒါဖြင့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေက ဘယ်သူက ပေးနေတာလဲ"

"ဆရာတော်ကြီး ပေးတာပါ"

"ဒါဖြင့် သူ့မှာ အများကြီး ရှိနေမှာပေါ့၊ ဘယ်နေရာမှာ သိမ်းထားတာလဲ မင်းသိသလား"

"မသိပါဘူး"

"ဖုန်း"





နောက်တစ်ချက် ကန်လိုက်ရာ နံဘေးသို့ လဲကျသွားပြန်သည်။

သေနတ်များဖြင့် ဝိုင်းချိန်ထားသောကြောင့်လည်း ဘာမှမတတ်နိုင်ကြပေ။

နီမောင်ကတော့ ထိုကဲ့သို့ တဖုန်းဖုန်း အကန်ခံနေရတာထက် မြလေးနွယ်အတွက် ပိုပြီး စိုးရိမ်နေမိသည်။

"နင်က ဘယ်ကလဲ"

ဗိုလ်မှိုင်းညိုက မြလေးနွယ်ကို ကြည့်ပြီး မေးလိုက်သည်။

"ငါက ဟိုးဘက်တောမှာ နေတယ်"

"ဒီကို ဘာလာလုပ်နေတာလဲ"

"သူက ငါ့ရဲ့အစ်ကိုတော်တယ်၊ သူနဲ့လိုက်လာတာ"

"နင်ရော ဘုန်းကြီးအကြောင်း ဘာသိသလဲ"

"ငါ ဘာမှ မသိဘူး"

"လိမ်ပြန်ပြီလား၊ နင့်ကိုတော့ ခြေထောက်နဲ့ ကန်စရာမလိုဘူး၊ ပြောလာအောင် လုပ်နိုင်တဲ့နည်းတွေ ငါ့မှာ အများကြီးရှိတယ်"

ထိုသို့ ကြိမ်းမောင်းပြောဆိုသော်လည်း မြလေးနွယ်ကတော့ တစ်စက်ကလေးမှ ကြောက်ရွံ့ဟန် မရှိဘဲ ဗိုလ်မှိုင်းညိုကို မီးဝင်းဝင်းတောက်လုမတတ် မျက်လုံးများဖြင့် မကြာခဏ ကြည့်နေသည်။

နီမောင်က သူမ အခြေအနေကို ကြည့်ရင်း တင်မုခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမှာကို စိုးရိမ်နေသည်။

ဗိုလ်မှိုင်းညိုက နီမောင်ဘက် လှည့်လာပြန်သည်။

"မဟာမြိုင်ရောက်တုန်းက ရွာလူကြီးအိမ်မှာ ငါ မင်းကို သတိပေးခဲ့တယ် မဟုတ်လား။ ငါ့မျက်စိနောက်လာရင် အသက် ခံရမယ်လို့ ပြောတာကို နားမထောင်ဘူး၊ မင်းတို့က ကိုယ့်သေ လမ်း ကိုယ်ရွေးတာပဲ"

နီမောင်က အံကြိတ်ထားသည်။

"ဟော့ကောင်တွေ သူတို့သုံးယောက်ကို သစ်ပင်တွေမှာ ကြိုးနဲ့တုပ်ထားလိုက်စမ်း"

ဟု အမိန့်ပေးရာ သောင်းကျန်းသူအချို့က သူတို့သုံး ယောက်ကို ဆွဲခေါ်သွားပြီး နီးရာသစ်ပင်များမှာ ကြိုးဖြင့် တုပ် ထားလိုက်ကြသည်။

ထိုအခါ မြလေးနွယ်က နေရာမှ ထရပ်လိုက်သည်။

"နင်တို့ ငါ့အစ်ကိုတွေကို ဘာမှ မလုပ်နဲ့၊ သူတို့မှာ ဘာမှ အပြစ်မရှိဘူး၊ နင်တို့ ဘာကြောင့် အပြစ်မရှိတဲ့ လူတွေကို နှိပ် စက်နေတာလဲ"

"အောင်မယ်၊ နင့်အသံက မာလှချည်လား၊ ဒီနယ်တစ် ဝိုက်မှာ ငါ့ကို ခံပြောဝံ့တဲ့သူမျိုး တစ်ယောက်မှ မရှိဘူး"

ဟု ပြောပြီး ဗိုလ်မှိုင်းညိုက မြလေးနွယ် အနီးသို့ လျှောက်လာလေသည်။ ထိုအခြေအနေမျိုးတွင် အခြား မိန်းက လေးတစ်ယောက်ဆိုပါက ကြောက်ရွံ့ထိတ်လန့်သဖြင့် ခွေလဲကျ သွားနိုင်သည်။ မြလေးနွယ်ကတော့ ဗိုလ်မှိုင်းညိုကို တစ်စက်





ကလေးမှ မကြောက်ရွံ့ဘဲ ခါးထောက်ပြီး ကြည့်နေလေသည်။

"နင်က ဘယ်လိုအားကိုးရှိလို့ ဒီလောက် လေသံမာနေရ တာလဲ၊ နင် အခု ငါ့လက်ထဲ ရောက်နေပြီဆိုတာရော သိရဲ့လား"

"ငါက သေရမှာကြောက်တဲ့ မိန်းကလေး မဟုတ်ဘူး၊ နင်လိုချင်တာ ဆရာတော်ကြီး ထားခဲ့တဲ့ ရွှေငွေတွေ မဟုတ် လား"

"ဟုတ်တယ်"

"အဲဒီနေရာကို ငါသိတယ်၊ နင် သူတို့ကို လွှတ်ပေးလိုက် ပါ"

"နင်ပြောတိုင်း မယုံဘူး၊ တကယ်တွေ့ရင် သူတို့ကို ပြန် လွှတ်ပေးမယ်"

"ဒါဖြင့် ငါ့နောက်တနေ နင်ကိုယ်တိုင် လိုက်ခဲ့၊ ဒါပေ မယ့် တစ်ခုတော့ရှိတယ်၊ ဆရာတော်ကြီး သာမန် မဟုတ်ဘူး သူ့ပစ္စည်းတွေကို စောင့်ရှောက်ပေးနေသူတွေ ရှိတယ်"

"ငါက ဘာမှ အယုံအကြည် မရှိဘူး၊ သေနတ်နဲ့ပစ်ရင် ဘာမှ မခံနိုင်ဘူး"

ထိုသို့ ပြောပြီး သူနှင့်အတူ နောက်ထပ် နှစ်ယောက်ကို ခေါ်ပြီး မြလေးနွယ် နောက်မှ လိုက်သွားလေသည်။

မြလေးနွယ်က အရှေ့ဘက်ဆင်းသော တောင်ကြော လမ်းအတိုင်း ဆင်းသွားခြင်း ဖြစ်ပြီး၊ အတန်ကြာသောအခါ ကျောက်လိုဏ်တော်ကြီးရှိသော နေရာသို့ ရောက်သွားလေသည်။

ထိုကျောက်လိုဏ်တော်ကြီးမှာ ကျိုက်ထီးရိုးစေတီအော်



www.burmeseclassic.com

www.burmeseclassic.com



တည်ထားသည့် ကျောက်လုံးတော်ကြီးနှင့် ပုံသဏ္ဍာန်တူလှပြီး အပေါ်၌ ရသေ့ခိုဆရာတော်ကြီး စေတီတစ်ဆူ တည်ထားလေသည်။

"အဲဒီ နောက်မှာ ဆရာတော်ကြီးထားတဲ့ ရွှေငွေတွေ ရှိတယ်"

"နင် ရှေ့ကသွား"

ဟု ပြောသဖြင့် မြလေးနွယ်က ရှေ့မှ ဝင်သွားလေသည်။

ထိုနေရာမှာ လူတစ်ယောက် ဝင်သာရုံပဲရှိသဖြင့် တစ်ယောက်ချင်း ဝင်ကြရသည်။

နောက်ဘက် ရောက်သောအခါ ကျောက်တုံးတစ်တုံး ချထားသည်ကို တွေ့ရသဖြင့် မြလေးနွယ်က လက်ညှိုးထိုးပြသည်။

"အဲဒီ ကျောက်တုံးကို ဖယ်လိုက်ရင် နင်တို့လိုချင်တာ ရလိမ့်မယ်"

ထို့ကြောင့် ဗိုလ်မှိုင်းညိုက တစ်ယောက်ကို ကျောက်တုံးအား ဖယ်ခိုင်းလေသည်။

တစ်ယောက်အားနှင့် မရသဖြင့် နောက်တစ်ယောက်ကပါ ဝင်ကူပေးတော့မှ ကျောက်တုံးက ဘေးသို့လိမ့်ကျသွားလေသည်။ ထိုအခါ တွင်းပေါက်တစ်ခု ပေါ်လာသည်။

အပေါ်မှ ငုံ့ကြည့်တော့ တွင်းထဲ၌ အရောင်တလက်လက်ထွက်နေသည့် ရွှေပြား၊ ငွေပြားများကို တွေ့ကြရသည်။





"တွေ့ပြီ ဗိုလ်ကြီး"

"အားလုံး အပေါ်မှာ စုပုံလိုက်ကြ"

ထိုသို့ အမိန့်ပေးလိုက်ရာ တစ်ယောက်က ကျွင်းပေါက်ထဲ လက်ထိုးထည့်လိုက်သည်။

"အား"

"ဘာဖြစ်တာလဲ"

ထိုလူက လက်ကို ပြန်ဆွဲထုတ်လိုက်သောအခါ လက်၌ မြွေတစ်ကောင် ပတ်လျက်သား ပါလာသည်။

"ဟင်"

ထိုလူမှာ လက်မှာပတ်မိနေသည့် မြွေကို ဖယ်ရန် ကြိုးစားရင်း လဲကျသွားလေတော့သည်။

ပြီးနောက် မျက်ဖြူလန်ကာ အသက်ငင်နေတော့သည်။

"အစကတည်းက ငါ မပြောဘူးလား"

မြလေးနွယ်က ပြောလိုက်သည်။

"ဒါတွေ နင်သိပြီးသား မဟုတ်လား၊ နင်ကိုယ်တိုင် နှိုက်ယူ ပေးပေတော့"

"နင်လိုချင်တယ် မဟုတ်လား၊ သတ္တိရှိရင် ကိုယ့်ဖာသာ နှိုက်ယူပါလား"

ထိုသို့ လေသံမာမာဖြင့် ပြောသောအခါ ဗိုလ်မှိုင်းညိုက သက်ထဲမှ သေနတ်ဖြင့် ချိန်လိုက်သည်။

"နင်က ဘာမဟုတ်တဲ့ လက်နက်တွေကို အတော်အားကိုးနေပုံရတယ်၊ ငါက နင့်လက်နက်တွေကို ကြောက်မှမ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တာ ပစ်ကြည့်ပါလား"

ဟု ပြောရာ သေနတ်ဖြင့် ချိန်ကာ ပစ်ချလိုက်သည်။

ထိုသို့ ပစ်သော်လည်း သေနတ်က မီးမကူးတော့ပေ

ထိုအခါ မြလေးနွယ်က လဲကျနေသူ လက်မောင်းမှာ ပတ်ထားသော မြွေကို ကြိုးတစ်ချောင်း ဆွဲယူသကဲ့သို့ ဆွဲယူ လိုက်ရာ ဗိုလ်မှူးညိုမှာ မျက်လုံးပြူးသွားသည်။

"နင် ဘာ. . ဘာလဲ"

"နင်ပဲ စောစောက ဒါမျိုးတွေ အယုံအကြည် မရှိဘူးဆို အခုတော့ ဘာပြောချင်သေးလဲ"

ဟု ပြောပြောဆိုဆိုနှင့် ဗိုလ်မှူးညို အနီးမှာ ရပ်နေသူ အနီးသို့ လျှောက်သွားပြီး မျက်နှာအနီးသို့ကပ်ကာ မြွေကို လိုက်သည်။

"ဖြီး"

မြွေက ပေါက်သတ်ရန် ပြင်သဖြင့် ထိုလူက နောက်သို့ ဆုတ်သွားသည်။ ထိုအခါ မြလေးနွယ်က ရှေ့သို့ တိုးသွားသည်။

သေနတ်ကိုင်ထားသူမှာ ကြောက်ကြောက်လန့်လန့်ဖြင့် သေနတ်ဖြင့် ပစ်သော်လည်း ကျည်ဆံမထွက်ပြန်သဖြင့် နောက် သို့ ဆုတ်ပေးရင်းမှ ချောက်ထဲသို့ ပြုတ်ကျသွားလေတော့သည်။

"အား"

ခေါ်လာသော တပည့်နှစ်ယောက်စလုံး အခြေအနေ မကောင်းသည်ကို မြင်တော့မှ ဗိုလ်မှူးညိုမှာ ထိတ်လန့်စ လာလေတော့သည်။





"နင်. . နင်. . လူ. . လူမှ မဟုတ်တာ"

ဟု ပြောဆိုကာ ကျောက်လုံးကြီးကြားမှ အပြင်သို့ ပြန် ထွက်ပြေးရန် ကြိုးစားလေတော့သည်။

သို့သော်လည်း သူပြေးမည့် လမ်းကြားထဲမှာ သရဲသ ဘက်တို့က ရောက်နှင့်နေကြလေသည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ လက်ထဲမှ သေ နတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်လေတော့သည်။

တိတ်ဆိတ်ငြိမ်သက် နေသည့် တောထဲမှာ သေနတ်သံ များက ဆူညံစွာ ပေါ်ထွက်လာလေတော့သည်။

"ဒိုင်း၊ ဒိုင်း၊ ဒိုင်း"

ကျောက်တုံးကြီးများမှတစ်ဆင့် ပဲ့တင်ထပ်သံများက ပတ်ဝန်းကျင်တစ်ဝိုက် ပြန့်နှံ့သွားလေတော့သည်။

ထိုအသံကြောင့် တောင်ကုန်းပေါ်မှာ ကျန်နေခဲ့သူများ မှာ သေနတ်သံများ ကြားရာဘက်သို့ ဒရောသောပါး ပြေးဆင်း သွားကြလေသည်။

တောင်ကုန်းပေါ်မှာတော့ ကြိုးဖြင့် တုပ်ခံထားသော နီမောင်တို့သုံးယောက်သာ ကျန်ခဲ့လေသည်။

"စောစောက သေနတ်သံတွေ ကြားလိုက်တယ်၊ မြ လေးနွယ်များ တစ်ခုခု ဖြစ်နေပြီလား"

ဟု နီမောင်က စိုးရိမ်စွာ ရေရွတ်လိုက်သည်။

ထိုအခိုက်မှာပင် အခြားနေရာဘက်မှ လူနှစ်ယောက် တက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးပင်ရှာထွက်သွားကြသော ဦးဗန်ကောင်းနှင့် ဦးသူ တော်တို့ နှစ်ယောက်ပင် ဖြစ်၏။ ၎င်းတို့နှစ်ယောက်က ကဗျာ ကရာ တက်လာကြပြီး ကြိုးဖြေပေးကြလေသည်။

"ဘယ်လို ဖြစ်ကြတာလဲ"

"သောင်းကျန်းသူတွေ ရောက်လာပြီး ကျွန်တော်တို့ကို ကြိုးနဲ့တုပ်ထားခဲ့တာပဲ"

"တောက်. . ဒီလူမိုက်တွေတော့ကွာ"

ဦးသူတော်က ဒေါသသံဖြင့် ရေရွတ်လိုက်သည်။

"မြလေးနွယ်ကိုတော့ ဟိုဘက်ခေါ်သွားတယ်၊ စော စောက သေနတ်သံတွေ ကြားလိုက်ရတယ် အဘ၊ သူ့အတွက် စိုးရိမ်ရတယ်"

ထိုသို့ ပြောသော်လည်း ဦးသူတော်ကတော့ စိုးရိမ်ဟန် မပြပေ။

"သူ့အတွက် စိုးရိမ်ရမှာ မဟုတ်ဘူး၊ လူမိုက်တွေအ တွက်ပဲ စိုးရိမ်ရမှာ၊ အခုလောက်ရှိရင် သေတဲ့လူတောင် သေ လောက်ပြီ"

ဟု ပြောလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"မင်းတို့ ရွာပြန်ရင်တော့ လူမိုက်တွေက လိုက်လာပြီး နှိပ်စက်ကြဦးမှာပဲ၊ ဒီတော့ လောလောဆယ် မပြန်ကြသေးဘဲ ဒီတောင်ပေါ်မှာပဲ နေကြရင် ပိုကောင်းမယ်"

ဟု ဦးသူတော်က အကြံပေးသည်။





"ဘယ်နေရာမှာ နေရင် အဆင်ပြေမလဲ"

"ကျောင်းနဲ့လည်း မဝေးအောင်၊ ကျုပ်တို့လည်း သွား လာလို့ရအောင်၊ ရသေ့ကျချောက်ဂူထဲမှာ နေရင် ခင်ဗျားတို့ အတွက် အန္တရာယ်ကင်းနိုင်တယ်၊ ကိုင်း. . သူတို့ပြန်တက်မလာ ခင် အမြန်သွားကြပေတော့"

ဟု ပြောသဖြင့် ဦးဗန်ကောင်း အပါအဝင် လေး ယောက်သား ရသေ့ကျချောက် အနီးမှာရှိသော ဂူရှိရာသို့ ဆင်း သွားခဲ့ကြလေသည်။

တန်ဆောင်မုန်းလ၏ လရောင်က ပတ်ဝန်းကျင်တစ်ခု လုံးကို ငွေရောင်လွှမ်းထားသကဲ့သို့ ကျဆင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

## အဆင်းခက်၍ အတက်ကြမ်းသော အမှောင်လမ်း

တစ်နေ့သ၌ မဟာမြိုင်ရွာဘက်မှ လူနှစ်ယောက် တောင်ပေါ်သို့ တက်လာကြလေသည်။

အခြားသူ မဟုတ်ကြပေ။

ရွာလူကြီးဦးမွန်ထော်၏ သားနှင့်သမီးဖြစ်ကြသော စောဝနှင့် စောမာလာတို့ မောင်နှမနှစ်ယောက် ဖြစ်ကြလေသည်။

အစ်ကိုဖြစ်သူ စောဝေက ၂၅ နှစ်ခန့်ရှိပြီး ညီမဖြစ်သူ စောမာလာက အသက် ၂၀ ဝန်းကျင်ခန့်သာ ရှိသေးသည်။

သူတို့ မောင်နှမမှာ မကြာခဏ တောင်ပေါ်တက်နေကျ ဖြစ်လေသည်။

www.burmeseclassic.com



စောမာလာထံမှာ ပလိုင်းတစ်လုံးနှင့် ဓားတစ်လက်ပါပြီး စောဝေထံမှာလည်း ပလိုင်းနှင့်ဓားအပြင် ဒူးလေးနှင့် မြားပူးပါ ပါလာလေသည်။

"မာလာ၊ နီမောင်တို့က ရသေ့ခိုတောင်ပေါ်မှာ ရှိပါ့မလား"

"ငါလည်း ဘယ်သိပါ့မလဲ အစ်ကိုရဲ့၊ သူတို့ တောင်ပေါ်တက်သွားကြတာ အတော်ကြာနေမှပဲ"

"အေးလေ အဲဒါပြောတာပေါ့၊ ဒီလောက် ရက်ကြာနေမှတော့ တခြားနေရာ ရောက်ချင်ရောက်နေကြမှာပေါ့"

"ငါတော့ ဒီလိုမထင်ဘူး၊ သူတို့တစ်ခုခု ဖြစ်နေကြတယ်လို့ ထင်တယ်"

"ဘာကြောင့်လဲ"

"နင် မမြင်ဘူးလား၊ ဟို သူပုန်တွေက သူတို့ကို လာရှာနေကြတာ ဘယ်နှစ်ခေါက် ရှိနေပြီလေ၊ သူတို့ကို မတွေ့လို့ တောင် အဖေကို အပြစ်တင်နေတာ နင်မမြင်ဘူးလား"

"အေး ဟုတ်တယ်နော်၊ အခု ဒီကောင်တွေက တစ်နေ့တခြား ပိုဆိုးလာတယ်"

"ဆိုးမှာပေါ့၊ သူတို့က လက်နက်ရှိတာကိုး၊ ဒီတော့ လက်နက်မရှိတဲ့ ငါတို့တတွေအပေါ်မှာ အနိုင်ကျင့်တာ ဘာများဆန်းသလဲ"

"ဒါထက် ဒီလူတွေက နီမောင်တို့သုံးယောက်ကို ဘာကြောင့် နေ့တိုင်း လာရှာနေတာလဲ"





"ဒါတော့ ငါလည်း ဘယ်သိပါ့မလဲ"

စောမာလာက တိုတိုတုတ်တုတ်နှင့်ပင် ပြန်ပြောလိုက်သည်။

"သူတို့နဲ့ တွေ့ရင်ကော နင်က ဘာပြောမှာလဲ"

"ဟိုလူတွေ နေ့တိုင်း လာရှာနေတဲ့ အကြောင်းကို သတိပေးရမှာပေါ့၊ ဒီလိုမှ မသိဘဲ ရွာပြန်လာလို့ သူတို့နဲ့ တွေ့သွားရင် အသက်ခံကြရမှာပေါ့"

ထိုသို့ ပြန်ပြောလေရာ အစ်ကိုဖြစ်သူ စောဝေလည်း ဘာမှ ထပ်မပြောတော့ပေ။

မောင်နှမနှစ်ယောက် စကားတပြောပြောနှင့် တက်လာကြရာ နံနက်ပိုင်းအချိန် လွန်သောအခါ ရသေ့ခိုတောင်ပေါ်သို့ ရောက်လာကြသည်။

ထိုအချိန်ထိတော့ အနှောက်အယှက်များနှင့် မတွေ့ကြရပေ။

မောင်နှမနှစ်ယောက် ကျောင်းပေါ်သွားကြည့်တော့လည်း တစ်ယောက်မှ မတွေ့ရပေ။

ဝင်ပေါက်တံခါးကို စေ့ရုံသာ စေ့ထားသဖြင့် အတွင်းသို့ ဝင်ကြည့်တော့လည်း ဘယ်သူမှ မရှိပေ။

"အရင်က ဘုန်းကြီးတစ်ပါးရှိတယ် မဟုတ်လား၊ အခု ဘယ် ရောက်သွားပြီလဲ"

"ငါလည်း ဘယ်သိပါ့မလဲ"

ကျောင်းပေါ်မှာ မတွေ့ရသဖြင့် နှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ပြန်ဆင်းလာပြီး တရားထိုင်သော ဂူများထဲသို့ လိုက်လံရှာဖွေကြည့်ကြပြန်သည်။

ဘယ်သူမှ မရှိပေ။

"သူတို့ ဒီအနီးတစ်ဝိုက်မှာများ ရှိနေမလား မသိဘူး တကယ်လို့ ရှိနေရင် ကြားရအောင် ငါ အူကြည့်လိုက်ဦးမယ်"

"ဖြစ်ပါ့မလား၊ နင့်အူသံကို နီမောင်တို့ မကြားဘဲ တိုလူတွေ ကြားသွားမှ ခက်နေဦးမယ်"

"ကြားတော့ရော ဘာဖြစ်သလဲ၊ သူတို့နဲ့ ငါတို့နဲ့က ဘာပြဿနာရှိတာမှ မဟုတ်တာ၊ တွေ့လည်း ကြောက်စရာ မလိုပါဘူး"

ထို့ကြောင့် စောမာလာက တစ်ချက်အူလိုက်သည်။

"အူ. . ဝူ. . ဝူ"

ဆွဲဆွဲငင်ငင် အူလိုက်သည့်အသံက တောထဲမှာ ပဲ့တင်ထပ် သွားလေသည်။

တောထူထပ်သော နေရာများတွင် အူသံပေးခြင်းမှာ နေရာအတော်ဝေးဝေးမှ ကြားနိုင်လေသည်။

"အူ. . ဝူ. . ဝူ"

နောက်တစ်ခါ အူသံပေးပြီး ခေတ္တစောင့်နေစဉ် တစ်နေရာမှ လူတစ်ယောက် ထွက်လာလေသည်။

နီမောင်ပင် ဖြစ်သည်။

နီမောင်နှင့် တွေ့ရတော့ မောင်နှမနှစ်ယောက်စလုံး ဝမ်းသာသွားကြသည်။





နီမောင်က ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်ကြည့်ပြီး စိတ်ချရတော့မှ သူတို့နှစ်ယောက်ရှိသော တောင်ကုန်းပေါ်သို့ တက်လာလေသည်။

"စောမာလာတို့ နှစ်ယောက်ပါလား၊ တောင်ပေါ်ဘာလာလုပ်ကြတာလဲ"

"နင်တို့ကို လာရှာတာ"

ထိုသို့ပြောပြီး သစ်ပင်ကြီးတစ်ပင် နံဘေးမှာ ထိုင်ကာ စကားပြောကြလေသည်။

"နီမောင်၊ နင်တို့ ဘာဖြစ်လို့ ရွာမပြန်ကြတာလဲ၊ စောထီးနဲ့ ငမဲအောင်တို့ရော ဘယ်မှာလဲ"

"သူတို့ ရှိကြပါတယ်၊ ငါတို့ ရွာမပြန်ဝံ့တာက ဒီလို ဖြစ်ခဲ့ကြလို့ပါ"

နီမောင်က တောင်ပေါ်သို့ ဗိုလ်မှိုင်းညိုတို့ ရောက်လာပြီး အန္တရာယ်ပေးပုံများကို ပြောပြလိုက်သည်။

"ဒါကြောင့် သူတို့ ရွာထဲကို မကြာခဏ ရောက်လာပြီး နင်တို့ကို လာရှာနေကြတာကိုး"

"ငါတို့ မတွေ့တော့ တခြားလူတွေကိုရော အန္တရာယ်ပေးသေးလား၊ ငါ့မိဘတွေကိုရော အန္တရာယ်ပေးကြသေးသလား စောမာလာ"

"တခြားသူတွေရော၊ နင့်မိဘတွေကိုပါ အန္တရာယ်မပေးကြပါဘူး၊ ဒါပေမယ့် သူတို့ကြည့်ရတာ တစ်ခုခု ဖြစ်နေပုံပဲ၊ ဟိုတလောက တောင်ပေါ်က အခိုန်မတော်ကြီး သေနတ်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရတာ ဘာဖြစ်တာလဲ”

“ငါလည်း သေသေချာချာတော့ မသိလိုက်ပါဘူး၊ ဒါပေ မယ့် ငါတို့သုံးယောက်ကို ကြိုးနဲ့တုပ်ထားပြီးမှ ပြန်လွှတ်သွားလို့ လိုက်ရှာနေကြတာ ဖြစ်မှာပေါ့”

“နင်သတိတော့ထား နီမောင်၊ ဒီကောင်တွေက လူစိတ် သိပ်ရှိကြတာ မဟုတ်ဘူး၊ ဖြစ်နိုင်ရင်တော့ သူတို့နဲ့ ဝေးဝေး ရှောင်နေတာ အကောင်းဆုံးပဲ”

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

“ဒီပုံအတိုင်း ရှောင်နေရအောင်လည်း အခက်ပါပဲ၊ ငါ တို့က တစ်နေ့လုပ်မှ တစ်နေ့စားကြရတဲ့ လူတွေဆိုတော့ ဘယ် လိုလုပ်မလဲ စောမာလာရယ်”

“နောက်တော့လည်း အေးသွားမှာပါ၊ လောလောဆယ် သူတို့နဲ့တွေ့သွားရင် မကောင်းလို့ ငါက စေတနာနဲ့ ပြောနေ တာ”

“နင့်စေတနာကို ငါနားလည်ပါတယ် ဟာ”

ထိုသို့ ပြောနေစဉ် စကားနည်းသော စောဝေကပါ ဝင် ပြောလေသည်။

“ရွာမှာရှိတဲ့ မင်းမိဘတွေအတွက်တော့ ဘာမှ စိတ်မပူနဲ့ နီမောင်၊ မင်းတို့ပြန်မလာနိုင်သေးတဲ့ ရက်တွေမှာ သူတို့အတွက် စားသောက်ဖို့ ငါတို့သွားပို့ပေးထားပါ့မယ်”

“အေးကွာ ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ မင်းတို့ မောင်နှမကိုလည်း ကျေးဇူးတင်ပါတယ်”





ဟု ပြောဆိုနေကြစဉ် တောင်ကုန်းတစ်ဘက်နေရာမှ ဘက်လာသော သောင်းကျန်းသူများကို လှမ်းမြင်လိုက်ကြလေ သည်။

သောင်းကျန်းသူများက စောစောက စောမာလာ အူသံ ကြားသဖြင့် အသံကြားရာသို့ တက်လာကြခြင်း ဖြစ်၏။

“နီမောင်၊ ဟိုမှာ သူတို့လာနေပြီ၊ နင့်ကို မိသွားရင် သတ်လိမ့်မယ်၊ လွတ်အောင် ပြေးပေတော့”

စောမာလာက သတိပေးလိုက်သဖြင့် ထွေထွေထူးထူး တွေးတောမနေတော့ဘဲ သစ်တောထဲသို့ လှိမ့်ချလိုက်လေသည်။

ထိုအခိုက်မှာ မနီးမဝေး ရောက်လာသော သောင်း ကျန်းသူ တစ်ယောက်က နောက်မှ သေနတ်နှင့် လှမ်းပစ်လေ သည်။

“ဒိုင်း၊ ဒိုင်း”

သို့သော် မထိဘဲ လွတ်မြောက်သွားလေတော့သည်။

ထိုအခါ သောင်းကျန်းသူများက စောမာလာတို့ မောင် နှမနှစ်ယောက်ကို ဖမ်းခေါ်သွားကြလေတော့သည်။

၎င်းတို့ ယာယီစခန်းချနေသော နေရာမှာ တောထိပ် နှင့် သိပ်မဝေးလှသော ဝါးတောထဲ၌ ဖြစ်သည်။

ထိုနေရာတွင် ဝါးတဲများထိုးကာ ယာယီစခန်းချနေရင်း နီမောင်တို့ကို စောင့်နေခြင်း ဖြစ်သည်။

ထိုစခန်း ရောက်တော့ ဗိုလ်မှိုင်းညိုနှင့် တွေ့ရသည်။

တပည့်တစ်ယောက်က သူ့ကို အကျိုးအကြောင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်သည်။

"နင်တို့နှစ်ယောက် တောင်ပေါ် ဘာလာလုပ်တာလဲ"

"ငါတို့ မှိုနဲ့ မျှစ် တက်ရှာတာ"

စောဝေက ပြောလိုက်သည်။

"ယုတ္တိရှိအောင်လည်း ပြောစမ်းပါကွာ၊ မင်းတို့က တောင်ပေါ်တက်လေ့ မရှိပါဘူး၊ ငါ့ကို မှန်မှန်ပြော၊ ဟိုကောင်တွေနဲ့ လာတွေ့ကြတာ မဟုတ်လား"

"သူတို့နဲ့ ဘာဆိုင်လို့လဲ"

"မဆိုင်ပေမယ့်၊ အခု မင်းတို့ တွေ့ခဲ့ကြပြီ မဟုတ်လား ဘာငြင်းချင်သေးလဲ"

"ဘာမှ မငြင်းဘူး၊ သူလည်း တောင်ပေါ်လာ၊ ငါတို့လည်း တောင်ပေါ်လာကြတာပဲ၊ ရွာသားအချင်းချင်း တောင်ပေါ်မှာတွေ့လို့ စကားပြောတာ ဘာဆန်းသလဲ"

တခြားလူများက ဗိုလ်မှိုင်းညိုတို့နှင့် တွေ့လျှင် များစွာ ကြောက်ရွံ့ကြသော်လည်း သူတို့မောင်နှမ နှစ်ယောက်က ကြောက်ရွံ့ခြင်း မရှိလှပေ။

"အခု နီမောင်တို့သုံးယောက်ကို ငါတို့လိုချင်နေတယ်၊ သူတို့နဲ့ ပါလာတဲ့ မိန်းမတစ်ယောက်က ငါတို့ လူနှစ်ယောက်ကို သတ်သွားတယ်"

ထိုစကား ကြားသောအခါ နှစ်ယောက်စလုံး အံ့ဩသွားကြလေသည်။

"အဲဒါတွေ ငါတို့ မသိဘူး"





"သူတို့ပုန်းနေတဲ့ နေရာကိုရော မင်းတို့သိသလား"

"မသိဘူး"

"ဒါပေမယ့် လောလောဆယ်တော့ နင်တို့နှစ်ယောက်ကို ပြန်မလွှတ်ပေးနိုင်သေးဘူး၊ သူတို့ကို မိမှ ပြန်လွှတ်ပေးမယ်"

ထိုစကားကြားသောအခါ စောမာလာက ဒေါသတကြီး ပြန် ပြောလိုက်သည်။

"နင် အဲဒီလို လုပ်တာသိရင် ငါ့အဖေက ကျေနပ်မှာ မဟုတ်ဘူး"

"သူ မကျေနပ်လည်း ငါက ဂရုမစိုက်ဘူး၊ ငါလုပ်ချင်တာလုပ်မှာပဲ၊ ဒီနယ်မှာ ငါ့ကို ဘယ်သူကမှ အာမခံဝံ့ဘူး"

စောမာလာက ဆက်မပြောတော့ဘဲ အံတင်းတင်း ကြိတ်ထားသည်။

ဖြူဖွေးနေသော မျက်နှာပြင်မှာလည်း ဒေါသစိတ်ကြောင့် နီရဲနေသည်။

ထို့နောက် သူတို့မောင်နှမ နှစ်ယောက်ကို တဲတစ်လုံးထဲမှာ ဖမ်းချုပ်ထားလေတော့သည်။

"ဘယ့်နှယ်လုပ်မလဲ၊ ခုတော့ ငါတို့ပါ အဖမ်းခံနေရပြီ"

"ငါတို့ ချက်ကျွေးတဲ့ ထမင်းစားပြီး၊ ထမင်းချက်ပေးတဲ့ လက်ကို ပြန်ကိုက်တဲ့ ခွေးတွေ၊ တစ်နေ့တော့ ဒုက္ခတွေ့မှာပဲ"

စောမာလာက ထိုသို့ အဖမ်းခံထားရသည်ကိုပင် တစ်ချက်ကလေးမှ မကြောက်ရွံ့ဘဲ မကျေမနပ်ဖြင့် ပြောနေသည်။

"သူတို့ဒုက္ခတွေ့တာက နောက်၊ ငါတို့က အရင်ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရပြီ၊ ဘယ်လိုလုပ်မလဲ"

"နင်ကလည်း ယောက်ျားဖြစ်ပြီး၊ စိတ်အားငယ်တတ်
လိုက်တာလွန်ရော၊ လူကြီးတွေပြောတာ နင် မကြားဖူးဘူးလား
ကြောက်တတ်ရင် နှစ်ခါသေရတယ်ဆိုတာလေ၊ ဘာမှ ကြောက်
စရာမရှိဘူး၊ မတရားလုပ်ရင် မတရားဘဲ ဖြစ်မှာပဲ"

ဟု ပြောဆိုနေကြလေသည်။

ညဦးပိုင်း အချိန်ရောက်သောအခါ ကွက်လပ်တစ်နေ
ရာမှာ မီးပုံတစ်ပုံဖိုထားပြီး လူနှစ်ယောက်က စောင့်သည်။

ကျန်လူများကတော့ တဲအတွင်းမှာ အရက်သောက်ပြီး
အိပ်နေကြသည်။

ဗိုလ်မှိုင်းညိုတို့အဖွဲ့မှာ ယခင်က ၁၅ ယောက်ခန့် ရှိ
ရာမှ တစ်လောက မမျှော်လင့်ဘဲ နှစ်ယောက် သေသွားခဲ့လေ
သည်။

မြလေးနွယ်နှင့် တွေ့ပြီးနောက် တစ်ယောက်က မြေ
ကိုက်ခံရပြီး သေသည်။

ကျန်တစ်ယောက်က ချောက်ထဲပြုတ်ကျပြီး သေသွား
သဖြင့် ၁၃ ယောက်သာ ကျန်တော့သည်။

စောမာလာတို့မောင်နှမ နှစ်ယောက်ကတော့ ဝါးတဲ
အတွင်းမှာ အိပ်နေကြသည်။

ညဥ့်နက်ပိုင်း ရောက်သောအခါ ၎င်းတို့ ရှိနေသော
နေရာသို့ မည်းမည်းသဏ္ဌာန် နှစ်ယောက် ချဉ်းကပ်လာလေ
သည်။





၎င်းတို့မှာ မျက်နှာကို အဝတ်စည်းထားကြကာ လက်ထဲ
မှာတော့ ချွန်ထက်နေသော ဝါးချွန်များ ပါလာကြသည်။

အခြားတစ်နေရာမှာလည်း တစ်ယောက်က ရှိနေ
သည်။

၎င်းကလည်း အသင့်ယူလာသော ဝါးချွန်များကို နေရာ
အနှံ့မှာ လိုက်စိုက်ထားလေသည်။

အတန်ကြာသောအခါ မီးပုံနံဘေးမှ အရက်သောက်နေ
သော လူနှစ်ယောက်နောက်သို့ ဖျပ်ကနဲ ရောက်သွားကာ ဝါးချွန်
ဖြင့် ထိုးသတ်လိုက်သည်။

ဝါးချွန်မှာ လှံတစ်ချောင်းကဲ့သို့ အသွားထက်လှသဖြင့်
ထုပ်ချင်းပေါက်ဝင်သွားကာ နေရာမှာတင် လဲကျသွားလေတော့
သည်။

ထိုအချိန်မှာပင် အခြားတစ်ယောက်က စောမာလာတို့
မောင်နှမထားသော တဲရှိရာသို့ နောက်ဘက်မှ သွားကာ တဲအ
တွင်းသို့ ဝင်သွားလေသည်။

ထို့နောက် အိပ်နေသော မောင်နှမနှစ်ယောက်ကို နှိုး
လိုက်သည်။

"စောမာလာ၊ စောဝေ ထကြ"

"ဟင် . ."

သည်တော့မှ ထလာကြသည်။

"မင်း ဘယ်သူလဲ"

ထိုလူက ဦးခေါင်းမှာ ပတ်ထားသော အဝတ်စကို ဖြယ်



www.burmeseclassic.com

www.burmeseclassic.com



ချပြလိုက်သည်။

"နီမောင်ပါလား"

"အချိန် မရှိဘူး၊ ငါတို့ ရွာကို အမြန်သွားကြရမယ်"

ဟု ပြောပြီး အပြင်ဘက်သို့ ထွက်ကြလေသည်။

ထိုအချိန်မှာပင် အစောင့်နှစ်ယောက်ကို သတ်ဖြတ်ခဲ့ပြီးသော စောထီးနှင့် ငမဲအောင်တို့ကလည်း အနားရောက်လာကြလေသည်။

ထို့နောက်မှာတော့ ငါးယောက်သား တောင်ခြေဘက်သို့ ပြန်ဆင်းခဲ့ကြလေသည်။

"ငါတို့ကို အခုလို ကယ်ပေးတာ ကျေးဇူးတင်ပါတယ် နီမောင်ရယ်"

"ကျေးဇူးတင်စရာ မလိုပါဘူးဟာ နင်လည်း ငါ့မှာအကြောင်းရှိတဲ့အခါ အကူအညီပေးနေတာပဲ၊ တစ်ယောက်အကြောင်းရှိ တစ်ယောက်က အကူအညီပေးရမှာပေါ့"

ဟု နီမောင်က ပြန်ပြောလိုက်သည်။

ထိုအခါ စောဝေက. . .

"မင်းတို့ ဘယ်နှစ်ယောက် သတ်ပစ်ခဲ့လဲ"

ဟု ပြောရာ စောထီးက နှစ်ယောက် ဟု ပြန်ပြောလိုက်သည်။

"ဒီလူယုတ်မာတွေကို အရက်မူးပြီး အိပ်ပျော်နေတုန်း အကုန်လုံး သတ်ပစ်ခဲ့ရမှာ၊ ဒါမှ အေးမယ်"

"စိတ်မပူပါနဲ့ကွာ၊ တစ်နေ့တော့ သတ်ရမှာပါ။ မင်းတို့





လွတ်သွားတာသိရင် သူတို့ ရွာကို ဆင်းလိုက်လာမှာပဲ၊ အဲဒီတော့ ရွာကစောင့်ပြီး သတ်ကြတာပေါ့"

ထို့နောက် တောလမ်းအတိုင်း ခတ်သုတ်ဆင်းလာခဲ့လေသည်။

ညအချိန်ပင် ဖြစ်သော်လည်း တန်ဆောင်မုန်းည၏ လရောင်က ပတ်ဝန်းကျင်တစ်ဝိုက်ကို ပြန့်နှံ့နေသောကြောင့် သော်လည်းကောင်း၊ ထိုလမ်းများမှာ တက်နေကျ ဆင်းနေကျ ဖြစ်သောကြောင့် အခက်အခဲမရှိ ဆင်းလာနိုင်ကြရာ သန်းခေါင်ယံအချိန် မတိုင်ခင်မှာပင် တောင်ခြေသို့ ပြန်ရောက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

## အမှောင်ထဲမှ အသက်လုပွဲ

ရွာသို့ ပြန်ရောက်သည်နှင့် ဦးမွန်ထော်အား အကြောင်းစုံ ပြောပြလိုက်သောအခါ များစွာ ဒေါသထွက်လေတော့သည်။

"တောက် ဒီကောင်တွေ အတော့်ကို လူပါးဝလာကြပါလား၊ လက်နက်အားကိုးနဲ့ အပြစ်မရှိတဲ့လူတွေကို လိုက်ပြီးဒုက္ခပေးနေတယ်၊ ငါကျွေးတဲ့ထမင်းစားပြီး၊ ငါ့သားသမီးတွေတောင် မချန်ဘူး၊ ဒုက္ခပြန်ပေးတယ်"

"ဒီအတိုင်းဆိုရင် သူတို့ ဒီရွာကို ရောက်ချင်ရောက်လာနိုင်တယ် အဘ၊ ဘယ်လိုလုပ်မလဲ"

"ခေါင်းငုံ့နေရင် သူတစ်ပါးနှိပ်စက်တာကိုခံရတယ်၊ ခေါင်းမော့ပြီး မျက်နှာချင်းဆိုင်ရင် ကိုယ့်အတွက် အခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ရနိုင်တယ်၊ ဒီတော့ ရှိတဲ့လက်နက်နဲ့ ပြန်ချတာချ မှာပဲ"

ဟု အံကိုတင်းတင်း ကြိတ်ထားရင်း ပြောသည်။

"သူတို့မှာ သေနတ်တွေရှိတယ် ဖြစ်ပါ့မလား"

"သေနတ်နဲ့ပစ်လည်း သေတာပဲ၊ ဒူးလေးနဲ့ပစ်လည်း သေတာပဲ၊ ငါတို့ရွာသားတွေမှာ ဒူးလေးက လူတိုင်းရှိတယ်၊ မင်းတို့က သေနတ်ကြောက်နေရင်တော့ အသတ်ခံရမှာပဲ၊ သေ နတ်ရှိတဲ့ကောင်က သေနတ်အားကိုးနဲ့ နှိပ်စက်မှာပဲ၊ သေနတ် ကိုင်ထားလည်း အဆိပ်လူးမြားနဲ့ထိတော့ သေတာပါပဲ"

"အဘပြောတာမှန်တယ်၊ တောင်ပေါ်မှာ ဝါးချွန်နဲ့ထိုးသတ်ခဲ့တာ နှစ်ယောက် သေကျန်ခဲ့တယ်"

စောထီးနှင့်ငမဲအောင်တို့ကပါ အားရပါးရ ဝင်ပြောကြလေသည်။

ထိုညကတော့ မိုးလင်းသည်အထိ ထိုင်စောင့်ကြသော်လည်း အခြေအနေက မထူးခြားပေ။

သောင်းကျန်းသူများကလည်း နောက်မှ လိုက်မလာကြပေ။

ထို့ကြောင့် နောက်တစ်ရက်မှာတော့ ဦးမွန်ထော်က ရွာသူရွာသားများကို စုခေါ်ပြီး အကြောင်းစုံ ပြောပြလိုက်သည်။

ရွာသားများကလည်း ဦးမွန်ထော်ကို လေးစားသဖြင့် သူပြောသည့်စကားဆိုလျှင် တသွေမတိမ်း လိုက်နာကြသည်။

"မင်းတို့ ဒူးလေး၊ မြား၊ ဓား၊ လှံတွေ၊ ဝါးချွန်တွေကို





အဆင်သင့်ဆောင်ထားကြ၊ ဒီတစ်ခါ သောင်းကျန်းသူတွေ ရောက်လာပြီး ငါတို့ကို ဒုက္ခပေးရင် ဝိုင်းတိုက်ကြမယ်"

ထိုသို့ မှာကြားထားရာ ရွာသူရွာသားများကလည်း ရှိသမျှ လက်နက်များကို အဆင်သင့်ပြင်ဆင်ထားလေသည်။

သို့သော်လည်း ဗိုလ်မှိုင်းညို ခေါင်းဆောင်သော သောင်းကျန်းသူများကတော့ ရောက်မလာကြပေ။

အဘယ်ကြောင့်ဆိုသော်. . .

၎င်းတို့မှာ အင်အားနည်းနေသည်က တစ်ကြောင်း၊ နောက်တစ်ချက်က ရွာလူကြီးဦးမွန်ထော်ကလည်း သူတို့သွားလျှင် ကြည်ကြည်ဖြူဖြူ လက်ခံတော့မည်မဟုတ်သည့်အပြင် ရန်ရှာမည်ကို ရိပ်မိသောကြောင့် မဟာမြိုင်ရွာသို့ မလာကြခြင်းဖြစ်သည်။

ထိုသို့ မလာသောအခါ နီမောင်က ဦးမွန်ထော်ဆီ ရောက်လာပြီး ပြောသည်။

"သူတို့ မလာရင်တော့ ကျွန်တော်တို့ သုံးယောက် တောင်ပေါ်ပြန်တက်မယ်အဘ"

"မင်းတို့က တောင်ပေါ်ကို ဘာသွားလုပ်မှာလဲ"

"တောင်ပေါ်မှာ ကျွန်တော်တို့ လူတစ်ယောက်ကျန်ခဲ့သေးတယ်၊ သူ့ဆီပြန်သွားပြီး ခေါ်ရမယ်"

"သောင်းကျန်းသူတွေနဲ့ တွေ့ရတော့ ဘယ်နှယ်လုပ် မလဲ"

"ပြန်တိုက်မယ် အဘ၊ တောင်ပေါ်မှာ ကျွန်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကူပြီးတိုက်ခိုက်ပေးမယ့် သူတွေရှိတယ်"

"ဘယ်သူတွေလည်း ဟ"

"ကျွန်တော်နဲ့ သိတဲ့လူတွေရှိတယ်၊ သူတို့ အကူအညီယူပြီး ဒီလူမိုက်တွေကို သုတ်သင်ပစ်ရမယ်၊ သူတို့ရှိနေရင် ဘုရားဖူးတက်တဲ့သူတွေလည်း စိတ်မအေးရဘူး၊ စိတ်မထင်ရင် ဘုရားဖူးလာတဲ့လူတွေပါ သတ်ပစ်ကြတယ်ဆိုတော့ အတော်လွန်နေပြီ"

"အေး. . သူတို့မရှိတော့ရင်တော့ အေးတာပေါ့ကွာ၊ ငါတို့ နေရာတွေက အုပ်ချုပ်တဲ့သူ မရှိတော့ တောကြောင်တွေ သောင်းကျန်းနေကြတာ မဆန်းပါဘူး၊ ဒါပေမယ့် အစစအရာရာ သတိနဲ့တော့ လုပ်ကြပေါ့"

"စိတ်ချပါ အဘ. . ."

နီမောင် ပြန်ထွက်လာတော့ ခြံပေါက်ဝတွင် စောမာလာနှင့် တွေ့ရပြန်သည်။

"နီမောင်. . နင်တို့ ဘယ်သွားကြမလို့လဲ"

"ငါတို့သုံးယောက် တောင်ပေါ်ပြန်သွားကြမလို့ပါ"

"ဒါထက် မေးရဦးမယ်၊ တောင်ပေါ်မှာ နင်တို့နဲ့အတူပါလာတယ်ဆိုတဲ့ အမျိုးသမီးက ဘယ်သူလဲဟင်၊ သူက ဘယ်ရွာကလဲ"

"ငါတို့နဲ့ အသိမိတ်ဆွေပါ၊ သူက တောင်ပေါ်မှာပဲ နေကြတယ်"

ထိုသို့ ပြောလိုက်သောအခါ စောမာလာက ထိုအ





ကြောင်းကို ဆက်မမေးတော့ပေ။

"တောင်ပေါ်သွားရင်လည်း သတိဝိရိယနဲ့သွားပါဟာ၊ တို့ လူယုတ်မာတွေနဲ့ တွေ့ရင် လွယ်မှာမဟုတ်ဘူး"

ဟု သတိပေးသည်။

ထိုအခါ နံဘေးမှပါလာသော ငမဲအောင်က ဝင်ပြောသည်။

"နင်ကလည်းဟာ မျက်နှာသိပ်လိုက်တာပဲ၊ တောင်ပေါ်ကို ငါတို့ သုံးယောက်စလုံး သွားကြမှာပါ၊ သတိပေးတော့ တစ်ယောက်တည်း ပေးနေရသလား"

ငမဲအောင် စကားကြောင့် စောမာလာ မျက်နှာပေါ်မှ ပန်းနုရောင်သမ်းသွားလေသည်။

"နင်ကလည်း တစ်ယောက်ပြောရင် အတူတူပဲပေါ့"

ဟု ပြောကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

ထိုအခါမှ သုံးယောက်သား ဆက်လျှောက်လာကြသည်။

"မင်ကလည်း စကားကို အနှောင့်မလွတ် အသွားမလွတ် သွားပြောနေတယ်၊ တော်ကြာ တစ်မျိုးထင်နေပါဦးမယ်"

နီမောင်ကပြောတော့ စောထီးက ဝင်ပြောသည်။

"မင်းက တစ်မျိုးထင်ခံရမှာကို တစ်မျိုးဖြစ်နေလို့လား၊ စောမာလာလည်း ချောပါတယ်ကွာ၊ မင်းက တောင်ပေါ်မှာ တွေ့ခဲ့တဲ့ မြလေးနွယ်ဆီ အာရုံရောက်နေလို့ ဖြစ်ပါလိမ့်မယ်"

"ဒီလို မဟုတ်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စကားတပြောပြောနှင့် ရွာမှ ထွက်လာခဲ့ကြလေသည်။

သုံးယောက်စလုံး ဓား၊ ဒူးလေး၊ လင်းလေးတို့ ပါလာကြသည်။

စောထီးနှင့်ငမဲအောင်တို့က ဒူးလေးတစ်လက်စီပါပြီး နီမောင်က လင်းလေးတစ်လက် ပါလာသည်။

သူကိုင်ဆောင်သောလေးက ကိုင်းရှည်ပြီး၊ အဝေးမှ ပစ်မှတ်ကို အရှိန်ပြင်းပြင်းနှင့် ထိမှန်နိုင်သောလေးမျိုး ဖြစ်သည်။

ထို့ပြင် အဆိပ်လူးသောမြားတံများလည်း ထည့်လာကြသည်။

ထိုမြားတံများက အမဲလိုက်ရာတွင် မသုံးပေ။

ရန်သူ သို့မဟုတ် တောကောင်ကြီးများနှင့် တွေ့သောအခါ၌သာ အသုံးပြုလေ့ရှိကြသည်။

တောင်ခြေ ရောက်တော့ တက်နေကျလမ်းမှ မတက်ဘဲ တောင်ပတ်လမ်းဘက်မှ တက်ကြသည်။

တောင်ပတ်လမ်းမှာ အတက်အဆင်း ခက်သောကြောင့် အသုံးမပြုကြသော်လည်း သူတို့အတွက်ကတော့ မခက်ခဲလှပေ။

တဖြည်းဖြည်း တက်လာရာ နေ့လည်ဘက်အချိန် ရောက်တော့ တောင်ထိပ်ပေါ် ရောက်သွားကြသည်။

တောင်ထိပ်ပေါ်မှာတော့ မည်သူမျှ မရှိပေ။

ကျောင်းတံခါး ပိတ်ထားလေသည်။





သုံးယောက်သား အခြေအနေကြည့်ကာ ချင်းတောမှ တောင်ပေါ် တက်ကြသည်။

ကျောင်းပေါ် တက်ကြည့်တော့လည်း ဘယ်သူမှ မတွေ့ရသဖြင့် ပြန်ဆင်းကာ ရသေ့ကျချောက်နားမှာရှိသော ဂူရှိရာဘက်သို့ ဆင်းလာကြသည်။

ဂူပေါက်ရောက်ပြီး အခြေအနေကြည့်တော့ အတွင်းမှာ ပုတီးစိပ်နေသော ဦးဇန်ကောင်းကို တွေ့မှ စိတ်သက်သာရာရသွားကြသည်။

သုံးယောက်စလုံး ဂူထဲဝင်လာသောအခါ ဦးဇန်ကောင်းက ပုတီးစိပ်နေရာမှ ရပ်လိုက်သည်။

"မင်းတို့ ရောက်လာကြပြီလား"

"ရောက်လာပြီ အဘ၊ ဒီမှာရော အခြေအနေ ဘယ်လိုလဲ၊ ဟိုလူယုတ်မာတွေ လာကြသေးသလား"

"တောင်ပေါ်တော့ လာကြတယ်ထင်တယ်၊ အသံတွေကြားရတယ်၊ ဒီဘက်ဂူတွေဘက်တော့ ဆင်းမလာကြဘူး။ ရွာမှာရော အခြေအနေ ကောင်းရဲ့လား"

"ကောင်းပါတယ်၊ သူတို့ ရွာကိုမလာဝံ့တော့ဘူး။ ရွာလူကြီးကိုယ်တိုင်က ဒေါသထွက်ပြီး လာရင် တိုက်ထုတ်ဖို့ အစီအစဉ်တွေ လုပ်နေတယ်"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"ဒါထက် အဘရော စားရသောက်ရတာ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်၊ ဟိုမိန်းကလေးက အမြဲလာပို့ပေးပါတယ်"

"ဒါထက် ဦးသူတော်နဲ့ ဆေးပင် သွားရှာတာ အဆင်ပြေခဲ့လား ဟင်"

"သူ့အတွက်ကတော့ အဆင်ပြေသွားပြီ၊ ဆေးဘုရင်နဲ့ ဆေးမိဖုရားပင် နှစ်ပင်စလုံးရသွားပြီ၊ အခု ဂူထဲမှာ ဆေးအစီအရင်တွေ လုပ်နေတယ်၊ ပြီးရင် သူ အမိဋ္ဌာန်ဝင်တော့မှာပေါ့"

"အမိဋ္ဌာန်ဝင်လို့ အောင်မြင်သွားရင် ဘာဖြစ်မလဲဟင်"

နီမောင်က စိတ်ဝင်စားစွာ မေးလိုက်သည်။

"အမိဋ္ဌာန် အောင်မြင်သွားရင်တော့ သူ ဆေးဝိဇ္ဇာဖြစ်ပြီပေါ့ကွာ"

"ဒါထက် အဘရော ရည်ရွယ်ချက်တွေ ပြည့်လုပြီလား"

"ရည်ရွယ်ချက်ကတော့ပြည့်တန်သလောက် ပြည့်ပြီလို့ ဆိုရမှာပဲ၊ တစ်ချက်က ဆရာတော်ကြီးနဲ့ နောက်ဆုံးတွေ့ လိုက်ရတာပဲ၊ နောက်တစ်ချက်ကတော့ ဆရာတော်ကြီးပေးခဲ့တဲ့ သိဒ္ဓိရှိတဲ့ ခါတ်လုံး ရလိုက်တာပဲ"

"ကျွန်တော်တို့လည်း တစ်လုံးစီရကြတယ်"

"ငါ့အတွက်တော့ နောက်တစ်ချက် ကြိုးစားရဦးမယ်"

"ဘာလဲ အဘ"

"ဆရာတော်ကြီး ထားခဲ့တဲ့ သိဒ္ဓိပေါက် လုံသုံးလုံးကို တွေ့အောင်ရှာကြည့်ရဦးမယ်၊ ထိုက်ရင်တော့ ရမှာပေါ့လေ"

"ဆရာတော်ကြီးက ဘယ်နေရာမှာ ထားခဲ့တာလဲ၊ အဘ နည်းနည်းပါးပါးလောက် မသိဘူးလား"

"ငါ့ အစွမ်းအစနဲ့ ကြိုးစားကြည့်တာတော့ နည်းနည်းလောက်ပဲ သိရသေးတယ်၊ ကျောက်လုံးတော်ကြီးနား တစ်ဝိုက်မှာ ရှိမယ်ထင်တာပဲ"

"ကြိုးစားပေါ့ အဘရာ၊ ရတော့လည်း ကောင်းတာပေါ့၊ ကျွန်တော်တို့လည်း အကူအညီပေးပါ့မယ်၊ နောက်တစ်ချက် အဘက ဦးသူတော်နဲ့ ခင်မင်နေမှုပဲ၊ သူက အရစ် ဝိဇ္ဇာဘဝ ရောက်သွားရင် အဘကို အကူအညီလာပေးမှာပေါ့"

ဟု ပြောသောအခါ ဦးဗန်တောင်းက ဘာမှပြန်မပြောပေ။

ထိုအခါ စောထီးက ဝင်မေးလိုက်သည်။

"ကျွန်တော်တို့ကို ပေးခဲ့တဲ့ ခါတ်လုံးက ဘယ်လိုအစွမ်း သိဒ္ဓိမျိုးတွေရှိသလဲ အဘ"

"ထွက်ရပ်ပေါက် ဆရာတော်ကြီး ပေးထားခဲ့တာပဲကွာ၊ သိဒ္ဓိရှိတာပေါ့၊ လိုတာ အသုံးပြုလို့ရနိုင်တယ်၊ ကိုယ်နဲ့မကွာဆောင်ထားရင် မကောင်းတဲ့မိစ္ဆာတွေ အနှောက်အယှက် မပေးနိုင်ဘူး၊ အရေးကြုံလာရင် ကာယသိဒ္ဓိပြီးစေနိုင်တယ်"

"ကာယသိဒ္ဓိပြီးတယ်ဆိုတာ. . . ဘာတွေလဲဟင်"

ငမဲအောင်က ဝင်မေးလိုက်သည်။

"ကိုယ်က မကောင်းတာလုပ်တာမျိုး မဟုတ်ဘဲ ကောင်းတဲ့အျိုးအတွက် လုပ်တာဆိုရင် သေနတ်၊ ဓားလှံ လက်နက်တွေ ပြီးတယ်၊ ကိုယ်က ခါတ်လုံးအားကိုးပြီး ဓားပြ တိုက်ရင်တော့





www.burmeseclassic.com

www.burmeseclassic.com



ဘာမှစွမ်းမှာ မဟုတ်ဘူး၊ ဆရာတော်ကြီးက ပေးသင့်တယ်ထင်လို့ တမင် ခေါ်ပေးသွားတာဆိုတော့ ရိုရိုသေသေနဲ့ ကိုယ်နဲ့မကွာ ဆောင်ထားကြပါ”

ဟု မှာကြားလေသည်။

ထို့နောက်. . .

“ကဲ. . . အဘလည်း လုပ်စရာရှိတာ လုပ်ပေဦး၊ ကျွန်တော်တို့လည်း တောထဲ ခဏသွားလိုက်ဦးမယ်”

ဟု ပြောဆိုနှုတ်ဆက်ကာ တောထဲသို့ ပြန်ထွက်ခဲ့ကြလေသည်။

“ဘယ်လိုလုပ်မလဲ၊ ဟိုကောင်တွေကို ဘယ်လိုရှာမလဲ”

“ငါတို့က သူတို့ကို လိုက်ရှာနေစရာမလိုဘူး၊ သူတို့ဒီနေရာ ရောက်လာအောင် လုပ်ရမယ်”

“ဘယ်လို လုပ်မလဲ”

“အဘဦးဇန်ကောင်း ပြောတာ မကြားဘူးလား၊ သူတို့ ဒီတောင်ပေါ်ကို မကြာခဏလာကြတယ်တဲ့၊ ငါတို့ ရှိမလားလို့ လာချောင်းတာလည်း ဖြစ်နိုင်တာပဲ၊ သူတို့ ဒီနေရာတစ်ဝိုက်မှာပဲ ရှိနေကြသေးပုံရတယ်၊ ဒီတော့ ငါတို့ ရောက်နေပြီဆိုတာ သိအောင် အချက်ပြပေးရမယ်”

ဟု ပြောဆိုကာ သုံးယောက်သား ရသေ့ခိုတောင်ပေါ်သို့ တစ်ခေါက် ပြန်တက်လာကြလေသည်။

ညနေစောင်းအချိန် ရောက်သောအခါ တောင်ပေါ်မှ မီးခိုးငွေ့များ ထွက်လာသည်။





မီးခိုးငွေ့များမှာ အတော်များသဖြင့် အဝေးမှ လှမ်းမြင်နိုင်လောက်သည်။

မှောင်ရီသမ်းစ အချိန်ရောက်တော့ အူသံများ ပေါ်ထွက်လာပြန်သည်။

“အူ. . . ဝူ. . . ဝူ”

“အူ. . . ဝူ. . . ဝူ”

တိတ်ဆိတ် ငြိမ်သက်နေသောအချိန် ဖြစ်သဖြင့် ထိုအူသံများက အတော်ဝေးဝေးမှပင် ကြားနိုင်ပေသည်။

ထိုကဲ့သို့သော အူသံများ ထွက်ပေါ်လာပြီးနောက်တွင် ပြန်လည် တိတ်ဆိတ်သွားပြန်သည်။

မှောင်ရီသမ်းစ အချိန်လောက်တွင် တောင်ထိပ်ပေါ်သို့ လူတစ်စု တက်လာကြသည်။

စုစုပေါင်း ၁၀ ယောက်ခန့်သာ ရှိသည်။

သေနတ်ကိုယ်စီ ကိုင်လာသော ဗိုလ်မှိုင်းညိုတို့ အဖွဲ့ပင်ဖြစ်သည်။

၎င်းတို့သည် တောင်ထိပ်ပေါ်မှ မီးခိုးငွေ့များ လှမ်းမြင်ရပြီး အူသံများကြားရသဖြင့် ရွာသားများ ရောက်နေကြပြီ အထင်ဖြင့် တက်လာကြခြင်း ဖြစ်၏။

သူတို့သည် သေနတ်များကို အဆင်သင့်ပြင်ကာ ခြေသံလုံလုံဖြင့် တက်လာကြခြင်း ဖြစ်၏။

တောင်ထိပ်နားရောက်ကာနီးသောအခါ ရပ်တန့်ပြီး အခြေအနေ လှမ်းကြည့်လိုက်တော့ လူမမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနှင့် မနီးမဝေးမှာ မီးဖိုတစ်ဖိုရှိပြီး လက်ဖက်ရည်အိုး ကျိုထားသည်ကို လှမ်းမြင်ရသဖြင့် တဖြည်းဖြည်း တက်သွားကြသည်။

မီးဖိုနှင့် အနီးတစ်ဝိုက်မှာလည်း လူမရှိပေ။

ထို့ကြောင့် တရားထိုင်သောဂူပေါက်များအား တစ်ပေါက်ချင်း လိုက်ကြည့်သည်။ မရှိပေ။

တောင်ပေါ်မှာ ရွာစရာ တစ်နေရာသာ ကျန်တော့သည်။

ကျောင်းပေါ်တက်ရှာရန်ပင် ဖြစ်သည်။

သောင်းကျန်းသူများက သေနတ်များကို အဆင်သင့်ပြင်ဆင်ကာ ကျောင်းပေါ် တက်ရှာကြည့်တော့လည်း တစ်ယောက်မျှ မတွေ့ရသဖြင့် ပြန်ဆင်းလာကြသည်။

တောင်ပေါ်၌ ဘယ်သူမှမတွေ့ရသောကြောင့် သေနတ်များကို အောက်သို့ ပြန်ချလိုက်စဉ်မှာပင် တစ်နေရာစီမှ မြားတံတစ်ချောင်းစီ ထွက်လာပြီးနောက် လူသုံးယောက် တစ်ပြိုင်နက် လဲကျသွားကြသည်။

ထိုအခါမှ ကျန်လူများက မြေပေါ်သို့ ဝပ်ချလိုက်ကြသည်။ သူတို့အနေဖြင့် သေနတ်ဖြင့် ပြန်ပစ်ရန် ပြင်သော်လည်း မြားက ဘယ်နေရာမှ လာမှန်းမသိ။

ရန်သူက ဘယ်နေရာ၌ရှိနေမှန်း မသိပေ။

အချိန်ကလည်း မှောင်စပျိုးနေချေပြီ။

ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဌာန်





အချို့ထွက်ကာ တောင်ပေါ်သို့ တက်လာကြသည်။

ထိုအခါ ရန်သူ ထင်သဖြင့် သေနတ်ဖြင့် ထပစ်ကြသည်။

သေနတ်ဖြင့် ပစ်တော့မှ တောင်ပေါ်တက်လာသော မည်းမည်းသဏ္ဌာန်တို့မှာ ပျောက်သွားကြလေသည်။

"ဒုစ်၊ ဒုစ်"

"ဒုတ်၊ ဒုတ်"

နောက်ထပ် မြားနှစ်ချောင်းထွက်လာပြီး လူနှစ်ယောက် လဲကျသွားပြန်လေသည်။

ထို့ကြောင့် သောင်းကျန်းသူများမှာ ကြောက်လန့်လာပြီး စိုးထင်သောနေရာသို့ သေနတ်ဖြင့် စွတ်ပစ်ပြန်ရာ သေနတ်သံများ ဆူညံသွားလေတော့သည်။

တောင်ထိပ်ပေါ်မှာ သစ်ပင် မရှိသော်လည်း ပတ်ဝန်းကျင်မှာ သစ်ပင်မြင့်များ ရှိနေသည်။

ထိုသစ်ပင်များပေါ်မှာ ဂုံညှင်းနွယ်များ ရှိသည်။

နီမောင်တို့သုံးယောက်က ထိုဂုံညှင်းနွယ်များပေါ်၌ ရောက်နေကြခြင်း ဖြစ်သည်။

သူတို့က အပေါ်မှာ ရောက်နေသောကြောင့် တောင်ကုန်းပေါ်မှာ ရှိနေသူများကို အပေါ်စီးမှ အတိုင်းသား မြင်နေရသည်။

ထို့ကြောင့် တစ်ယောက်ပြီးတစ်ယောက် စိတ်ကြိုက်ပစ်ခွင့် ရနေကြသည်။

ထိုသို့ ပစ်ပြီးသည်နှင့် နွယ်ကြိုးများကို အသုံးပြုကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့ ရွေ့သွားလေသည်။

သောင်းကျန်းသူတို့မှာ တဖြည်းဖြည်းနှင့် နှစ်ယောက် သုံးယောက်လောက်သာ ကျန်တော့ပြီး သွေးပျက်နေကြလေပြီ။

မြားဖြင့် ပစ်နေသူများအပြင် အမှောင်ရိပ်ထဲမှ ခြောက်လှန့်နေကြသော မကောင်းဆိုးဝါးများပါ ရှိနေသဖြင့် ပြေးပေါက် မရှိအောင် ဖြစ်နေတော့သည်။

နောက်ဆုံးတော့ ခေါင်းဆောင်ဖြစ်သော ဗိုလ်မှိုင်းညိုမှာ ဆောက်တည်ရာမရ ဖြစ်လာသောကြောင့် ခြေဦးတည့်ရာ ထပြေးလေတော့သည်။

သို့သော် ဝေးဝေးမရောက်ခင်မှာ သူပြေးမည့် လမ်းပေါ်၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

နီမောင်ပင် ဖြစ်သည်။

နီမောင်က လေးဖြင့် ချိန်ထားလေသည်။

ဗိုလ်မှိုင်းညိုက မပြေးသာတော့သဖြင့် သေနတ်ဖြင့် ပစ်သည်။

သို့သော် ကျည်ဆံ မထွက်တော့ပေ။

"ဟင်. ."

"ဘုရားဖူးလာတဲ့ သူတွေကိုတောင် ရက်ရက်စက်စက် သတ်ပစ်ရက်တဲ့ မင်းတို့လို လူယုတ်မာတွေကတော့ လူ့ပြည်မှာ မရှိသင့်တော့ပါဘူး၊ မင်းတို့အတွက် နေရာက ငရဲမှာပဲ ရှိတယ်၊ သွားပေတော့"

ဟု ပြောကာ မြားဖြင့် ပစ်သဖြင့် ရင်ဝသို့ ထိမှန်ကာ





လဲကျ သွားလေတော့သည်။

ထိုသေမြားဆိပ်ကြောင့် ခဏချင်းမှာပင် အသက်ထွက် သွားလေတော့သည်။

နီမောင်က သေနတ်ကိုယူ၍ အလောင်းကို ချောက် တွင်းသို့ ပစ်ချလိုက်လေသည်။

တောင်ပေါ်မှာလည်း စောထီးနှင့် ငမဲအောင်တို့က ကျန်နေသော ရန်သူများကို သုတ်သင်ပြီးကြလေပြီ။

ရန်သူများမှာ တောင်ပတ်လည်၌ သရဲ၊ ထဘက်များက ဝိုင်းထားသောကြောင့် ပြေးခွင့်မသာဘဲ ဖြစ်ကာ တစ်ယောက် မကျန် သေကြရခြင်း ဖြစ်သည်။

ထို့နောက် ရန်သူ အလောင်းများကို ချောက်ထဲပစ်ချ လိုက်ကြကာ သေနတ်များကိုတော့ တစ်နေရာမှာ ဝှက်ထား လိုက်ကြလေသည်။

ယခုတော့ အန္တရာယ်များ ကင်းဝေးသွားခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

## စည်းအတန်တန်ခြားသော ဝိဇ္ဇာလမ်း

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်တော့ ရသေ့တချောက် အနီးမှာရှိသောဂူသို့ မြလေးနွယ် ရောက်လာလေသည်။

ထိုဂူထဲမှာ ဦးဗန်ကောင်းနှင့်အတူ နီမောင်တို့ သုံးယောက်ပါ ရှိနေကြသည်။

သူမသည် နံနက်ပိုင်းအတွက် စားသောက်စရာများ လာပို့ပေးခြင်း ဖြစ်သည်။ ထွေထွေထူးထူးတော့ မဟုတ်ပေ။ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည်တို့ပင် ဖြစ်၏။

"အစ်ကိုတို့ပါ ရောက်နေကြပါလား၊ ဒီမှာတော့ စားသောက်စရာတွေ ပို့ပြီးယူလာပါတယ်၊ အဆာပြေ စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ကြပါဦး”

ဟု ပြောကာ ကျွေးသဖြင့် နီမောင်တို့လည်း ဟန်ဆောင်မနေတော့ဘဲ စားသောက်ကြလေသည်။

တစ်လောက တောင်ပေါ်မှာ ရှိနေစဉ် သောင်းကျန်းသူများ ရောက်လာပြီး မြလေးနွယ်ကို ဖမ်းခေါ်သွားခဲ့ပြီး နောက်ပိုင်း မတွေ့ကြရဘဲရှိနေရာ ယခုမှ တစ်ဖန် ပြန်တွေ့ကြရခြင်းဖြစ်၏။

နီမောင်က စားသောက်ရင်းနှင့် သူမကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ပြောလိုက်သည်။

“ဟိုတစ်လောက လူမိုက်တွေ ရောက်လာပြီး မြလေးနွယ်ကို ခေါ်သွားတော့ အတော့်ကို စိတ်ပူနေမိပါတယ်၊ အစ်ကိုတို့မှာလည်း သစ်ပင်မှာ ကြိုးနဲ့အတုပ်ခံထားရတာဆိုတော့ ဘာမှ မတတ်နိုင်လို့ ဒီအတိုင်းပဲ ကြည့်နေလိုက်ရတယ်”

ထိုစကားကြားတော့ မြလေးနွယ်က ပြုံးလိုက်သည်။

“ဟို့ . . ဟို မြလေးနွယ်ကို ဘယ်လိုဒုက္ခပေးကြသေးသလဲ၊ နှိပ်စက်ကြသေးလား”

“သူတို့ ကျွန်မကို နှိပ်စက်လို့မှ မရတာ”

“ဘာဖြစ်လို့လဲ . . ဟင်”

“တခြားမတွေးပါနဲ့ အစ်ကိုရယ်၊ ကျွန်မက သူတို့ မနှိပ်စက်ခင်ကတည်းက သူတို့လိုချင်တဲ့ ရွှေငွေရတနာရှိတဲ့ နေရာပြပေးလိုက်လို့ပါ”

“ဟင် . . ဘယ်နားမှာလဲ”





“ဟို ကျောက်လုံးတော်ကြီး ရှိတဲ့ နေရာနားမှာ”

“ဒါဖြင့် သူတို့ ရွှေငွေတွေ ရသွားတာပေါ့နော်”

“ရွှေငွေတော့ ရမရ မသိဘူး၊ သေမင်းနဲ့တွေ့ပြီး နှစ်ယောက်တော့ သေသွားတာ တွေ့လိုက်ရတယ်၊ တစ်ယောက်က မြွေကိုက်လို့ သေသွားတယ်၊ တစ်ယောက်က ချောက်ထဲပြုတ်ကျသွားတယ်”

ထိုစကား ကြားသောအခါ နီမောင်တို့သုံးယောက်မှာ များစွာ အံ့ဩသွားကြလေသည်။

နီမောင်က မြလေးနွယ်နှင့်အတူ ကျောက်လက်ဝါးဂူထဲသို့ တစ်ခေါက် ရောက်ခဲ့ဖူးသောကြောင့် သူမမှာ သာမန် မိန်းကလေးတစ်ယောက် မဟုတ်မှန်းတော့ ရိပ်မိလေသည်။

သို့သော်လည်း ဆရာတော်ကြီး ရှိစဉ်ကပင် ကျောင်းပေါ်အထိ တက်ခွင့်ရခဲ့သဖြင့် မကောင်းဆိုးဝါး တစ်ယောက် မဟုတ်မှန်းတော့ သိသည်။

“ဒါထက် အစ်ကိုတို့ရော ဘယ်လိုလွတ်ကြတာလဲ၊ ဘယ်သူ လွှတ်ပေးတာလဲ”

“လူဆိုးတွေ မရှိကြတော့ အဘတို့ ပြန်ရောက်လာပြီး လွှတ်ပေးလို့ လွတ်ကြတာပါ”

“ဒီလူတွေက အတော်ဆိုးတာပဲ၊ အခုတော့ တစ်ယောက်မှ မရှိကြတော့ဘူး မဟုတ်လား”

ဟု အမှတ်တမဲ့ ပြောလိုက်သည်။ ထိုအခါ စောထီးက ဝင်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . မြလေးနွယ်က ဘယ်လိုသိနေတာလဲ"

"အော်. . မသိပါဘူး၊ ညက သေနတ်သံလိုလို ကြားလိုက်မိလို့ မေးကြည့်တာပါ"

သူမက စကားလျှောချလိုက်သောအခါ ဦးဇန်ကောင်းက လက်ဖက်ရည် သောက်နေရင်းမှ ရယ်သလို မောသလိုဖြင့် ဝင်ပြောလိုက်သည်။

"သူ မသိဘဲ ရှိပါ့မလားကွာ၊ မြလေးနွယ်က ဒီနေရာမှာ အမြဲနေတာပဲ၊ ဘာပဲဖြစ်ဖြစ် သူသိနေတာပေါ့၊ ညက မင်းတို့ ရန်သူတွေနဲ့ တွေ့နေတဲ့ အချိန်မှာ အနီးဝန်းကျင်က ပရလောကသားတွေက မင်းတို့ဘက်က ဝင်ကူပေးတာတောင် သူက သိချင်သိနေမှာ၊ မယုံရင် သူ့ကို မေးကြည့်ပါလား"

ဟု ပြောရာ နီမောင်မှလွဲပြီး စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်မှာ များစွာ အံ့ဩသွားကြလေသည်။ မြလေးနွယ်ကတော့ ဘာမှပြန်မပြောတော့ဘဲ ပြုံးရုံသာ ပြုံးနေလေသည်။

အတန်ကြာတော့ မြလေးနွယ်က ပြောသည်။

"ကျွန်မ ကျောင်းဘက် ခဏလေး သွားစရာ ကိစ္စရှိလို့ အစ်ကို ခဏလိုက်ခဲ့ပေးပါ"

ဟု ခေါ်သဖြင့် နီမောင်က အဖော်လိုက်သွားလေသည်။

ရသေ့ခိုတောင်ပေါ် ရောက်သွားတော့ ရင်ပြင်ပေါ်မှာ ရှုတ်ပွနေသော သစ်ရွက်နှင့် အမှိုက်များကို ရှင်းကြသည်။

ဂူပေါက်များထဲ ဝင်အိပ်သော တိရစ္ဆာန်တို့က မစင်စွန့်ထားတာတွေ့လျှင် ကျုံးပြီး ချောက်ထဲပစ်ချကြသည်။





"လာ အစ်ကို၊ ကျောင်းပေါ်မှာ ဘုရားပန်းတွေ ခြောက်နေပြီ၊ ဘုရားပန်း သွားခူးကြရအောင်၊ ဟိုဘက်နားမှာ သစ်ခွပန်းခိုင်တွေရှိနိုင်တယ်"

ဟု ပြောကာ သူမကပင် ရှေ့ဆောင်ခေါ်သွားသဖြင့် နီမောင်က နောက်မှ လိုက်သွားလေသည်။

သူ့ခါးမှာတော့ ဓားတိုတစ်ချောင်းသာ ပါလေသည်။

တစ်နေရာရောက်တော့ သစ်ပင်တစ်ပင်၏အပေါ် ခွကြားမှာ အခိုင်လိုက်ပွင့်နေသော သစ်ခွပန်းများကို လှမ်းမြင်ရလေသည်။

နီမောင်က ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အနီးမှာရှိသော နွယ်ကြိုးတစ်ချောင်းကို ခုတ်ယူပြီးနောက် သစ်ပင်ပေါ်သို့ လျင်မြန်စွာ တက်သွားလေသည်။

မြလေးနွယ်က အောက်ဘက်မှ မော့ကြည့်နေရင်းနှင့် နီမောင် သစ်ပင်တက်နေသည်ကို သဘောကျနေဟန် ရှိသည်။

ခဏကြာတော့ သစ်ခွပန်းခိုင်များရှိသော သစ်ပင်ခွသို့ ရောက်သွားပြီး သစ်ခွပန်းပင်တို့ကိုပါ ဖြုတ်ယူလိုက်သည်။

ပြီးမှ နွယ်ကြိုးနှင့်ချည်ကာ အောက်သို့ ချပေးလိုက်ပြီးမှ ပြန်ဆင်းလာလေသည်။

ပြီးနောက် နှစ်ယောက်သား စကားတပြောပြောနှင့် ပြန်တက်လာကြသည်။ တစ်နေရာသို့ ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်အောက်၌ နီမောင်က ရပ်လိုက်သည်။

မြလေးနွယ်ကပါ မနီးမဝေးမှာ ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“အခုလို အေးအေးဆေးဆေး တွေ့ရတုန်း မြလေးနွယ်ကို သိချင်တာလေးတွေ မေးချင်လို့ပါ”

ဟု ခွင့်တောင်းလိုက်သည်။

“မေးလေ အစ်ကို”

“တခြားတော့ မဟုတ်ပါဘူး၊ မြလေးနွယ်က သာမန်မဟုတ်ဘူးဆိုတာ ကျွန်တော်ရိပ်မိပါတယ်”

“အစ်ကိုက ဘယ်လိုသိတာလဲ”

“ဟိုတစ်နေ့က သောင်းကျန်းသူတွေ ခေါ်လို့ လိုက်သွားရတဲ့အချိန်မှာ သာမန်မျက်နှာမျိုး မဟုတ်တော့ဘဲ တင်းမာခက်ထန်နေတာကို တွေ့လိုက်ရတယ်၊ သာမန် မိန်းကလေးတစ်ယောက်ဆိုရင် ဒီလိုအန္တရာယ်နဲ့တွေ့ရရင် ကြောက်လို့ နေရာတောင် ထနိုင်တော့မှာ မဟုတ်ဘူး”

မြလေးနွယ်က သဘောကျစွာ ပြုံးလိုက်သည်။

“အစ်ကိုက လူအကဲခတ် အတော်ကောင်းတာပဲ၊ တစ်ချိန်လုံး ကျွန်မကိုပဲ အကဲခတ်ကြည့်နေတဲ့ အတိုင်းပါပဲ”

“ဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီလို အခြေအနေမျိုးဆိုတာ မြင်ရုံနဲ့ သိနိုင်တာပဲ၊ ကျွန်တော်ထင်မြင်ယူဆတာ မမှားဘူး မဟုတ်လား”

နီမောင်က ဆက်မေးလိုက်သောအခါ စောစောကပြုံးနေသော မျက်နှာပေါ်မှာ အပြုံးရိပ်များ ပျောက်သွားပြီး တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွားလေသည်။

အတန်ကြာမှ. . .





“မှန်ပါတယ်၊ အစ်ကို ထင်သလို ကျွန်မက သာမန်လူတစ်ယောက် မဟုတ်ပါဘူး”

ဟု ဝန်ခံပြောဆိုလေသည်။

“ဒါဖြင့် သိုက်နန်းရှင်တစ်ယောက်လားဟင်”

“သိုက်နန်းရှင်တော့ မဟုတ်ပါဘူး၊ ဒီတောင်မှာ တာဝန်တစ်ခုနဲ့ လာနေရတဲ့သူ ဖြစ်ပါတယ်”

“ဒါပေမယ့် မိစ္ဆာတစ်ယောက် မဟုတ်ဘူးဆိုတာတော့ ကျွန်တော်သိပါတယ်၊ ရသေ့ဓိုဆရာတော်ကြီးတို့လို အဘဦးသူတော်တို့လို သိဒ္ဓိပေါက် ထွက်ရပ်လမ်းအတွက် ကြိုးစားနေကြသူတွေကို ကူညီစောင့်ရှောက် ပေးနေရတာ မဟုတ်လား”

နီမောင်က သူထင်တာ ပြောလိုက်သော်လည်း မြလေးနွယ်ကတော့ ထွေထွေထူးထူး ဘာမှပြန်မပြောပေ။

“ကျွန်မက ဒီတောင်မှာ တာဝန်တစ်ခုနဲ့ နေရတာပါ၊ ဒါပေမယ့် ကျွန်မ ဘယ်လိုတာဝန်မျိုးနဲ့ နေရတယ်ဆိုတာတော့ ပြောခွင့်မရှိပါဘူး၊ တစ်ခုပဲ ပြောနိုင်ပါတယ်၊ ကျွန်မအတွက်နဲ့ အစ်ကိုတို့ အန္တရာယ် မရှိစေရပါဘူး၊ တကယ်လို့ အန္တရာယ်နဲ့ တွေ့ရင်တောင် ကျွန်မအကူအညီပေးနိုင်တာဆိုရင် ပေးပါ့မယ်”

ဟု ကတိပေးသည်။

“မြလေးနွယ်ရဲ့ ဘဝမှန်ကို ကြားရတာ ကျွန်တော်စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ခင်မင်နေမှာပါပဲ၊ ကျွန်တော်တို့နှင့် ပတ်သက်ပြီး အကူအညီပေးနိုင်တာရှိရင်လည်း ပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် အစ်ကို့ကို တစ်ခုတော့ မှာရဦးမယ်၊ အခု ပြောပြတဲ့ အကြောင်းတွေကို တခြားသူတွေ မသိပါစေနဲ့နော်၊ ဒါကိုတော့ ကတိပေးပါ"

"ပေးပါတယ်၊ ဘယ်သူမှ မသိစေရပါဘူး"

ထိုသို့ ပြောဆိုပြီးနောက် တောင်ပေါ်သို့ ပြန်တက်လာကြသည်။

ကျောင်းပေါ်သို့ ပြန်ရောက်သောအခါ နီမောင်က ကျောင်းပေါ်မှာ သန့်ရှင်းရေးလုပ်ပြီး မြလေးနွယ်က ဘုရားပန်းအိုးများကို သစ်ခွပန်းခိုင်များဖြင့် လဲလှယ်နေလေသည်။

သူမသည် မြတ်စွာဘုရားရုပ်ပွားတော်ရှေ့ ရောက်သောအခါ လက်အုပ်ချီလျက် အရိုအသေပေးနေလေသည်။

ထိုမြင်ကွင်းကို မြင်တော့ နီမောင် စိတ်ထဲမှာ အတော်ကလေး စိတ်မကောင်း ဖြစ်သွားမိသည်။

မြလေးနွယ်ကို ဒီလို ဘဝမျိုးနှင့် မဟုတ်ဘဲ လူသားစစ်စစ်ဘဝမျိုးနှင့် တွေ့ရလျှင် များစွာကောင်းမည်ဟုလည်း စိတ်ထဲမှ တွေးနေမိသည်။

ထို့နောက် နှစ်ယောက်သား ဦးဗန်ကောင်းတို့ ရှိသောဂူသို့ ပြန်ခဲ့ကြသည်။ ထိုနေရာရောက်တော့ မြလေးနွယ်က ပြန်သွားပြီး နီမောင်က ဂူထဲသို့ ဝင်လာလေသည်။

သူ့အမူအယာမှာ တက်တက်ကြွကြွ မရှိလှဘဲ ဖြစ်နေရာ ဦးဗန်ကောင်းက မေးလိုက်သည်။

"ဘာဖြစ်လာတာလည်း နီမောင်၊ မင်းကြည့်ရတာ တစ်





မျိုး ဖြစ်လာပါလား"

နီမောင်က ဘာမှ ပြန်မပြောဘဲ သက်ပြင်းတစ်ချက်ချကာ ဝင်ထိုင်လိုက်သည်။

"မင်းတစ်ခုခု ဖြစ်လာသလား"

"မဖြစ်ပါဘူး အဘရယ်"

"ငါ့ကို ဖုံးကွယ် မနေပါနဲ့ကွာ၊ မင်း မြလေးနွယ်ဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်ပြီးတော့ စိတ်မကောင်းစရာ ကြုံခဲ့ရတယ် မဟုတ်လား"

သည်တော့မှ ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်လေသည်။ ထိုအခါ ဦးဗန်ကောင်းကပါ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ကတော့ မနီးမဝေးမှ နားထောင်နေကြသည်။

"တကယ်တော့ မြလေးနွယ်ဆိုတဲ့ မိန်းကလေးက သာမန်မိန်းကလေးမှ မဟုတ်တာ၊ ဘဝန်တစ်ခုကြောင့် ဒီတောင်မှာ လာနေရတာ ဖြစ်မှာပါ"

"ဟင်. . အဘက ဘယ်လိုသိနေတာလဲ"

"ငါလည်း တော်ရုံလောက်ကို သိနိုင်လောက်တဲ့ အဆင့်တစ်ဆင့်တော့ ရောက်နေပါပြီ၊ ဒါကြောင့် သိတာပေါ့"

"ဒါဖြင့် သူက သိုက်စောင့်လားဟင်"

"မဟုတ်ပါဘူး"

"ဒါဖြင့် ပရလောကသားလား"



www.burmeseclassic.com

www.burmeseclassic.com



"ပရလောကသားတော့ မှန်ပါတယ်၊ ဒါပေမယ့် သာမန်အဆင့်မျိုးတော့ မဟုတ်ဘူး၊ နတ်မိန်းမ ငါးမျိုးထဲမှာတော့ ပါလိမ့်မယ်"

"နတ်မိန်းမဆိုတာ ဘာတွေလဲဟင်၊ နတ်သားတွေရဲ့ မိန်းမကို ပြောတာလား"

"ဒီလို ပြောတာ မဟုတ်ဘူး၊ နတ်မိန်းမဆိုတာ အားလုံးခြုံပြီး ပြောလိုက်တာပါ၊ မင်းတို့သဘောပေါက်အောင် ရှင်းပြမယ်၊ နတ်မိန်းမတွေက သာမန် မဟုတ်ကြဘူး၊ ကမ္မဇိဒ္ဓိ တန်ခိုးရှိကြတယ်၊ ကောင်းတာတွေကိုလည်း အကူအညီပေးနိုင်ကြသလို၊ မကောင်းတဲ့ အဖျက်အဆီးတွေကိုလည်း ပြုလုပ်နိုင်ကြတယ်"

ဦးဗန်ကောင်း ပြောပြသည့် နတ်မိန်းမ(၅)ပါးတို့မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

(၁) ဒေဝဏ္ဏတ္ထိ နတ်မိန်းမ

(၂) ဒေဝကိန္နရီ နတ်ကိန္နရာမ

(၃) ဒေဝဘုမ္မာရီ၊ မြေတွင်း၌ နေသော (ဘုမ္မိဏ္ဏတ္ထိ)ဟူခေါ်သော ဘုမ္မစိုးနတ်မိန်းမ

(၄) ဒေဝရုက္ခကုတ္ထိ ရုက္ခစိုးနတ်မိန်းမ

(၅) ဥစ္စာစောင့်၊ သိုက်စောင့်၊ ဥစ္စာစောင့်၊ သိုက်စောင့် မိန်းမတို့ ဖြစ်ကြသည်။

၎င်းတို့သည် သာမန်အဆင့်များ မဟုတ်ကြပေ။ လူယောင်ဖန်ဆင်း၍ လူများနှင့် အတူတကွ နေနိုင်ကြသည်။ ကောင်းမှုကုသိုလ်များ ပြုလုပ်နိုင်ပြီး ဘုရား၊ တရားနှင့်





နီးကပ်စွာ နေနိုင်ကြသည်။ အကူအညီပေးတန်လျှင် ပေးကြပြီး အဖျက်အဆီး ပြုလုပ်ရမည့် တာဝန်ကျလျှင် ပျက်စီးအောင် ဖျက်ဆီးပေးကြရသည်။

"သူတို့က တန်ခိုးရှိတဲ့ နတ်မိန်းမတွေ ဖြစ်ကြရက်နဲ့ ဘယ်လိုပုဂ္ဂိုလ်တွေကို ဖျက်ဆီးတတ်တာလည်း အဘ"

ဦးဗန်ကောင်း ပြောပြနေသည်ကို စိတ်ဝင်စားသဖြင့် နီမောင်က ဝင်မေးလိုက်သည်။

"သူတို့က ကမ္မဇိဒ္ဓိ တန်ခိုးရှိကြတဲ့ သူတွေ ဖြစ်ကြပေမယ့် သူတို့ထက် တန်ခိုးပါဝါမြင့်တဲ့ ပုဂ္ဂိုလ်မျိုးတွေက စေခိုင်းရင် လုပ်ပေးကြရတယ်၊ ကောင်းတာလုပ်ဆိုရင်လည်း လုပ်ရတယ်၊ မကောင်းတာ လုပ်ဆိုရင်လည်း ခိုင်းတဲ့အတိုင်း လုပ်ပေးကြရတယ်၊ သူတို့ ဖျက်ရတဲ့ ပုဂ္ဂိုလ်တွေကတော့ ပညာလမ်းလိုက်တဲ့ ပုဂ္ဂိုလ်တွေ၊ ပဋိပတ်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဝိဇ္ဇာလမ်းပေါက်အောင်လိုက်စားတဲ့ သူတွေပဲ ဖြစ်ကြတယ်"

"ဘာကြောင့် ဒီလို ပုဂ္ဂိုလ်မျိုးတွေကို ရွေးပြီး ဖျက်ရတာလဲ"

"အဖျက်ဆိုတာ နေရာတကာမှာ ရှိကြတယ်လေ၊ မြတ်စွာဘုရားတောင် ဘုရားဖြစ်ကာနီးမှာ မာရ်နတ်ကိုယ်တိုင် နည်းအမျိုးမျိုး လာဖျက်သေးတာပဲ"

"ဟုတ်ပါတယ်"

"အဲဒါတွေကို အဖျက်ဝိဇ္ဇာတွေလို့ ခေါ်တယ်၊ ရှေးစောက နတ်မိန်းမ(၅)ပါးကတော့ သူတို့ရဲ့ အစေအပါးတွေ ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ငါတို့ကို အကူအညီပေးနေတဲ့ မြွေလေးနွယ်ဆိုတဲ့ အမျိုး သမီးလေးဟာ အဲဒီအမျိုးအနွယ်(၅)ပါးထဲက တစ်ခုခု ဖြစ်ပါလိမ့် မယ်"

"ဒါဖြင့် သူက ဘယ်သူကို ဖျက်ဖို့ တာဝန်ယူထားရတာ လဲ"

"ဒါကတော့ သူမှပဲ သိတော့မှာပဲ၊ သူနဲ့နီးတာတော့ ဆေးဝိဇ္ဇာအဆင့်ကို ရောက်တော့မယ့် ဦးသူတော်တစ်ယောက် တော့ ရှိတာပဲ"

"ဦးသူတော်ကိုတော့ ဖျက်မယ်မထင်ဘူး၊ သူကတော လိုအပ်တာတွေ အကူအညီပေးနေတာပဲ"

"ဒါက ပေါက်မြောက်မယ့်အဆင့် မရောက်သေးလို့ အ ကူအညီ ပေးနေတာဖြစ်မယ်၊ ပေါက်မြောက်ကာနီးတော့လည်း တစ်မျိုးပြောင်းချင် ပြောင်းသွားမှာပေါ့"

အချို့သော အဖျက်ဝိဇ္ဇာတို့သည် မိမိတို့ထက် သိဒ္ဓိတ ခိုး၊ မဟိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ သာလွန်မည့် ပုဂ္ဂိုလ်တို့အား ကိုယ်တိုင် လာမဖျက်သော်လည်း နတ်မိန်းမ ငါးပါးကို အသုံး စေခိုင်းကာ မပျက်ပျက်အောင် ဖျက်ဆီးစေသည်။

ရွှေ၊ ငွေ၊ မိစ္ဆာ၊ ပြိတ္တာ၊ မိန်းမ၊ ဝိဇ္ဇာ စသောအဖျ များနှင့် ဖျက်ဆီးကြသည်။

လောကီဝိဇ္ဇာဘက်ရော၊ လောကုတ္တရာဝိဇ္ဇာလမ်း ဘ ပါ တက်လှမ်းနေကြသူတို့မှာ အတော်အဆင့် ခရီးပေါက်ပြီ ပါက စည်းအတန်တန်တို့ကို ကျော်ဖြတ်ကြရလေသည်။





ထိုစည်းတို့မှာ. . .

ရွှေစည်း၊ ငွေစည်း၊ မိစ္ဆာစည်း၊ ပြိတ္တာစည်း၊ ဝိဇ္ဇာစည်း၊ ကုတ္ထိယစည်း စသည်တို့ပင် ဖြစ်ကြလေသည်။

ရွှေငွေရတနာတို့ဖြင့် ဖြားယောင်း သွေးဆောင်သည်။

လောဘရှိလျှင် ထိုအဆင့်မှာပင် ပျက်သည်။

ကြောက်တတ်လျှင် မိစ္ဆာများ၊ ပြိတ္တာများဖြင့် ခြောက် လှန့်ကြသည်။ ထိုအဆင့်မှာပင် အဓိဋ္ဌာန်ပျက်ပြီး ပြေးရသူများ သည်။

ဝိဇ္ဇာစည်းကတော့ ဝိဇ္ဇာမဖြစ်သေးခင်မှာ ဖြစ်ပြီဟု ပြော ာ မှုပွဲရောက်အောင် ဖြားယောင်းပြောဆိုသောနည်း ဖြစ်သ င့် တကယ်ထင်မှတ်ကာ သေကြေပျက်စီးကြသူများ ရှိသည်။

နောက်ဆုံး ကုတ္ထိယစည်းကတော့ ကျော်ဖြတ်ရန် အ တ်ခဲဆုံး ဖြစ်လေသည်။

နတ်မိန်းမတို့သည် ချောမောလှပစွာ ဖန်ဆင်းလျက် ည်းအမျိုးမျိုးဖြင့် ဖျက်ဆီးနိုင်ကြသည်။

လူမိန်းမ အဖျက်အဆီးက မျက်စိမြင်သဖြင့် ရှောင်မည် ိုက ရှောင်နိုင်သော်လည်း နတ်မိန်းမတို့၏ အဖျက်အဆီးက တော့ သာမန်ဉာဏ် တစ်ထွာတစ်မိုက်ဖြင့် မသိနိုင်သောကြောင့် တ်စီးရတာများသည်။

ဆရာတော်ကြီးတစ်ပါး၏ မှတ်တမ်းတွင်. . . ထိုစည်း င် လူ (၁၀၀)တွင် (၂၀)မျှသာ ကျော်နိုင်ပြီး (၈၀)မျှ ပျက်စီးရ သည်ဟု ရေးသားဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ပြောလို့သာ သိရတယ်၊ မြလေးနွယ်ကတော့ ဦးသူတော်ကို ဒီလိုလုပ်မယ်လို့ မထင်ဘူး"

"အဖျက်ဆိုတာ တစ္ဆေသရဲလို အဖျက်မျိုးက မမြင်ချင်ရင် မျက်စိမှိတ်ထားလို့ ရတယ်၊ ဣတ္ထိယတွေရဲ့ မာယာကွန်ယက်ကတော့ သိနိုင်မြင်နိုင်တာတွေ ရှိသလို မသိနိုင် မမြင်နိုင်တာတွေလည်း အများကြီး ရှိတယ်၊ အဲဒီလိုပဲ ဘယ်လိုမှ ရှောင်လို့တိမ်းလို့ မရတာတွေလည်း အများကြီးရှိတယ်"

"မှန်ပါတယ် အဘ"

"ဒီတော့ ငါတို့ရဲ့ မိတ်ဆွေကြီး ဦးသူတော်တစ်ယောက် ဒီစည်းအမျိုးမျိုးတွေကို လွတ်အောင်ရှောင်နိုင်ပြီး သူရည်မှန်းထားတဲ့အတိုင်း၊ ဆေးဝိဇ္ဇာဓိုရ်ဘဝ ချောချောမောမော ရောက်သွားပါစေလို့ပဲ ဆုတောင်းပေးကြတာပေါ့ကွာ"

ဟု ပြောလိုက်လေသည်။

နီမောင်တို့ သုံးယောက်မှာလည်း လူငယ်လူရွယ်များ ဖြစ်ကြသဖြင့် ထိုအကြောင်းများကို ဘာမှလည်းမသိ၊ ဘာမှလည်း နားမလည်ကြသောကြောင့် ဦးဗန်ကောင်းပြောသလို စိတ်ထဲမှ ဆုတောင်းပေးရုံမှတစ်ပါး အခြားမရှိတော့ပါချေ။



# အခန်း(၁၄)

## ဣတ္ထိယစည်း

ကျောက်လက်ဝါး လိုဏ်ဂူအတွင်း၌ ဖြစ်သည်။

ထိုဂူထဲမှာတော့ ဦးသူတော်တစ်ယောက် ရက်ရှည် အဓိဋ္ဌာန်ဝင်ရန် ပြင်နေလေသည်။

သူသည် ဆေးဘုရင်ပင်နှင့် ဆေးမိဖုရားပင်ကို ရခဲ့ပြီးဖြစ်သောကြောင့် ယခုအခါ ဆေးကြိတ်ပြီးနောက် ဆေးလုံး ၄၉ လုံးပြုလုပ်ထားပေပြီ။

ထိုဆေးလုံးများကို ၄၉ ရက် အဓိဋ္ဌာန်ဝင်ပြီးနောက် အားလုံးသောက်ပြီးပါက ဆေးဝိဇ္ဇာဓိုရ် အဖြစ်သို့ ရောက်တော့မည်ဖြစ်သည်။

သူ့အနေဖြင့် ထိုအခြေအနေသို့ ရောက်စေရန် နှစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာ ကြိုးစားလာခဲ့ရပေရာ ယခုတော့ အောင်မြင်ဖို့ လက်တစ်ကမ်းအလိုသို့ ရောက်နေပေတော့သည်။

ထို့ကြောင့် စိတ်အားထက်သန်စွာဖြင့် ကြိုးစားဆောင်ရွက်နေခြင်း ဖြစ်သည်။

သူသည် ဆေးလုံးများကို ကိုယ်နှင့်မကွာထားပြီး အဓိဋ္ဌာန် စဝင်နေလေပြီ။

မြလေးနွယ်ကတော့ ဂူထဲမှာပင်နေပြီး လိုအပ်သောကိစ္စများရှိလျှင် လာရောက်လုပ်ကိုင်ပေးလေသည်။

"အဘ ခိုင်းစရာရှိရင် ကျွန်မကိုခေါ်လိုက်ပါ၊ ကျွန်မလာလုပ်ပေးပါမယ်"

ဟု မှာထားလေသည်။ ဦးသူတော်က နေ့အချိန်တွင် ဂူထဲမှာ အဓိဋ္ဌာန်ဝင်ပြီး ည အချိန်ရောက်သောအခါ ကျောက်လက်ဝါးကြီးပေါ်သို့ ထိုင်ကာ အဓိဋ္ဌာန်ဝင်လေသည်။

ကျောက်လက်ဝါးမှာ ကြီးလှသောကြောင့် လူတစ်ယောက်မဆိုထားနှင့် နှစ်ယောက်သုံးယောက် ဝင်ထိုင်လျှင်ပင် ချောင်ချောင်ချိချိ နေနိုင်သော အနေအထားမျိုးရှိသည်။

ဦးသူတော်အနေဖြင့် ညအချိန် ကျောက်လက်ဝါးကြီးပေါ်သို့ သွားရောက် အဓိဋ္ဌာန်ဝင်ခြင်းမှာ အကြောင်းရှိသည်။ ၎င်းအား အနှောက်အယှက်လာပေးပါက လွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြစ်သည်။

အဓိဋ္ဌာန်ဝင်နေစဉ် ရက်များမှာတော့ မြလေးနွယ်က အစားအသောက်များအပြင် လိုအပ်သောကိစ္စများရှိပါက လာ





ရောက်လုပ်ကိုင်ပေးသည်။

ယခင်ကလည်း ထိုကဲ့သို့ လုပ်ကိုင်ပေးနေကျဖြစ်သောကြောင့် မထူးဆန်းတော့ပေ။

ထိုကဲ့သို့ အဓိဋ္ဌာန်ဝင်ခဲ့ရာ ခုနစ်ရက်ပြည့်သောနေ့တွင် ဂူထဲသို့ လူတစ်ယောက် လာသည်။

နေ့လည်ဘက် အဓိဋ္ဌာန်ဝင်နေစဉ် ရောက်လာခြင်းဖြစ်သည်။ ဦးသူတော်က ကြည့်လိုက်တော့ တစ်ခါမျှ မမြင်ဖူးသောလူတစ်ယောက်ဖြစ်နေသည်။

၎င်းလက်ထဲမှာ ပိုးပဝါဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ် ပါလာသည်။

"ဘာကိစ္စလဲ"

"ကျုပ်က ငွေလမ်းက ဝိဇ္ဇာတစ်ယောက်ဖြစ်ပါတယ်၊ ခင်ဗျား ကျင့်ကြံအားထုတ်နေတဲ့အဆင့်က ဝိဇ္ဇာအဆင့်ကို ရောက်နေပါပြီ၊ ဒါကြောင့် ငွေနဲ့လာကန်တော့တာပါ။ တကယ်လို့ အခုလုပ်နေတဲ့လမ်းစဉ်ကို ဆက်မလုပ်ဘဲ ရပ်လိုက်မယ်ဆိုရင် ဒီငွေထုပ်ကိုလည်း ပေးပါ့မယ်၊ တစ်သက်လုံး စားမကုန်နိုင်တဲ့ ငွေလုပ်နည်း လမ်းစဉ်ကိုလည်း ပေးပါမယ်"

"ငွေမလိုချင်ဘူး၊ ငွေလိုချင်လို့ လုပ်နေတာ မဟုတ်ဘူး၊ ပြန်ပေတော့"

ဟု ပြောလိုက်ရာ ထိုလူက ငွေထုပ်ကို ပြန်ယူပြီးနောက် ထပြန်သွားလေသည်။

နောက်တစ်ပတ်ခန့် ကြာတော့ နောက်ထပ် အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရောက်လာပြန်သည်။

လက်ထဲ၌ ပိုးပဝါဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ပါလာလေသည်။

"ဘာကိစ္စ ရှိလို့ပါလဲ"

"ကျုပ်က ရွှေလမ်းပေါက်နေတဲ့ ဝိဇ္ဇာတစ်ယောက်ပါ။ ခင်ဗျား အားထုတ်နေတာ ဝိဇ္ဇာအဆင့် ပေါက်နေပါပြီ၊ ဒါကြောင့် ရွှေလက်ဆောင်လာပို့ပေးတာပါ။ တကယ်လို့ ခင်ဗျား အခုလုပ်နေတဲ့ လုပ်ရပ်တွေကို ရပ်လိုက်မယ်ဆိုရင် ဒီရွှေထုပ်ကိုလည်းထားခဲ့ပါမယ်၊ တစ်သက်လုံး စားမကုန်နိုင်လောက်တဲ့ ရွှေလုပ်နည်း လမ်းစဉ်ကိုလည်း ပေးပါမယ်"

ဟု ပြောလေသည်။

"ရွှေမလိုချင်ဘူး၊ ငွေမလိုချင်ဘူး၊ ကျုပ်ကို မနှောက်ယှက်ပါနဲ့ ပြန်ပေတော့"

ဟု ပြောလိုက်ရာ အဘိုးကြီးမျက်နှာမှာ စောစောကကဲ့သို့ ပျော့ပျော့ပြောင်းပြောင်း မရှိတော့ဘဲ တင်းမာခက်ထန်သော မျက်နှာဖြင့် မျက်ထောက်နီကြီးဖြင့် စိုက်ကြည့်ကာ မကျေမနပ်ဖြင့် ပြန်သွားလေသည်။

နောက်ပိုင်းရက်များမှာတော့ နေ့ဘက်ရော ညဘက်မှာပါ အဖျက်ဝိဇ္ဇာများ ရောက်လာကာ လာရောက်နှောက်ယှက်ကြလေသည်။

ဘီလူးများ၊ သရဲသဘက်များ၊ နာနာဘာဝများက အနီးသို့ ရောက်လာပြီး လာရောက်ခြောက်လှန့်ကြသည်။





ညအချိန် ကျောက်လက်ဝါးပေါ်မှာ ထိုင်လျက် အဓိဋ္ဌာန်ဝင်နေစဉ် ကျောက်လက်ဝါးကြီး ကျိုးကျစေရန်အတွက် ကြီးမားလှသော ကိုယ်ခန္ဓာကြီးများဖြင့် အပေါ်မှခုန်ချခြင်း၊ ကြီးမားလှသည့် ကျောက်တုံးကြီးများ လှိမ့်ချ၊ တွန်းချခြင်းများ ပြုလုပ်ကြသည်။

ထိုကဲ့သို့ ပြုလုပ်သောအခါ ကျောက်တုံးကျောက်ခဲတို့မှာ သူ့ကိုယ်ပေါ်သို့ တည့်တည့်ကျလာသည်။

အချို့လည်း အနားရောက်မှ ပျောက်သွားသည်။

အချို့ကတော့ နံဘေးနားမှပွတ်ကာ ကျောက်လက်ဝါးပေါ်သို့ကျသည်။ ကျောက်လက်ဝါးကြီးပေါ်သို့ ကျောက်တုံးကြီးများကျသံမှာ ဆူညံနေတော့သည်။

ကျောက်လက်ဝါးကြီး တစ်ခုလုံးမှာလည်း သိမ့်သိမ့်တုန်နေတော့သည်။

တစ်ညမှာတော့ ကျောက်လက်ဝါးပေါ်၌ အဓိဋ္ဌာန်ဝင်နေစဉ် ကြီးမားသော မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် ကျောက်လက်ဝါးပေါ် ဆင်းလာပြီးနောက် တူကြီးတစ်လက်ဖြင့် ကျောက်လက်ဝါးကို ရိုက်ချိုးနေသည်။

တူထုသော တဒုန်းဒုန်းမြည်သံတို့မှာ နားမခံသာအောင်ရှိတော့သည်။

ၿင်း၏ထုရိုက်မှုကြောင့် ကျောက်လက်ဝါးရှိသော လက်တံကြီးမှာ တလှုပ်လှုပ် ဖြစ်နေပြီး ကျိုးကျတော့မလို ဖြစ်နေသည်။ ဦးသူတော်ကတော့ ကျိုးကျ၍သေလျှင်လည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



တော့ဟု စိတ်ဆုံးဖြတ်ကာ မျက်စိမှိတ်လျက် ပုတီးစိပ်မြဲ စိပ်နေသည်။

အတော်ကြာပြီး နားထဲမှာ အသံများပျောက်သွားတော့ မျက်စိပြန်ဖွင့်ကြည့်ရာ ဘာမှမတွေ့ရတော့ပေ။

ကျောက်လက်ဝါးကြီးမှာလည်း ခြေရာလက်ရာ မပျက် ရှိနေလေသည်။

နောက်တစ်ညမှာတော့ ကျောက်လက်ဝါးကြီးပေါ်မှာ အမိဋ္ဌာန်ဝင်နေစဉ် ချောက်ကမ်းပါးမှ မြွေများစွာတို့ ဆင်းလာကြကာ သူ့ရှိရာလာနေကြသည်။

အနားရောက်သောအခါ တစ်ကိုယ်လုံး ရစ်ပတ်ကြလေသည်။

တစ်ညလုံး ထိုသို့ရစ်ပတ်ထားပြီး မိုးလင်းကာနီးမှ ပျောက်သွားကြသည်။

နောက်ညများမှာလည်း ကင်းမျှား၊ ကင်းမြီးကောက်စသော အဆိပ်ပြင်းသော သတ္တဝါများ ရောက်လာကြကာ တစ်ကိုယ်လုံး ဝိုင်းအုံထားကြပြန်သည်။

အာရုဏ်တက်ချိန် ရောက်တော့မှ ပျောက်သွားကြလေတော့သည်။

ဤသို့ဖြင့် ဇွဲကောင်းကောင်းဖြင့် အမိဋ္ဌာန်ဆက်ဝင်ရာ ထက်ဝက်ခန့် ကျိုးလာခဲ့ချေပြီ။

ထိုအချိန်ထိတော့ သူ့ဘက်မှ အခြေအနေကောင်းနေလေသည်။ ဦးသူတော်အနေဖြင့် စိတ်ထဲမှလည်း အတော်ပင်





အားရှိကာ တစ်နေ့ကျလျှင် ဆေးဝိဇ္ဇာဓိုရ်ဘဝ ရောက်ရမည်ဟု ဆုံးဖြတ်ထားလေသည်။

သူ့အနေဖြင့် ထိုကဲ့သို့ အမိဋ္ဌာန်အောင်မြင်စေရန် အတွက် အထောက်အပံ့၊ အကူအညီပေးနေသူမှာ မြလေးနွယ်ပင် ဖြစ်ပေတော့သည်။

သူမက နောက်ဘက်မှ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးနေသဖြင့် ဖြောင့်စွာ အမိဋ္ဌာန်ဝင်နိုင်ခြင်းဖြစ်ကာ ထိုမျှ ခရီးပေါက်ခဲ့ခြင်း ဖြစ်ပေသည်။

တစ်နေ့ကျပါက ထိုကျေးဇူးကို ပြန်ဆပ်ရမည်ဟုလည်း ဆုံးဖြတ်ထားလေသည်။

ယခုအခါမှာတော့ ရွှေစည်း၊ ငွေစည်း၊ မိစ္ဆာစည်း၊ ပြိတ္တာ စည်းများကို ကျော်တန်သရွေ့ ကျော်နိုင်ခဲ့ပြီဖြစ်တော့သည်။

တစ်နေ့မှာတော့ ဝိဇ္ဇာတစ်ယောက် ရောက်လာပြီး လာပြောသည်။

"ဆရာကြီး . . ခင်ဗျားအနေနဲ့ ကျင့်ကြံအားထုတ်မှုတွေ ပြုတာ အတော်ခရီးပေါက်နေပါပြီ၊ နောက်ခုနစ်ရက် ပြည့်တဲ့နေ့ရောက်ရင် အာကာသသိဒ္ဓိပေါက်နိုင်ပါပြီ၊ ကျွန်ုပ်ပြောတာ မယုံကြည်ပါက လက်တွေ့စမ်းကြည့်နိုင်ပါတယ်"

"အာကာသ သိဒ္ဓိပဲဖြစ်ဖြစ်၊ ပထဝီ သိဒ္ဓိပဲဖြစ်ဖြစ် အလိုမရှိပါဘူး၊ ဘာကြောင့်လဲဆိုတော့ ငါ့ရဲ့ရည်မှန်းချက် ပြည့်မြောက်ခဲ့ရင် သိဒ္ဓိဆယ်ပါးစလုံး အလိုလိုရပြီးသား ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သင့်အနေနဲ့ ရည်မှန်းချက်ပြည့်မြောက်ဖို့ ရက်အတော်လိုပါသေးတယ်၊ ဒီအတောအတွင်းမှ ရသင့်တဲ့ သိဒ္ဓိတစ်မျိုးမျိုးယူပြီးမှ ရှေ့ဆက်တာ မကောင်းပေဘူးလား၊ သင့်အနေနဲ့ အာကာသသိဒ္ဓိရလျှင် ဟိမဝန္တာတောင်ကို အလွယ်တကူ ရောက်သွားနိုင်ပြီး သင်အလိုရှိတဲ့ ဆေးပင်သိုးမျိုးကိုလည်း အလွယ်တကူ ရှာဖွေရရှိနိုင်ပါတယ်"

ဟု ဆွဲဆောင် ပြောဆိုလေသည်။

"ဘယ်လိုသိဒ္ဓိပဲရရ၊ ငါမလိုချင်တော့ဘူး၊ အဓိဋ္ဌာန်ပြုထားတဲ့အတိုင်း အဓိဋ္ဌာန်ပြည့်အောင်ပဲ ဆက်လုပ်ပါတော့မယ်"

ဟု ပြောတော့မှ ထိုဝိဇ္ဇာလည်း လက်လျှော့ပြီး ထပြန်သွားလေတော့သည်။

ဤသို့ဖြင့် ဖွဲကောင်းကောင်းဖြင့် အဓိဋ္ဌာန်ဆက်ဝင်ပြီး ဆေးလုံးများကို တစ်နေ့တစ်လုံး သောက်ရာ အနည်းငယ်သာ ကျန်တော့သည်။

ဆေးလုံး ၁၄ လုံးလောက်သာ ကျန်တော့သည်။

နှစ်ပတ်လောက် အဓိဋ္ဌာန်ဆက်ဝင်လျှင် ပြီးမြောက်ပေတော့မည်။

ထိုအခြေအနေရောက်တော့မှ အခက်အခဲတစ်ခု ပေါ်လာလေတော့သည်။ အခြားမဟုတ်ပေ။

သူ့ထံသို့ နေ့စဉ်ရောက်လာပြီး အစားအသောက်ပို့ပေးခြင်း ဝေယျာဝစ္စပြုလုပ်ပေးနေသော မြလေးနွယ်တစ်ယောက် ရောက်မလာတော့ခြင်း ဖြစ်သည်။





"ဒီမိန်းကလေး ခါတိုင်း မနက်လင်းတာနဲ့ ငါ့ဆီရောက်လာပါတယ်၊ အခု ပေါ်မလာပါလား၊ အပြင်သွားနေလို့လား ဒါမှမဟုတ် တစ်ခုခုများ ဖြစ်နေရော့သလား"

ဟု တွေးမိသည်။

ထိုနေ့ ဂူထဲမှာ တစ်နေ့လုံး အဓိဋ္ဌာန်ဝင်သော်လည်း စိတ်ထဲ၌ မတင်မကျ ဖြစ်နေလေသည်။

ညဦးပိုင်းအချိန် ရောက်သောအခါ ကျောက်လက်ဝါးကြီးပေါ်သို့ မသွားခင် မြလေးနွယ်နေရာဘက်သို့ မသိမသာဝင် ကြည့်လေသည်။

သူမက အတွင်းဘက် တစ်နေရာ၌နေသည်။

ထိုနေရာနှင့် မနီးမဝေးရောက်တော့ ငြီးငြူသံကြားရသည်။

"အဟင်း ဟင်း၊ အဟင်း ဟင်း"

"ဟင် မိန်းကလေး ဘာများဖြစ်နေလို့လဲ"

ဟု တွေးမိကာ မနီးမဝေးနေရာအထိ ရောက်အောင်ဝင်သွားလေသည်။

ဒါကပင် သူ့အနေဖြင့် စည်းတစ်ခု ကျော်လိုက်ခြင်းပင် ဖြစ်လေသည်။

တစ်နည်း ပြောရလျှင်တော့ ဣတ္ထိယစည်းအတွင်းသို့ ချဉ်းနင်းဝင်ရောက်သွားမိခြင်း ဖြစ်လေသည်။

ထိုအခြေအနေကို ဦးသူတော်အနေဖြင့်ပင် သတိ ထားလိုက်မိပေ။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း၊ အဟင်း ဟင်း"

ငြီးငြူသံက အတော်ပင် ကျယ်ကျယ်လောင်လောင် ကြားရသည်။

"မိန်းကလေးတော့ ဖျားနေပြီလား၊ ဒါမှမဟုတ် တစ်ခုခုဖြစ်နေတာလား၊ ဒုက္ခပါပဲ၊ ဂူထဲမှာလည်း ဘယ်သူမှမရှိဘူး။ ဒီအတိုင်းထားရင်တော့ ဒုက္ခတွေ့တော့မှာပဲ"

ဦးသူတော်မှာ မနီးမဝေးမှာရပ်ရင်း ချီတုံချတုံ ဖြစ်နေရှာသည်။

မြလေးနွယ်အနေဖြင့် သူ့အပေါ်၌ ကျေးဇူးအများကြီး ရှိခဲ့သည်။

သူမ ကူညီစောင့်ရှောက်ပေးနေမှုကြောင့် သူ့အနေဖြင့် အခြားကိစ္စများကို ဖြောင့်ဖြောင့်လုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခု သူမ ဒုက္ခရောက်နေသောအခါ ပစ်ပယ်ထား၍ မဖြစ်။

ဥပေက္ခာ ပြုထားလို့လည်း မဖြစ်တော့ပေ။ ထို့ကြောင့် အနားရောက်အောင်သွားပြီး အခြေအနေကြည့်သည်။

မြလေးနွယ်မှာ အိပ်ယာပေါ်၌ ပူလောင်သော ဝေဒနာကို ခံစားနေရဟန်ဖြင့် တဟင်းဟင်း ငြီးငြူလျက် လူးလှိမ့်နေရာ အဝတ်အစားများပင် ဖရိုဖရဲဖြစ်နေပေပြီ။ မှုံပျပျ အလင်းရောင်ဖြင့် လှပသော ကိုယ်ခန္ဓာ အစိပ်အပိုင်းတို့ကိုပင် မြင်တွေ့နေရသည်။

ဦးသူတော်က နဖူးကို စမ်းကြည့်ရာ ခြစ်ခြစ်တောက်





ပူလောင်နေသည်။

"ဟင် ကိုယ်တွေ အတော်ပူနေပါလား၊ ဘယ်လိုလုပ်ရပါ့မလဲ"

ထိုအခိုက်မှာပင် မြလေးနွယ် လက်တစ်ဖက်က သူ့လက်ကို ဆုပ်ကိုင်လိုက်သည်။

"ဆရာကြီးရယ် ကျွန်မကို ကယ်ပါဦး၊ ဆရာကြီးမကယ်ရင်တော့ ကျွန်မ သေရပါတော့မယ်"

ယခင်က 'အဘ' ဟု ခေါ်နေရာမှ ယခု ဆရာကြီးဟု ပြောင်းခေါ်လိုက်သဖြင့် နားထဲမှာ တစ်မျိုးတော့ဖြစ်သွားသည်။

သို့သော်လည်း ဒါကို သတိမမူမိတော့ပေ။

"မိန်းကလေး ဖျားနေပြီလား၊ ငါ ရေနွေးနဲ့ဆေး သွားယူလိုက်ဦးမယ်"

"ပူလွန်းလို့ သေရပါတော့မယ်၊ ကျွန်မကို နည်းနည်းလောက် ပွေ့ဖက်ထားပေးပါ ဆရာကြီးရယ်"

"ဒုက္ခပါပဲ"

ဦးသူတော်မှာ အယောင်ယောင် အမှားမှားဖြင့် မြလေးနွယ်ကိုယ်လေးကို ပွေ့ဖက်ထားမိလျက်သား ဖြစ်သွားတော့သည်။

ထိုအချိန်မှာပင် မြလေးနွယ်ကလည်း သူ့ကိုဖက်ထားရာ အရှိန်မထိန်းနိုင်တော့ဘဲ အပေါ်မှ လဲကျသွားလေတော့သည်။

ဦးသူတော်မှာ ဝိဇ္ဇာဘဝသို့ မရောက်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာဘဝ ရောက်ပြီးသူများပင် ကပ်မက်စိတ်ရှိကြသေးသဖြင့် ပျော်ပါးလိုစိတ်ရှိ ကြသေးသည်။

အချို့က သူယောင်တောထဲမှာ သူယောင်မယ်များဖြင့် ပျော်ပါးကြသည်။

အချို့သံဝိဇ္ဇာတို့က လူသေအလောင်း၊ ဒါမှမဟုတ် သေဆုံးပြီး၍ အရိုးဘဝရောက်နေသော မိန်းမပျိုအရိုးကို ရှာဖွေပြီး လူသားအသွင် ဖန်ဆင်းကာ ပျော်ပါးကြသည်။

အချို့ဝိဇ္ဇာတို့က ကြုတ်အတွင်းထည့်ထားသော မိန်းမကိုပင် တန်ခိုးသိဒ္ဓိဖြင့် ဝင်ရောက်ကာ ပေါင်းသင်းဆက်ဆံမှုပြုကြသည်။,

အချို့တန်ခိုးသိဒ္ဓိကြီးသော သံဝိဇ္ဇာတို့က လူသူမနီးသော တောအတွင်း၌ သေပြီးသော မိန်းမငယ်အလောင်း၊ ဒါမှမဟုတ် အရိုးစုတို့ကို အသက်သွင်း၍သော်လည်းကောင်း တစ်ဖက်လျှင် (၅၀၀၀)စီထားကာ ပျော်ပါးခံစားကြလေသည်။

တပသီဝိဇ္ဇာများက ကျောက်ရုပ်၊ ရွှံ့ရုပ်၊ သစ်သားရုပ်တို့ကို အလိုရှိရာ စိတ်တိုင်းကျပြုလုပ်၍ အသက်သွင်းကာ ပကတိလူအသွင်မျိုးဖြင့် ပျော်ပါးကြသည်။

သူယောင်သီးများဖြင့် ပျော်ပါးလိုသော ဝိဇ္ဇာများမှာ ချောမောလှပသော မိန်းမပျိုများနှင့် ပုံသဏ္ဌာန်တူသော သူယောင်သီးများကို လူအသွင် ဖန်ဆင်းကာ ပျော်ပါးကြသည်။

ဝိဇ္ဇာအဆင့် ပေါက်မြောက်ပြီးသူတို့ပင် ကာမဂုဏ်စိတ်ဖြင့် ပျော်မွေ့လိုခြင်းရှိပေရာ ဝိဇ္ဇာအဆင့်ပင် မရောက်သေးသော





ဦးသူတော်အတွက်ကတော့ ပြောဖွယ်ရာ မရှိပါတော့ချေ။

နောက်ဆုံးမှာတော့ ဦးသူတော်တစ်ယောက် အားလုံးကို မေ့လျော့ကာ ကာမဂုဏ်ကျော့ကွင်းသို့ သက်ဆင်းမိလျက်သားဖြစ်တော့သည်။

နောက်မှ သတိရပြီး အပြင်သို့ ချက်ချင်းပြန်ထွက်လာလေသည်။

ထိုအချိန်မှာတော့ မြလေးနွယ်ထံမှ ငြီးငြူသံ မကြားရတော့ပေ။

အပြင်ဘက်မှာတော့ အမှောင်ရိပ်များက ဖုံးလွှမ်းစ ပြုနေချေပြီ။

သူ့ရင်ထဲမှာတော့ အမှောင်ထုက ပိုများနေလေသည်။

ဦးသူတော် အပြင်ရောက်လာတော့ ပတ်ဝန်းကျင်တစ်ဝိုက်မှ ရယ်သံလိုလို၊ စကားပြောသံလိုလို အသံများ ကြားလာရသည်။

"ငါ မှားပြီ၊ မှားသွားပြီ၊ အခုမှတော့ ပြင်လို့မရနိုင်တော့ဘူး၊ ငါဘယ်လိုလုပ်မလဲ၊ အစိဋ္ဌာန်ပြည့်ဖို့ကလည်း ရက်နည်းနည်းပဲ လိုတော့တယ်"

ဦးသူတော်မှာ ဂူပေါက်ဝ၌ရပ်ကာ ချီတုံချတုံ ဖြစ်နေသည်။

သူ့အနေနှင့် ရွှေစည်း၊ ငွေစည်း၊ မိဿာစည်း၊ ပြိတ္တာစည်း၊ ဝိဇ္ဇာစည်းဆိုသော စည်းအတန်တန်တို့ကို ကျော်နိုင်ခဲ့သော်လည်း နောက်ဆုံးစည်းဖြစ်သော ကုတ္တိယစည်းကိုတော့

www.burmeseclassic.com



မကျော် ဖြတ်နိုင်ခဲ့ပါချေ။

ဆေးလုံးအချို့ကလည်း ကျန်နေသေးသည်။

ဒီအတိုင်းတော့ ရပ်နေ၍ မဖြစ်တော့ပေ။

ဖြစ်သမျှ အပြစ်ဒဏ်ကိုခံပြီး မိမိလုပ်စရာရှိသောအလုပ်ကိုတော့ ဆက်လုပ်ရပေမည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ကျောက်လက်မောင်းပေါ်မှ လျှောက်ကာ ကျောက်လက်ဝါးထဲ ရောက်တော့ အဓိဋ္ဌာန်ဝင်ရန် ထိုင်ချလိုက်သည်။

ထိုအခါ ချောက်ကမ်းပါးထိပ်၌ရပ်ကာ ဂူရှိရာသို့ လှမ်းကြည့်နေသော မြွေလေးနွယ်ကို ဝိုးတဝါး လှမ်းမြင်ရလေသည်။

"မင်းရှိတဲ့ဂူထဲတော့ ဘယ်တော့မှ ပြန်မသွားတော့ဘူး၊ သေချင်လည်း ငါထိုက်နဲ့ငါ့ကံ သေပေတော့၊ ဒီကျောက်လက်ဝါးပေါ်မှာပဲ အဓိဋ္ဌာန်ပြီးတဲ့အထိ နေတော့မယ်"

ဟု ဆုံးဖြတ်ကာ ပုတီးစိပ်ရန် ပြင်လိုက်သည်။

ထိုအခိုက်မှာပင် သူထိုင်နေသော ကျောက်လက်ဝါးကြီးမှာ တဖြည်းဖြည်းနှင့် လှုပ်လာလေသည်။

နားထဲမှာ အသံအချို့လည်း ကြားလာရသည်။

တဖျစ်ဖျစ်နှင့် ကြားနေရသော အသံများမှာ ကျောက်လက်ဝါးကြီးကွဲအက်လာသော အသံမျိုးဖြစ်သည်။

သို့တိုင်အောင် ဦးသူတော်ကတော့ ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ မျက်စိမဖွင့်တော့ပေ။

"ဖျစ်. . ဖျစ်. . ဖျစ်"





ထိုအသံက ပိုကျယ်လာသည်။

အခြားတော့ မဟုတ်ပေ။

လူတစ်ယောက်၏ လက်ချောင်းများနှင့် ပုံပန်းသဏ္ဌာန်တူသော ကျောက်လက်ချောင်းကြီးများမှ တဖြည်းဖြည်း လှုပ်ရှားလာရာ တဖျစ်ဖျစ်နှင့် မြည်နေသောအသံမှာ ထိုနေရာမှ ပေါ်ထွက်နေခြင်း ဖြစ်၏။

ဦးသူတော်က သူ့အတွက် ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားကာ မျက်စိမဖွင့်ဘဲ ပုတီးစိပ်မြဲ ဆက်စိပ်နေလေသည်။

ထိုအချိန်မှာ ကျောက်လက်ချောင်းကြီးများက ပိုမို လှုပ်ရှားလာပြီး လက်ဝါးပေါ်မှာထိုင်နေသော ဦးသူတော်အား ဆုပ်ကိုင်လိုက်လေတော့သည်။

ဦးသူတော်မှာ ကျောက်မောင်းကြီးများဖြင့် ဖိချလိုက်ရာ ဦးသူတော်မှာ လက်ဝါးထဲမှာရှိသော နှံကောင်တစ်ကောင်အား ပွတ်ချေလိုက်သကဲ့သို့ စေ့စေ့ညက်ညက် ကြေသွားလေတော့သည်။

ထိုအခါ ချောက်ကမ်းပါးထိပ်မှာ ရပ်နေသော မြွေလေးနွယ်က လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။

"အဘအတွက် စိတ်မကောင်းပါဘူး၊ ကျွန်မတာဝန်က အဘရဲ့ဝိဇ္ဇာမိုရ်လမ်းစဉ်ကို မပျက်ပျက်အောင် ဖျက်ရမယ့် တာဝန်မို့ပါရှင်၊ အခုတော့ အောင်မြင်သွားခဲ့ပါပြီ"

ဟု ပြောဆို ရေရွတ်ကာ ဂူအတွင်းသို့ ပြန်လည်ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

အခြားစည်းအတန်တန်ကို ကျော်နိုင်ခဲ့သော်လည်း ကြတ္ထိယစည်းကို မကျော်နိုင်ရှာသော ဦးသူတော်ခမျာမှာတော့ ကျောက်လက်ဝါးကြီးအတွင်းမှာ စေ့စေ့ညက်ညက်ဖြစ်ကာ သေဆုံးသွားခဲ့ရပေပြီတည်း။



## အခန်း(၁၅)

## ချစ်သူတို့အတွက် အချစ်စည်း

နောက်တစ်ရက်၊ နှစ်ရက်ကြာသောအခါ နီမောင်တို့ လေးယောက်မှာ ကျောက်လက်ဝါးကြီးရှိသော ကမ်းပါးစွန်းသို့ ရောက်လာကြလေသည်။

သူတို့သည် ဦးသူတော်လည်းမတွေ့၊ မြလေးနွယ်လည်း တစ်ခေါက်မှ ရောက်မလာသဖြင့် တစ်ခုခုဖြစ်နေပြီအထင် နှင့် လိုက်လာကြခြင်းဖြစ်သည်။

ထိုနေရာရောက်ပြီး အခြေအနေ ကြည့်ကြသောအခါ ခါတိုင်း ကျောက်နံရံမှ အပြင်သို့ထိုးထွက်နေသော ကျောက်လက်ဝါးကြီးကို မတွေ့ရတော့ပေ။

"ကျောက်လက်ဝါးကြီး မရှိတော့ဘူး အဘ"

www.burmeseclassic.com



ထိုအခါ ဦးဗန်ကောင်းကပါ ငုံ့ကြည့်ရင်း ပြောသည်။

"ဦးသူတော်က ကျောက်လက်ဝါးဂူထဲမှာ အမိဋ္ဌာန်ဝင်နေတာမဟုတ်လား၊ ကျောက်လက်ဝါးကြီး ပျောက်သွားပုံထောက်တော့ သူတစ်ခုခု ဖြစ်သွားပြီ ထင်တယ်"

"ကျွန်တော်တို့ နွယ်ကြိုးနဲ့ ဆင်းကြည့်ရရင် မကောင်းဘူးလား"

"ငါ့အထင်ပြောရရင်တော့ ကျောက်လက်ဝါးကြီးပျောက်သွားပြီဆိုတော့ ဂူပေါက်လည်း ရှိတော့မယ် မထင်ဘူး"

ဟု ပြောသည်ကို မယုံကြသဖြင့် ဂုံညင်းနွယ်ကြိုးများကို ဆက်ပြီး ချောက်ထဲဆင်းကြည့်ကြသေးသည်။

ဦးဗန်ကောင်း ပြောသလိုပင်. . . ကျောက်လက်ဝါးကြီးမရှိတော့သလို ကျောက်ဂူပေါက်ဝပါ ပျောက်သွားပြီး ပကတိကျောက်သားနံရံကြီးသာ တွေ့ခဲ့ကြရသည်။ ထိုအခါမှ တအံ့တသြဖြင့် အပေါ်သို့ ပြန်တက်လာကြသည်။

"ဂူပေါက်ပါ ပျောက်သွားပြီဆိုတော့ ဦးသူတော်ပါ ပျောက်သွားပြီပေါ့၊ သူ အမိဋ္ဌာန်အောင်မြင်လို့ ဝိဇ္ဇာမိုရ်ဘဝရောက်သွားပြီလား ဟင်"

"သူအမိဋ္ဌာန်ပြည့်ဖို့ ရက်လိုသေးတယ်၊ သူအမိဋ္ဌာန် မဝင်ခင်က ငါ့ဆီလာပြီး ပြောသွားတယ်၊ သူအမိဋ္ဌာန်အောင်လို့ ဝိဇ္ဇာမိုရ်ဘဝရောက်ရင် ငါ့ကိုလာပြောမယ်လို့ ပြောသွားတယ်၊ အခု သူ ရောက်မလာပုံထောက်တော့ တစ်ခုခုဖြစ်သွားပြီ ထင်တယ်ကွာ"





ဦးဗန်ကောင်းမှာ အတော်ကလေး စိတ်မကောင်းဖြစ်နေဟန် ရှိလေသည်။

"ဒီအဆင့်ရောက်မှ ဘယ်လိုများ ဖြစ်သွားရတာလည်း မသိပါဘူး၊ စိတ်မကောင်းစရာ ကောင်းလိုက်တာဗျာ"

"ဒီလိုပေါ့ကွာ၊ လောကမှာ ဖြစ်တာနဲ့ပျက်တာက အမြဲဒွန်တွဲနေတော့ ဖြစ်အောင်ကြိုးစားနေတဲ့သူတွေ ရှိသမျှ အနားမှာ ပျက်အောင်ဖျက်ရမယ့် အဖျက်အဆီးတွေကလည်း အဆင်သင့်ရှိနေကြတာပေါ့၊ မြတ်စွာဘုရားတောင် နောက်ဆုံးဘဝအထိ အဖျက်အဆီးတွေကို ဖယ်ရှားခဲ့ပြီး နိဗ္ဗာန်စံဝင်တာ၊ ပုထုဇဉ်သားတွေကတော့ ဘာမှခိုင်မြဲမှု မရှိနိုင်ပါဘူးကွာ"

"သူတို့မရှိတော့ဘူးဆိုတော့ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"မင်းတို့ကတော့ ရွာကိုပြန်ဆင်းနှင့်ကြပါ၊ ငါကတော့ ဆရာတော်ကြီးထားခဲ့တဲ့ လုံသုံးလုံးကို ဆက်ပြီး ရှာဖွေလိုက်ဦးမယ်"

"ဒီလိုဆိုရင်လည်း ပြန်ပါ့မယ်၊ ဒါပေမယ့် ဒီတစ်ညတော့ တောင်ပေါ်မှာ သန့်ရှင်းရေးလုပ်ပေးခဲ့ဦးမယ်၊ မနက်စောစောမှပဲ ပြန်ဆင်းပါတော့မယ်"

ဟု ပြောဆိုကာ လေးယောက်သား တောင်ထိပ်သို့ ပြန်တက်ခဲ့ကြလေသည်။

တောင်ထိပ်ပေါ်ရှိ ကျောင်းရှိရာ ပြန်ရောက်သောအခါ နိုမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်က ကျောင်းပေါ်

www.burmeseclassic.com



မှာရော ကျောင်းအောက်မှာပါ သန့်ရှင်းရေး ပြုလုပ်ကြသည်။

ကျောင်းပေါ်ရှိ ဘုရားခန်းရောက်သောအခါ မြလေး နှယ် လဲထားခဲ့သော သစ်ခွပန်းခိုင်တို့ကို လန်းဆန်းစွာ မြင်တွေ့ ရပေရာ နီမောင်မှာ သူမကို သတိရပြီး စိတ်မကောင်းဖြစ်ရ ပေသည်။

"ကျွန်မက ဒီတောင်မှာ တာဝန်တစ်ခုနဲ့လာနေတာပါ ဒါပေမယ့် ကျွန်မ ဘယ်လိုတာဝန်မျိုးနဲ့ နေရတယ်ဆိုတာတော့ ပြောပြခွင့်မရှိပါဘူး"

သူမ ပြောခဲ့သော စကားသံများကို ပြန်လည်ကြား ယောင်မိရင်း ယခုအခါမှာတော့ သူမဆောင်ရွက်နေရသော တာ ဝန်တို့ကို သဘောပေါက်လာသကဲ့သို့ ရှိလာချေပြီ။

ညဦးပိုင်း အချိန်ရောက်တော့ ဦးဗန်ကောင်းက ပြော သည်။

"ငါတို့ ကျောက်လုံးတော်ကြီး ရှိတဲ့နေရာကို သွားကြရ မယ်၊ အဲဒီနေရာမှာ ဆရာတော်ကြီး ထားခဲ့တဲ့ သိဒ္ဓိပေါက်လုံး သုံးလုံးကို ဒီည တွေ့ရနိုင်တယ်"

ပြောသဖြင့် လေးယောက်သား ကျောက်လုံးတော်ကြီး ရှိရာသို့ တောင်ကြောလမ်းအတိုင်း ဆင်းခဲ့ကြသည်။

ကျောက်လုံးတော်ကြီးရှိသော နေရာသို့ ရောက်သော အခါ မှောင်စပျိုးနေချေပြီ။

သို့သော်လည်း နတ်တော်လဆန်းစ လရောင်ကရှိနေ သဖြင့် အတန်အသင့် အလင်းရောင်ရနေသည်။ ကျောက်လုံး





တော်ကြီး စေတီတော်ပေါ်သို့ လရောင်က ဖြာကျနေလေသည်။

ထိုနေရာ ရောက်တော့ ဦးဗန်ကောင်းက ပုတီးစိပ်နေ ပြီး နီမောင်တို့သုံးယောက်က မနီးမဝေးမှာ ထိုင်နေကြသည်။

၎င်းတို့ကတော့ ဆရာတော်ကြီး ထားခဲ့သော လုံးသုံးလုံး ကို တွေ့မြင်လိုသဖြင့် စောင့်နေကြခြင်း ဖြစ်၏။

ညဦးပိုင်း အချိန်ရောက်သောအခါ ကျောက်လုံးတော် ကြီး နောက်ဘက်မှ ဝတ်ဖြူစင်ကြယ်ဝတ်ကာ တောင်ဝှေးတစ် ချောင်း ကိုင်ထားသော ပုဂ္ဂိုလ်တစ်ဦး ထွက်လာသဖြင့် ဦးဗန် ကောင်းက ပုတီးစိပ်နေခြင်းမှ ရပ်လိုက်သည်။

ထိုပုဂ္ဂိုလ်က ကျောက်လုံးတော်ကြီး နံဘေး၌ မှောင်ရိပ် ကျနေသော နေရာတွင် ရပ်နေသောကြောင့် မည်သူမည်ဝါ ဖြစ် မှန်း သဲကွဲစွာ မမြင်ကြရပေ။

ဦးဗန်ကောင်းက လှမ်းမေးလိုက်သည်။

"ဦးသူတော် မှတ်တယ်"

"မှန်ပါတယ်"

"ဘယ်လိုဘာဝ ရောက်နေတာလဲ"

"ကုတ္တိယစည်းကို မကျော်နိုင်ခဲ့လို့ အဓိဋ္ဌာန်ပျက်ပြီး သေ ခဲ့ရတယ်၊ အခု ကျောက်လုံးတော်ကြီးကို စောင့်ရှောက်ပေးနေရ တယ်"

"ဒီစကားကြားရတာ စိတ်မကောင်းပါဘူး၊ ခင်ဗျားက ဒီနေရာမှာ စောင့်ရှောက်ပေးနေရတယ်ဆိုတော့ ဒီနေရာမှာ ဆ ရာတော်ကြီးထားခဲ့တဲ့ လုံးသုံးလုံး ရှိတယ်ဆိုတာ အမှန်ပဲလား"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်"

"ကျုပ်ယူလိုပါတယ်၊ ယူခွင့်ရနိုင်ပါသလား"

"ခင်ဗျားအနေနဲ့ ဆရာတော်ကြီးရဲ့ လုံတွေကို အလိုရှိတယ်ဆိုရင် ဒါထက်ပိုပြီး ကျင့်ကြံအားထုတ်မှု ပြုရပါဦးမယ်။ အချိန်ဒွာန်ပြည့် စုံတဲ့ တစ်နေ့မှာတော့ ထိုက်တန်ရင် ရပါလိမ့်မယ်။ အခုတော့ ယူလို့မရနိုင်သေးပါဘူး"

"သဘောပေါက်ပါပြီ၊ ကျုပ်ဆက်ပြီး ကြိုးစားပါ့မယ်၊ ဒါပေမယ့် မြင်ခွင့်ရရင်တော့ မြင်ချင်ပါတယ်"

"ဒီလိုဆိုရင် ကျောက်လုံးတော်ကြီးနံရံကိုသာ ကြည့်ပါတော့"

ဟု ပြောပြီး လက်ညှိုးထိုးပြရာ ထိုနေရာမှ အလင်းရောင်များ ဖြာထွက်လာလေသည်။ ကြည့်နေရင်းမှာပင် ဝင်းလက်တောက်ပသော အရာဝတ္ထုတစ်ခု အပြင်ဘက်သို့ ပျံ့ဝဲထွက်လာကာ လေထဲမှာ ရပ်တံ့နေလေသည်။

"ဒါက အာယုသိဒ္ဓိကို ရစေနိုင်တဲ့ ရွှေပြာလုံ ဖြစ်ပါတယ်"

ဦးသူတော် ရပ်နေသည့် နေရာမှ အသံ ကြားရသည်။

ခဏကြာတော့ ထိုအရာဝတ္ထုက ဖျပ်ကနဲ ပျောက်သွားလေသည်။ ခဏကြာတော့ ကျောက်လုံးတော်ကြီး အတွင်းမှ နောက်ထပ် အရာဝတ္ထုတစ်မျိုး ထွက်လာသည်။

ပထမ ထွက်လာသော ရွှေပြာလုံမှ ရွှေရောင်များ တောက်ပနေသလို ယခု ထွက်လာသော အရာဝတ္ထုမှာ တောက်ပလှသော ပြာလဲ့လဲ့ အရောင်တို့က ဖြာထွက်နေသည်။





"ဒါက ဝိဇ္ဇာခိုရ်အဖြစ်ကို ရောက်စေနိုင်တဲ့ သံပြာလုံ ဖြစ်ပါတယ်"

သံပြာလုံမှာလည်း ခဏသောက်သာ မြင်တွေ့လိုက်ရပြီး ပြန်ပျောက်သွားပြန်သည်။

နောက်ဆုံးထွက်လာသော လုံကတော့ ပြဒါးပြာလုံ ဖြစ်သည်။ ပြဒါးပြာကတော့ သိဒ္ဓိအမျိုးမျိုးကို ပြီးမြောက်စေနိုင်သော သိဒ္ဓိတန်ခိုးရှိပေသည်။

ထို့နောက် ကျောက်လုံးတော်ကြီး အတွင်းမှ ထွက်လာသော လုံသုံးလုံးစလုံး ပျောက်သွားပြီးနောက် ဦးသူတော် တဖြစ်လဲ ကျောက်လုံးတော်ကြီးနှင့် လုံသုံးလုံးကို စောင့်ရှောက်ပေးနေရသော ပုဂ္ဂိုလ်ကြီးကိုပါ မတွေ့ရတော့ပေ။

ပတ်ဝန်းကျင်တစ် ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ နီမောင်တို့ လေးယောက်လည်း ကျောက်လုံးတော်ကြီး ရှိသောနေရာ၌ တစ်ညလုံးနေခဲ့ကြပြီး နောက်တစ်နေ့ နံနက်စောစောမှ တောင်ခြေသို့ ပြန်ဆင်းကြလေသည်။

ဦးဗန်ကောင်းလည်း လုံသုံးလုံးနှင့် ပတ်သက်ပြီး လောလောဆယ် မျှော်လင့်၍ မရသေးမှန်း သဘောပေါက်သွားသဖြင့် နီမောင်တို့နှင့် တစ်ပါတည်း ပြန်လိုက်လာလေသည်။

သူတို့ အတော်ဝေးဝေးရောက်မှ အမောဖြေရင်းနောက်သို့ ပြန်ကြည့်လိုက်ရာ ရသေ့ခိုတောင်စွန်းတစ်နေရာမှ ရပ်ပြီး နှုတ်ဆက်နေသော ဦးသူတော်နှင့် မြလေးနွယ်တို့ ပုံရိပ်ကြောန်တို့ကို ဝိုးတဝါး လှမ်းမြင်ကြရသည်။

www.burmeseclassic.com



ဘဝဆက်တိုင်း ထိုကဲ့သို့သော ဘဝမျိုးမှ ကင်းလွတ်ကြပါစေဟု ဆုတောင်းပေးကြရုံမှတစ်ပါး အခြားမတတ်နိုင်တော့ပါချေ။ အခြေအနေများ အေးချမ်းသွားပြီ ဖြစ်သောကြောင့် နောက်ထပ် လအနည်းငယ် ကြာသောအခါ မဟာမြိုင်ရွာ၌ မင်္ဂလာပွဲတစ်ခု ကျင်းပကြလေသည်။

သတို့သားက နီမောင်ဖြစ်ပြီး သတို့သမီးကတော့ စောမာလာဆိုသော မိန်းကလေး ဖြစ်ပေသည်။ မင်္ဂလာပွဲပြီးတော့ ဦးမွန်ထော်က သူပိုင်သော ခြံတစ်ခြံအား လုပ်ကိုင်စားသောက်ရန် လက်ဖွဲ့ပေးသဖြင့် များစွာ အ ဆင်ပြေသွားကြလေသည်။

မင်္ဂလာဆောင်ပြီးတော့မှ စောမာလာက ပြောသည်။

"ဟိုရက်တွေက နင် တောင်ပေါ်မှာ အမျိုးသမီးတစ်ယောက်နဲ့ တွေ့နေတယ်ဆိုလို့ စိတ်ပူရသေးတယ်၊ အခုမှပဲ စိတ်ချလက်ချ ဖြစ်သွားရတော့တယ်၊ အဲဒီအမျိုးသမီးကရော ဘယ်ရောက်သွားပြီလဲ"

"သူ့နေရာသူ ပြန်သွားပါပြီ၊ စိတ်မပူပါနဲ့တော့၊ ငါတနင့်ကို တကယ်ချစ်လို့ ယူထားပြီးမှပဲ တခြားသူကို စိတ်မဝင်စားတော့ပါဘူး"

"တကယ် ပြောတာလား"

စောမာလာက ပြုံးစစဖြင့် မေးသည်။

"တကယ် ပြောတာပေါ့"

"ငါ့ကိုရော တကယ်ချစ်ရဲ့လား"

"ချစ်တာပေါ့ . . နင်ကရော"





"ချစ်တာပေါ့ . . ငါချစ်နေတာ နင်မသိဘူးလား"

"ရိပ်မိသလိုလိုတော့ ရှိပါတယ်၊ အခုလို ပြောပြမှပဲ သေသေချာချာ သိရတော့တယ်"

ထိုသို့ပြောပြီး စောမာလာကိုယ်လေးကို ထွေးဖက်ထားလိုက်လေသည်။

ယခုတော့ သူတို့နှစ်ယောက်အတွက် ပူပန်သောကများ မရှိကြတော့ဘဲ အေးချမ်းသာယာသော ဘဝခရီးလမ်းကို ဖြတ်သန်းကြရတော့မည် ဖြစ်ပေသည်။

သူတို့အတွက်ကတော့ အချစ်ဖြင့်ပြီးသည့် အချစ်စည်းကို ကျော်နိုင်ခဲ့ကြပြီဖြစ်သောကြောင့် အရာအားလုံး ပြည့်စုံသွားကြပြီ ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးထားသော (ကုက္ကိုယစည်း) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကပွတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

BURMESE CLASSIC .com

အနီယာဟောတု သုခိအတ္တာနံပရိဟရန္တု။

ကြာသစ်

စာပြီးချိန်......(၂၀၁၃) ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်၊ တနင်္လာနေ့၊ ည (၉) နာရီ။



www.burmeseclassic.com